www.dhammaransi.com

အရှင်ကဝိန္ဒ ၏

# ပုပ္ပါးတောင်တော်သမိုင်း



• ၃၇
၀

ဓမ္မဒါန

www.dhammaransi.com

၂၄၂၂၅

အရှင်ကဝိန္ဒ

၏

# ပုပ္ပါးတောင်တော်သမိုင်း

www.dhammaransi.com

စာမူခွင့်ပြုချက်အမှတ် ၁၈/၉၄ (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် / ၉၄ (၉)

**အကြိမ်**
တတိယအကြိမ်

**အုပ်ရေ ၃၀၀၀**


**တန်ဖိုး**
ဓမ္မဒါန

**ထုတ်ဝေသည့်ခုနှစ်**
၁၉၉၄ ခုနှစ်

**ထုတ်ဝေသူ**
ဦးကဝိန္ဒ(ကင်းလွတ်ခွင့် ၁၈/၉၄)
ကုမာရာရာမတိုက်၊ တောင်ကလပ်၊ ပုပ္ပါးမြို့။

**ပုံနှိပ်သူ (အတွင်းသား+မျက်နှာဖုံး)**
ဒေါ်နန်းမိုးခမ်းအောင်(၀၅၁၉၉)
ကောရာဇ် ပုံနှိပ်လုပ်ငန်း
၁၆၂။(က) ၃၈ လမ်း၊ ရန်ကုန်။

www.dhammaransi.com



www.dhammaransi.com

# မန္တလေးတိုင်း၊ ကျောက်ပန်းတောင်းမြို့နယ်
## ပုပ္ပါးတောင်ကလပ်၊ ကုမာရာရာမတိုက်၊ ပဓာနနာယကဆရာတော်
## " ဘဒ္ဒန္တကဝိန္ဒ " ၏ ထေရုပ္ပတ္တိအကျဉ်း

### ၁။ ဇာတိချက်ကြွေမွေးရပ်မြေ။

မန္တလေးတိုင်း၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပါးတောင်ကလပ် ကုမာရာ ရာမကျောင်းတိုက် (ပုပ္ပါးသာသနာပြုအဖွဲ့ကြီး၏) ပဓာနနာယကဆရာတော် လောင်းလျာ ကို၊ ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ်၊ ဒိုးတန်းကျေးရွာအုပ်စု၊ ဝါးကာမဏီရွာဘခမည်း တော်ဦးချို မယ်တော်ဒေါ်ဒေါ်ဉတို့မှ ၁၂၉၄ခုနှစ်၊ တပို့တွဲလဆန်း (၁၅) ရက် တနင်္လာနေ့တွင် ဖွားမြင်ခဲ့ပါသည်။ သား (၅)ယောက်တို့တွင် (စတုတ္ထ) မြောက်အတိဇာတသားလှရတနာဖြစ်ပါသည်။ သူတပါးတို့အား သနားကြင်နာတတ်သောသူ ဖြစ်မည့် ပုဂ္ဂိုလ်အရေး မျှော်တွေးပြီး မိဘနှစ်ပါးတို့က (မောင်ကြင်) ဟု ခေါ်တွင်မှည့်ခေါ်ကြပါသည်။

### ၂။ စ၍ပညာသင်ကြားခြင်းနှင့် ရှင်သာမဏေပြုခြင်း။

အသက် (၆)နှစ်ခန့်အရွယ်တွင်၊ ဝါးကာမဏီကျောင်း မူလဆရာတော်ဦးသုန္ဒရထံတွင်၊ သရ+ဗျည်းမှစ၍ ပညာသင်ကြားပြီးလျှင်၊ ထို့နောက် ဒိုက်ဦးမြို့နယ် ဘာသာစရိတ္တသာသနာပြုအဖွဲ့ကြီးကို စတင်တည်ထောင်တော်မူခဲ့သော ဆရာတော်ဦးဓမ္မဝံသထံတွင် ဆက်လက် ပညာသင်ကြားပြီးလျှင်၊ အသက်(၁၂)နှစ်အရွယ်ခန့်တွင်၊ ဆရာတော်ဦးဓမ္မဝံသအထံ၌ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေပြုခဲ့ပါသည်။ ပညာရှိတို့ကို အုပ်စိုးနိုင်မည့် ပုဂ္ဂိုလ်အဖြစ်ကို ရည်မှန်းပြီး (ရှင်ကဝိန္ဒ)ဟု ဘွဲ့အမည်ပေးခဲ့ပါသည်။

### ၃။ မိတ္ထီလာသို့ ပညာသင်ကြားရန် ကြွရောက်ခြင်း။

၁၃၁၂-ခုနှစ် အသက် (၁၈)နှစ်ခန့်အရွယ်တွင် မိတ္ထီလာမြို့နယ်၊ အင်ကြင်းစုကျောင်းသို့ သာမဏေဘဝဖြင့် (၂)နှစ်ပညာသင်ကြားခဲ့ပြီးနောက် မိတ္ထီလာမြို့ ကနားတိုက်၌လည်း ပညာသင်ကြားခဲ့ပါသည်။

### ၄။ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခြင်း။

၁၃၁၄-ခုနှစ်၊ တပေါင်းလဆန်း (၁၄)ရက်နေ့တွင်၊ ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ်၊ ဝါးကာမဏီကျောင်း ခဏ္ဍသိမ်၌၊ ဒိုက်ဦးမြို့နယ်ဆင်ဇလုပ်ကျောင်း ဆရာတော် ဦးအာဒိစ္စကို ဥပဇ္ဈာယ်ပြု၍၊ ဝါးကာမဏီရွာ၊ ဦးဘိုးလူ+ဒေါ်ပိုးကြီး၊ ဦးဥာဏ+ဒေါ်သောင်းတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာမြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

www.dhammaransi.com

## ၅။ မန္တလေးမြို့သို့ ပညာသင်ကြားရန် ကြွရောက်ခြင်း။

ရဟန်းဖြစ်သောအခါ မိတ္ထီလာမြို့နယ်၊ အင်ကြင်းစုကျောင်းမှ ပြောင်းရွှေ့၍၊ မန္တလေးမြို့၊ နိုးကောင်းတိုက်၊ ညောင်ရမ်းပါဠိတက္ကသိုလ်၌ ပရိယတ္တိစာပေများ သင်ကြားခဲ့ရာ၊ ပထမငယ်တန်း+ပထမလတ်တန်း တို့ကို အောင်မြင်တော်မူခဲ့ပါသည်။ ထို့နောက် မန္တလေးမြို့၊ ဘုရားကြီးတိုက်၊ စိတ္တသုခကျောင်း၌ ပရိယတ္တိစာပေများ ဆက်လက်သင်ကြားခဲ့ပါသည်။

စစ်ကိုင်းတောင်ရိုး၊ ပဌာန်းသိပ္ပံကျောင်းဆရာတော်အထံ၌ ပဌာန်းစာဝါသင်ကြားပြီးလျှင်၊ ပဌာန်းသိပ္ပံဆရာတော်အား ပုပ္ပါးသို့ ပင့်ဆောင်ပြီးလျှင်၊ ပုပ္ပါးတောင်ကလပ်၊ ကုမာရာရာမကျောင်းတိုက် ၌ (၁၃၂၂-ခုနှစ် မှ ၁၃၂၄-ခုနှစ် ထိ) (၃)နှစ် တိတိ ပဌာန်းသင်တန်းများ ပို့ချရာ၌၊ ပညာပါရမီ ဖြည့်ဆည်းခဲ့ပြီးလျှင် ပခုက္ကူမြို့၊ မဟာဝိသုတာရာမအလယ်တိုက်၌လည်း၊ ပါဠိတော်၊ အဋ္ဌကထာဋီကာတို့ကို သင်ကြားခဲ့ပါသည်။

## ၆။ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်တော်မူခြင်း။

၁၃၂၀ပြည့်နှစ်တွင် မန္တလေးမြို့၊ မိုးကောင်းတိုက်အတွင်း၌ ပရိယတ္တိစာပေများ သင်ကြားရန်အတွက်၊ ဒိုက်ဦးမြို့နယ် ဘာသာစာရိတ္တသာသနာပြုအဖွဲ့ ဆရာတော်များ၊ ပုပ္ပါးဖိုလ်ဝင် သာသနာပြုဆရာတော်ဦးကုမာရ၊ နောင်တော်ညီတော်များ နှင့်အတူ ရတနာသိင်္ဂီ ဒိုက်ဦးကျောင်းကိုတည်ထောင်တော်မူခဲ့ပါသည်။ ထို့နောက် ဆရာတော် ဦးကုမာရ၏ သာသနာပြုလုပ်ငန်းတို့ကို ဆောင်ရွက်တော်မူခဲ့ပါသည်။

၁၃၂၅-ခုနှစ်တွင် ပုပ္ပါးဖိုလ်ဝင်သာသနာပြု ဆရာတော် ဦးကုမာရ ရန်ကုန်မြို့၊ ထောက်ကြန့်၊ ပုပ္ပါးကျောင်းတိုက်သို့ ပြောင်းရွှေ့သီတင်းသုံး နေထိုင်သောအခါ၌၊ ပုပ္ပါးတောင်ကလပ်၊ ကုမာရ ရာမကျောင်းတိုက်ကို ဦးမေဓာဝီနှင့်အတူ ဒွိသန္တကအဖြစ်ဖြင့် ဆရာတော် ဦးကုမာရက လွှဲအပ်လှူဒါန်းသည် ကို လက်ခံခဲ့ရပါသည်။ ထိုသို့လက်ခံခဲ့သော်လည်း ကုမာရာ ရာမကျောင်းတိုက်၌ သီတင်းမသုံးမူ၍၊ သီလတောင်ရေနံ့သာ တောရကျောင်းတိုက် တည်ထောင်ပြီးလျှင်၊ ရေနံချောင်းမြို့၊ ကျောင်းအမကြီး ဒေါ်ခင်ညွန့်လှူဒါန်းသည့် ရေနံသာတောရကျောင်း၌သာလျှင် သီတင်းသုံးနေထိုင်ခဲ့ပါသည်။ ရေနံ့သာ တောရကျောင်း ဝိဇ္ဇာမရကုန်းတော်ပေါ်၌ (၁၀၈)ဆူ အောင်တော်မူစေတီတော် တည်ထားကိုးကွယ်ခဲ့ပါသည်။

၁၃၃၀ပြည့်နှစ်၊ ပုပ္ပါးဖိုလ်ဝင် သာသနာပြုဆရာတော်ဦး ကုမာရာဘိဝ နတ်ထံပျံလွန်တော်မူသောအခါ၊ ပုပ္ပါးဝင် ခရီးဆက်သာသနာပြုအဖွဲ့ကြီးအား (၁) ဆရာတော် ဦးမေဓာဝီ (ပုပ္ပါး) (၂) ဆရာတော်ဦးကဝိန္ဒ (ပုပ္ပါး) (၃) ဆရာတော်ဦးသုမန (ဖိုလ်ဝင်တောင်) နာယကဆရာတော် (၃)ပါးတို့ ဦးစီးပြီး ဆက်လက်၍ သာသနာပြုတော်မူခဲ့ကြပါသည်။

ဆရာတော်ဦးကုမာရ၏ သာသနာပြုခရီးစဉ်ဖြစ်သည့်၊ စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ်ရှိ အလောင်းတော် ကဿပသို့လည်း ဖိုလ်ဝင်တောင် ဆရာတော် ဦးသုမနနှင့်အတူ ဦးဆောင်ပြီးလျှင် (၂၅) ကြိမ်မြောက်အထိ ဘုရားဖူးပို့ပေးခဲ့ပါသည်။

ပုပ္ပါးဖိုလ်ဝင်ခရီးဆက်သာသနာပြုအဖွဲ့၏ တာဝန်ပေးချက်အရ၊ စစ်ကိုင်းတိုင်း၊ ကောလင်းမြို့နယ်၊ ခမောက်တောင်၌လည်း ၁၃၂၂ ခုနှစ်မှ ၁၃၃၄-ခုနှစ်ထိ (၃) နှစ်တိတိ သီတင်းသုံးနေထိုင်ခဲ့ပါသည်။ ၁၃၃၄-ခုနှစ်မှ ၁၃၃၆-ခုနှစ်ထိ (၃) နှစ်တိတိ မန္တလေး၏ မြို့မိုးကျောင်းတိုက်။ ရတနာသိင်္ဂီဒိုက်ဦး

www.dhammaransi.com

ကျောင်း၌ သီတင်းသုံးနေထိုင်ပြီးလျှင်၊ ဖိုလ်ဝင်တောင် ဆရာတော်ဦးသုမနနှင့်အတူ ဝွေးချိုတိုက်ဘုရင် ဆရာတော်၏ မွေးနေ့၌ (၃)ကြိမ် တိတိ သံဃဒါနဆွမ်းကြီး လောင်းလှူပွဲကြီး ကျင်းပပြုလုပ်၍ လှူဒါန်းခဲ့ပါသည်။

## ၇။ ရေနံ့သာတောရကျောင်းသို့ ပြန်ကြွသီတင်းသုံးတော်မူခြင်း။

၁၃၃၇-ခုနှစ်တွင်၊ မန္တလေးမြို့၊ မိုးကောင်းတိုက်၊ ရတနာသိင်္ဂီဒိုက်ဦး ကျောင်းကို မိမိ၏ တပည့်ဖြစ်သည့် ဦးဇောတိကာဘိဝံသ (ဓမ္မာစရိယ) အား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးရန် လွှဲအပ်ခဲ့ပြီးလျှင်၊ ပုပ္ပါးတောင်ကလပ်၊ သီလတောင်ရေနံ့သာတောရကျောင်းသို့ ပြန်ကြွသီတင်းသုံးတော်မူပါသည်။ ပုပ္ပါးသီလတောင်၌ သေ (၄)ပါး၊ ရှင်(၄)ပါး၊ မဟာကဿပလိုဏ်ဂူတော်ကြီး တည်ဆောက်၍ သာသနာပြုတော်မူခဲ့ပါသည်။

## ၈။ သမိုင်းစာအုပ်များ၊ ရေးသားတော်မူခြင်း။

နှစ်စဉ်သွားရောက်ဖူးမျှော်နေသည့် “အလောင်းတော်ကဿပ” ၏ သမိုင်းကို အမှန်အကန်ဆုံး သိရှိနိုင်ရန်၊ ဘုရားဖူးဒါယကာ၊ ဒါယိကာမများ၏ တောင်းပန်လျှောက်ထားချက်အရ၊ အရှင်မဟာကဿပ ရဟန္တာမထေရ်မြတ် မဇ္ဈိမဒေသမှမြန်မာနိုင်ငံသို့ ကြွတော်မူခဲ့ရာ ဒေသများသို့ ဖိုလ်ဝင်တော်ဦး သုမနနှင့်အတူ သွားရောက်လေ့လာပြီးလျှင် (၁) အလောင်းတော်ကဿပသမိုင်း (၂) ပုပ္ပါးတောင်တော်သမိုင်း (၃) ဗုဒ္ဓအလိုတော်ကျ နတ်ပူဇော်ပသနည်း စာအုပ်တို့ကို ဓမ္မဒါနအဖြစ် ရေးသားထုတ်ဝေခဲ့ပါသည်။ (ပုပ္ပါးတောင်မှ ကျွန်ုပ်တို့သိသော၊ ဘိုးမင်းခေါင်နှင့် သာသနာတွင်း/သာသနာပ ဝိဇ္ဇာဓိုလ်များ) စာအုပ်ကိုလည်း စာမူအချောအဖြစ် ရေးသားခဲ့ပါသည်။

## ၉။ ကုမာရာ ရာမကျောင်းတိုက်သို့ ကြွရောက်သီတင်းသုံးတော်မူခြင်း။

၁၃၄၂-ခုနှစ်တွင် ဆရာတော် ဦးမေဓာဝီ(ပရိသုဒ္ဓ) ပြုသွားသောအခါ ဆရာတော်ဦးကုမာရ အသက်ထင်ရှားရှိစဉ်က၊ ဒိုသန္တကအဖြစ် လွှဲအပ်တော်မူခဲ့သည့်၊ ပုပ္ပါးတောင်ကလပ်၊ ကုမာရာ ရာမ ကျောင်းတိုက်သို့ ကြွရောက်၍ သီတင်းသုံးနေထိုင်ပြီးလျှင် (က) ပုပ္ပါးတောင်ကလပ်ဂေါပကအဖွဲ့ကြီး၏ ဩဝါဒစရိယဆရာတော်အဖြစ်ငှင်း (ခ) ပထမအကြိမ်သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၌ တိုင်း/မြို့နယ်ဝိနည်းဓိုရ်ဆရာတော်အဖြစ် ငှင်းဆောင်ရွက်တော်မူခဲ့ပါသည်။ ရေနံ့သာတောရကျောင်းတိုက်ကိုလည်း စာသင်တိုက်အဖြစ်သို့ ရောက်အောင် တည်ထောင်ထားခဲ့ပါသည်။

ညောင်ပင်ဆိပ်မှ ပုပ္ပါးတောင်ကလပ်သို့ တက်သော မူလ ကားလမ်းဟောင်းကိုလည်း ကတ္တရာလမ်းဖြစ်အောင် ဆောင်ရွက်တော်မူခဲ့ပါသည်။ ပုပ္ပါးတောင်မကြီးမှ ပုပ္ပါးတောင်ကလပ်သို့ ရေဖူလုံစွာရရှိအောင်လည်း ဦးစီးနာယကအဖြစ် ဆောင်ရွက်တော်မူခဲ့ပါသည်။ မိမိ၏ဇာတိဖြစ်သော ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ်၊ ဝါးကာမဏိရွာ၌လည်း ကွန်ကရစ်တံတားကြီးတခု တည်ဆောက်လှူဒါန်း၍ သာသနာပြုတော်မူခဲ့ပါသည်။ ပုပ္ပါးတောင်ကလပ် ကုမာရာ ရာမကျောင်းတိုက် ရှေ့၌ လာဘရေ (၃၇) မင်း နတ်ဗိမာန်နှင့် ပုပ္ပါးမြို့ နှမတော်ဒေါ်မြတ်လှ နတ်နန်းတို့ကိုလည်း၊ ရန်ကုန်မြို့ ၄၇လမ်း၊ အမှတ် (၁၄၅)၊ ဩသဓဆေးတိုက် မိသားစုတို့၏ ကုသိုလ်ဖြင့်တည်ဆောက်ပေးတော်မူခဲ့ပါသည်။

www.dhammaransi.com

၁၀။ ကျောက်းပန်းတောင်း၊ မြင်းခြံလမ်းမပေါ်ရှိ တောင်ကလပ်အနောက်ဘက်၊ ညောင်ပင်ဆိပ်မူလကလမ်းဟောင်း နေရာတွင်၊ မိုးခေါင်ကျော်စွာနတ်ဗိမာန်ကို အသစ်တဖန်ပြန်လည် တည်ဆောက်တော်မူခဲ့ပါသည်။

အထက်ပါ ကားလမ်းခွဲ၏ မြောက်ဘက်တွင်ရှိသော၊ ပုဂံပြည်ရှင် သော်လည် ကြောင်မင်း လက်ထက်ရှင် အဇ္ဇဂေါဏဆရာတော်၏ တပြည့်ပစ္စည်းလေးပါး ဒါယိကာမ ဒေါ်သော်တာ တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းစေတီတော်ပျက်ကိုလည်း ပြန်လည်တည့်ထား ကိုးကွယ်နိုင်ရန်အတွက် ၁၃၆၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း (၁၀)ရက် (၃၀-၉-၉၈) ရက်နေ့တွင် ပန္နက်ချပေးတော်မူခဲ့ပါသည်။

၁၁။ ပုပ္ပါးတောင်ကလပ် အနောက်ဘက်၊ သီလတောင်ခြေ၊ မဟာကဿပလိုဏ်ဂူ ရွှေကန်တော်ခြံအတွင်း၌၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၅လမ်း ၂၈ × ၂၉လမ်းကြား၊ သီပေါပွဲရုံ ဒါယိကာမ ဒေါ်ခင်ခင်ကြီး + ဒေါ်ခင်ခင်လေး မိသားစုတို့၏ ကုသိုလ်ဖြင့်ဇီဝိတဒါန၊ အာရောဂျသာလာ၊ သံဃဆေးရုံကို ၁၃၆၀ ပြည့်နှစ် နတ်တော်လဆန်း (၅)ရက် (၂၃-၁၁-၉၈) (တနင်္လာနေ့) တွင် ပန္နက်ချပေးတော်မူခဲ့ပါသည်။

## ၁၂။ တစ်ဘဝတစ်ဇာတ်သိမ်း၍ငြိမ်းတော်မူခြင်း။

ကုမာရာ ရာမကျောင်းတိုက်အတွင်း၌ ကျောင်းအသစ်များ တည်ဆောက်ခြင်း၊ မဟာကဿပလိုဏ်ဂူတော်ရှေ့၌ သံဃဆေးရုံတည်ဆောက်ခြင်း၊ ညောင်ပင်ဆိပ်၌ (မယ်သော်တာ) ဘုရားတည်ခြင်း၊ စသည့်သာသနာပြု ကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်နေစဉ်အတွင်း "ဇာတဿမရဏံနာမဓုဝံ" ဟူသော ပါဠိတော်အရ ၁၃၆၀ပြည့်နှစ်၊ ပြာသိုလဆန်း (၁၄)ရက် (၃၁-၁၂-၉၈) (ကြာသပတေး) နေ့ညနေ (၄)နာရီအချိန်၊ ရန်ကုန်မြို့ ပြည်သူ့ဆေးရုံသစ်ကြီး (ဂျပန်ဆေးရုံ)၌ တစ်ဘဝတစ်ဇာတ်သိမ်း၍ ငြိမ်းတော်မူခဲ့ပါသည်။

## ၁၃။ ဂူသွင်းသင်္ဂြိုလ်တော်မူခြင်း။

ထိုသို့ တစ်ဘဝတစ်ဇာတ်သိမ်း၍ ငြိမ်းတော်မူခဲ့သည့်အတွက်၊ ဆရာတော်၏မိန့်မှာချက်အရ ၁၃၆၀ပြည့်နှစ် ပြာသိုလပြည့်ကျော် (၃) ရက် (၄-၁-၉၉) (တနင်္လာ)နေ့တွင် ပုပ္ပါးသီလတောင်၌ ဂူသွင်း၍ သင်္ဂြိုလ် ပူဇော်ထားရှိပါသည်။

ဦးဇောတိကာဘိဝံသ
(မြို့နယ်သံဃနာယကဥက္ကဋ္ဌ)
ရတနာသိဒ္ဓိ ဒိုက်ဦးကျောင်း
မိုးကောင်းတိုက်
ချမ်းအေးသာစံမြို့နယ်
မန္တလေး

www.dhammaransi.com

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အရှင်ကဝိန္ဒ၏ ပုပ္ပားတောင်တော်သမိုင်း | ၁ |
| ၂။ | ဘုရားဗျာဒိတ်တော်စကား | ၂ |
| ၃။ | ပုပ္ပားတောင်ကြီး၏ သက်တမ်း | ၄ |
| ၄။ | ပုပ္ပားတောင်၏ အမည်ကွဲ များ | ၆ |
| ၅။ | ပုပ္ပားတောင် ခေါ်တွင်ပုံ | ၇ |
| ၆။ | ပုပ္ပားတောင်ကြီး၏ တည်ရာ | ၁၁ |
| ၇။ | ပုံသဏ္ဌာန်နှင့် နိမိတ်များ | ၁၂ |
| ၈။ | အောင်မြေ (၉) ဌာန | ၁၄ |
| ၉။ | မဟာကဿပ လိုဏ်ဂူတော်နှင့် ရင်ငွေ့လှုံအလောင်းတော်ကဿပရုပ်ရှင်တော် | ၁၇ |
| ၁၀။ | ဝိဇ္ဇာလမ်းနှင့် သိဒ္ဓိစခန်း | ၂၂ |
| ၁၁။ | ပုပ္ပားတောင်ကြီးကို ဝန်းရံလျက်ရှိသော တောင်များ | ၂၃ |

| | | |
|---|---|---|
| ၁၂။ | ပလ္လင်ကိုးဌာန | ၂၈ |
| ၁၃။ | ကုန်း (၉) ကုန်း | ၃၀ |
| ၁၄။ | ကန် (၉) ကန် | ၃၂ |
| ၁၅။ | အံ့ဖွယ် (၉) ဖြာ | ၃၃ |
| ၁၆။ | ရေတံခွန် စမ်းချောင်းကြီးများ | ၆၄ |
| ၁၇။ | ရှည်လျားသော ချောင်းများ၊ ရေရိုးများ | ၆၅ |
| ၁၈။ | နွေဥတုအပူဒဏ်ကို တော်လှန်ကြသူများ၏ စိတ်အကြံ လေးဆစ်သဖြန် | ၆၆ |
| ၁၉။ | တောင်ကလပ်၏ အမည်များ | ၇၂ |
| ၂၀။ | အထက်ဆရာတော်ကြီးများ၏ ထွက်ရာ | ၈၀ |
| ၂၁။ | ရှေးဝိဇ္ဇာမိုရ်များ | ၈၈ |
| ၂၂။ | တောင်ကလပ်ရှိ ဂူ (၁၀) လုံးတို့နှင့် ၎င်းတို့၌ ပေါက်သောဆေးပင်များ | ၉၀ |
| ၂၃။ | ဂူ (၁၀) လုံး လက်ာ | ၉၀ |
| ၂၄။ | တောင်ကလပ်၏ တည်နေဟန် | ၉၁ |
| ၂၅။ | တောင်ကလပ်ရှိ အဆောက်အအုံများ | ၉၄ |
| ၂၆။ | တြင်း၊ နဝင်း၊ သတ္တဗီသများ | ၉၅ |
| ၂၇။ | တြင်း၊နဝင်းသမားများ၏စိတ်ကူးလေးမျိုး | ၉၆ |
| ၂၈။ | တောင်ကလပ်ဘွဲ့ | ၉၇ |

www.dhammaransi.com


၂၉။ ပျော်မွေ့ဘွယ်ရာ ဤတောင်မဟာ ၉၇

၃၀။ ပုပ္ပားနှင့် ချင်းလူမျိုး ၉၉

၃၁။ ပုဂံမင်းများပုပ္ပားတောင်သို့တက်ရောက်ကြခြင်း ၁၀၀

၃၂။ မျက်မြင်နှင့်ခြားနားသောပုဂံရာဇဝင်စကား ၁၀၁

၃၃။ ဒေါ်ဝဏ္ဏသည်ဘီလူးမဇကန်အမှန်ဖြစ်ကြောင်း ၁၀၁

၃၄။ ကျောက်နွားသိုးနှစ်ကောင် ၁၀၂

၃၅။ ကျောက်လှော်ကား ၁၀၃

၃၆။ ရှေးမှန်ခင်းတောင်၊ ယခုမှန်ကင်းတောင် ၁၀၃

၃၇။ ရသေ့နှင့် ဒေါက်ချာ ၁၀၄

၃၈။ ရှင်သာရဒ ရသေ့၏ လုံသုံးလုံး ၁၀၅

၃၉။ တောင်ကလပ်နှင့် ပြဒါးရှင်လုံး ၁၀၅

၄၀။ မိုးနတ်တောင်မောင်နှမ ၁၀၆

၄၁။ အိမ်ထောင်ဦးများ လက်ဆုံစားရခြင်း ၁၀၆

၄၂။ မိုးခေါင်ကျော်စွာအမည်ရခြင်း ၁၀၇

၄၃။ မိုးနတ်တောင်းမှမိုးနတ်တောင်ဖြစ်လာခြင်း ၁၀၈

၄၄။ မောင်ကျော်စွာနှင့် မယ်သော်တာတို့တစ်ဝါဒ ၁၀၉

၄၅။ စဏ္ဍမုခိဘီလူးမနှင့် ပုပ္ပားမြို့ ၁၁၀

၄၆။ ယက္ခပုရပြည် မြို့ဟောင်း ၁၁၁

၄၇။ မြို့ထောင့်စေတီ ၁၁၁

www.dhammaransi.com

၄၈။ တောင်ကြီးရင် အိမ်တွင်းမင်းမဟာဂီရိ
မောင်တော် နှမတော်တို့အကြောင်း ၁၁၃
၄၉။ နတ်ပွဲကျင်းပရာ နတ်တော်လ ၁၁၉
၅၀။ မဟာဂီရိအမည်တော်ရခြင်း ၁၂၁
၅၁။ အိမ်တွင်းမင်းမဟာဂီရိအမည်တော်ရခြင်း ၁၂၂
၅၂။ နတ်အုန်းသီး ၁၂၃
၅၃။ မောင်တင့်တယ် နတ်ရုပ်ပုံသဏ္ဍာန် ၁၂၄
၅၄။ မမြတ်လှ နတ်ရုပ်ပုံသဏ္ဍာန် ၁၂၅
၅၅။ မင်းမဟာဂီရိ မောင်တော်နှမတော်တို့၏
အဆင်းတန့်ဆာ ကျောက်မျက်ရတနာနှင့်
ရွှေအလေးချိန် ၁၂၆
၅၆။ ပုပ္ပားနတ်တောင်ဘွဲ့နတ်သံလင်္ကာ(၄)ပိုဒ် ၁၃၂
၅၇။ လိုတိုင်းပြီး၊တောင်းတိုင်းရ၊တတိုင်းပြည့်စေ
နိုင်သော ဣစ္ဆာပူရဏမင်္ဂလာပုတီးစိတ်
ဂါထာတော်ကြီး။ ၁၃၅

www.dhammaransi.com

နမော တဿ ဘဂဝတော အရဟတော

သမ္မာ သမ္ဗုဒ္ဓဿ

# အရှင်ကဝိန္ဒ၏ ပုပ္ပားတောင်တော် သမိုင်း

ဖိနော မယ့ံ ဇယံ ဒေတု

ငါးမာရ်အောင်မြင် ဘုရားရှင်သည် တပည့်တော်အား အောင်ရာအောင်မှု အောင်သင့်တဲ့ဆုကို ပေးသနားတော်မူပါ ဘုရား။

မုနိန္ဒဝဒနမ္ဘောဇ၊ ဂဗ္ဘသမ္ဘဝသုန္ဒရီ။

သရဏံ ပါဏိ နံ ဝါဏီ၊ မယှ ပီဏယတံ မနံ။

မုနိန္ဒဝဒနမ္ဘောဇ ဂဗ္ဘသမ္ဘဝသုန္ဒရီ၊ မဟာမုနိ မည်ရှိ ထင်ပေါ် ရဟန်းကျော်၏ နှုတ်တော်မယွင်း ကြာတိုက်အတွင်း၌ ဖြစ်ခြင်း ကြောင့်သာ ကောင်းမြတ်ပါသော၊ ပါဏီနံ၊ စာပေသမားလောက သားတို့၏ သရဏံ၊ ကိုးကွယ်ဆည်းကပ်အားထားအပ်သော၊ ဝါဏီ၊ မြတ်စွာဘုရား၏ တရားတော်သည်၊ ဝါ၊ တရားတော် ဘည်းဟူသော သူရဿတီ နတ်သမီးသည်၊ မယှံ၊ တောင်တော် ပုပ္ပား–သမိုင်းများကို ရေးသားစုထုတ် အကျွန်ုပ်၏၊ မနံ၊ စာရေး ဖို့ရန် အားသန်ယူကျုံး စိတ်နှလုံးကို၊ ပီဏယတံ၊ နှစ်သက်ရွှင်ပျ အာရုံရအောင် နိစ္စမသွေ စောင့်ရှောက်၍ နေပါစေသတည်း။

www.dhammaransi.com

## ဘုရားဗျာဒိတ်တော်စကား

ဘိုးတော် အဥ္စနမင်းဖြိုးခွင်း သက္ကရာဇ် (၁၂၃)ခု သင်္ကြန်တော်အားဖြင့် (၅၅) ဝါတော်အားဖြင့် (၂၀) ကျော်တွင် ငါတို့ဂေါတမဘုရားရှင်သည်သာဝတ္ထိပြည်မွန်ဇေတဝန်ကျောင်းတော်မှ ယူဇနာသုံးရာ ကွာဝေးသော အရှင်ပုဏ္ဏ၏ မွေးရပ် ချက်ကြွေဇာတိမြေဖြစ်သော သုနာပရန္တတိုင်း (ယခုလယ်ကိုင်းကျောင်းတော်ရာ) သုပ္ပါဒက သဘော်ဆိပ် ဝါဏိဇ္ဇဂါမ ကျောင်းတော်ကို အလှူခံကြွတော်မူခဲ့လေသည်။

ထိုသို့ ကြွတော်မူလာ၍ (၇) ရက် သီတင်းသုံးပြီးလျှင် တစ်နေ့သောအခါ အရှင်အာနန္ဒာမထေရ်ကို နောက်တော်ပါ ရဟန်းပြုလျက် (ပြည်) ဖိုးဦးတောင်ထိပ်သို့ ကြွရောက်တော်မူလေသည်။ ထိုအခါ သမုဒ္ဒရာ ရေပြင်တွင် နွားချေးခြောက်မြောလာသည်။ ပွေးငယ်တစ်ကောင်သည် နှုတ်သီးဖြင့် မြေကိုကော်၍ မြတ်စွာဘုရားအား လှူဒါန်းပူဇော်သည်။

မြတ်စွာဘုရားသည် ထိုနိမိတ်နှစ်ပါး မြင်တော်မူ၍ ပြုံးတော်မူသည်ကို ညီတော်အာနန္ဒာက လျှောက်ထားတောင်းပန်လတ်သော် နိမိတ်ငါးပါး ဗျာဒိတ်တော်စကားကို ဤသို့မိန့်ကြားတော်မူလေသည်။

ငါဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် (၁၀၁) တစ်ရာ့တစ်နှစ်သို့ ရောက်သောအခါ ...

www.dhammaransi.com

၁။ မြေကြီးလျှောင်ပဲ့တင်ထပ်ကာ ပြင်းစွာလှုပ်လတ္တံ့.–

၂။ ဤဖိုးဦးတောင်အရပ်၌ အင်းကြီးပေါ်လတ္တံ့.–

၃။ စမုံမြစ်ဖြစ်လတ္တံ့.–

၄။ သရေခေတ္တရာ ပြည်တည်ရာအရပ်၌ ပင်လယ်သမုဒ္ဒရာ ခန်းလတ္တံ့.–

၅။ ပုပ္ပားတောင်မြေမှ စုန့်စုန့်ပေါ်လတ္တံ့. ဟူသော ဗျာဒိတ်ငါးပါးကို မိန့်ကြားတော်မူပြီးနောက် မြေမှ စုန့်စုန့်တက်၍ပေါ်ထွက်လာလတ္တံ့သော ပုပ္ပားတောင်သည် ထူးမြတ်စုံလင်ကျော်ဇောထင်ရှား ဖြစ်လတ်သောအခါ မြေကိုလျှူသော ပွေးသည်ဤကိုယ်၏ အဖြစ်မှ စုတေပြီးလျှင် လူ ဖြစ်၍ သရေခေတ္တရာပြည်၌ ဒွတ္တပေါင်မင်းဟူသော အမည်ဖြင့် မြို့ပြထီးနန်းကြငှန်းလူလူ စိုက်ထူလတ္တံ့။ ထိုမင်း၏လက်ထက်၌ ငါဘုရားသာသနာတော်သည် အစွန့်ရှည်စွာထင်ပေါ် ကျော်စောဖြစ်လတ္တံ့၊ မိန့်တော်မူသည်။ ထို့ကြောင့် ဤအလိုအရ သမိုင်းဖွင့်လတ္တံ့၊ ဖြစ်သောတောင်ကြီး၏ အမည်ကို (ပုပ္ပားတောင်) ဟူ၍ပင် ခေါ်တွင်ရမည်ဖြစ်ပေသည်။

www.dhammaransi.com

## ပုပ္ပားတောင်ကြီး၏ သက်တမ်း

ဤအလို တောင်၏ သက်တန်းကိုကား ဘုရားသခင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် သာသနာတော် သက္ကရာဇ်(၁၀၁) တစ်ရာ့တစ်ခုနှစ်မှ စတင်ထွက်ပေါ်လာသည်ဖြစ်၍ သာသနာ သက္ကရာဇ် (၂၅၂၅) ခုနှစ်မြောက်ဖြစ်သော ဤသမိုင်းရေးချိန် ကောဇာသက္ကရာဇ် (၁၃၄၃) ခုနှစ်တွင် ပုပ္ပားတောင်၏ သက်တမ်းသည် (၂၄၂၄) နှစ် သက်တမ်းရှိပြီဟု တွက်ရပေတော့မည်။

## ရာဇဝင်အဆိုနှင့် ပထဝီအလို

သာသနာ သက္ကရာဇ် (၁၀၁) ခုနှစ်တွင် ဤပုပ္ပားတောင် ကြီးမြေမှ ထွက်ပေါ်လာသည်ဆိုသော ရာဇဝင်လာစကားနှင့် ပထဝီဝင် ပညာရှင်တို့၏ ယခင်မီးတောင်ဖြစ်ခဲ့ဖူးသည်ဆိုသော စကားတို့သည် စပ်မိဟပ်မိကြသည်ဟု ဆိုရ ယူဆရပေတော့မည်။

www.dhammaransi.com



## ပုပ္ပားတောင်၏ အမည်– ဝါဒကွဲများ

ကကုသန် မြတ်စွာဘုရား လက်ထက်တော်၌ (ပေါက္ကံ) ယခု ပုဂံပြည်ကို ပဏ္ဍုပလာသ ပုပ္ပားတောင်ကို ပုပ္ဖရာသီတောင်ဟု ခေါ်သည်။ ကောဏာဂုံ မြတ်စွာဘုရားလက်ထက် ပုဂံပြည်ကို တမ္မကုတ္တိ ဤတောင်ကို ဂန္ဓဒနတောင်ဟု ခေါ်သည်။ ကဿပ မြတ်စွာဘုရားလက်ထက် ပုဂံပြည်ကို တမ္ဗဒေသ ဤတောင်ကို မုတ္တမတောင်ညိုဟုခေါ်သည်။ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောအခါ၌ ပေါက္ကံ (ပုဂံ) ပြည်ကို ပုဂံရာဇဝင်အရ–

၁။ ပေါက္ကာရာမ ၂။ အရိမဒ္ဒန ၃။ ပုဏ္ဏကာမ

၄။ တမ္ပဝတီ ၅။ သိရိပစ္စယာ ၆။ သမ္မုဏ္ဏာဂါ

၇။ ပဏ္ဍုပလာသ ၈။ နဂရုတ္တမ ၉။ ပရမပုရ

၁၀။ သမာဓိနဂရ ၁၁။ တမ္ဗဒေသ ၁၂။ ဝေဠုကာရာမ

၁၃။ ပုဂံခေါ်တွင်၍ ဤတောင်ကို ပုပ္ပားတောင်ဟု ခေါ်ကြောင်း ပွင့်တော်မူပြီးသော ဘဒ္ဒကမ္ဘာ၌ဘုရားလေးဆူတို့၏ လက်ထက်တော်၌ တစ်ဆူပွင့်တော်မူလျှင် အမည်တစ်မျိုးပြောင်းလဲ ခေါ်တွင်ကြောင်း သိရှိရပေသည်။

ဤပုဂံရာဇဝင်အလို ပုပ္ပားတောင်၏ အသက်သည် ရှည်လျားလှလေပြီ။ ဟိမဝန္တာ –စကြဝဠာ–မဟာမြင်းမိုရ်တို့ကဲ့သို့ သယံဇာတ ကမ္ဘာ့တန်ဆာ ကမ္ဘာဦးကပင် ပေါ်ထွက်လာသည်ဟု ဆိုရပေမည်။

www.dhammaransi.com



## ပုပ္ပားတောင်၊ ခေါ်တွင်ပုံ

ပုပ္ပါးဝနပဗ္ဗတ (ပန်းတောတောင်) ဤအလို ပုပ္ဖါဝနပဗ္ဗတ မှ ပုပ္ပါးပဗ္ဗတ ထိုမှတဆင့် ကာလရွေ့လျောလာသောကြောင့် (ပုပ္ပားတောင်ဟု) အချို့ကယူကြသည်။ ပုပ္ဖါးဝနပဗ္ဗတဟု မှည့်ခေါ်ကြခြင်းသည် ပန်းတွေပေါသဖြင့် (ပန်းတောတောင်)ဟု ခေါ်စေလိုသောကြောင့် ဖြစ်သည်။

တစ်နည်း။ ။ပုပ္ဖေဟိအာကိဏ္ဏော ပဗ္ဗတောပုပ္ဖါကိဏ္ဏပဗ္ဗတော ဟူသော ဝစနတ္ထအရ ပုပ္ဖေဟိ၊ စကား စပယ်၊ ထားဝယ် ဇလပ်၊ ခတ္တာ ထပ်တရာ၊ ယင်းမာ ဒေါန၊ သော်ကကြက်ရုံး၊ ဂမုန်း သဇင်၊ ရင်ကပ် နော်ဇာ၊ ခွာညို သရဖီ၊ နှင်းဆီ ပန်းညို၊ ပန်းထိမ်ငို ချယား၊ စကားစိမ်း ဂန့်ဂေါ်၊ စွယ်တော်၊ ခဝဲ၊ ပေါက်လဲ အင်ကြင်း၊ နှင်းပန်းမြတ်လေး၊ ဖွန်မွှေး ကြာရုံ၊ ဂမုန်း သစ်ခွ။ ရေစအိုင်စမ်း၊ ရွှေပန်းငွေပန်း တောင်တန်းတစ်လျှောက်၊ ပိတောက် ဖက်ဆွတ် စသော ပန်းအမျိုးမျိုးတို့ဖြင့်၊ အာကိဏ္ဏော၊ ပြွမ်းသော၊ပဗ္ဗတော၊ တောင်တည်း၊ ပုပ္ဖါကိဏ္ဏ ပဗ္ဗတော၊ ပုပ္ဖါကိဏပဗ္ဗတ မည်၏။ ဝါ၊ ပန်းတို့ဖြင့်ပြွမ်းသောတောင်။ ပုပ္ဖါကိဏ္ဏ ပဗ္ဗတမှ အာကိဏ္ဏဟူသောအလယ်ပုဒ်ကြေ၍ (ပုပ္ပါပဗ္ဗတ)ဖြစ်လာသည်၊ ၎င်းတွင် (ပုပ္ဖါ)၌ (ဖ)မှ(ပ)သို့ ရွေ့လျောလာသောကြောင့် (ပုပ္ပါပဗ္ဗတ) ထိုမှ (ပုပ္ပါးပဗ္ဗတ)ဟု ဝစ္စနစ်လုံးပေါက် ဖြည့်စွက် ထည့်သွင်း၍ခေါ်တွင်ရာမှ ပုပ္ပားတောင် ဖြစ်လာသည်ဟု ခေါ်ဆိုရပေတော့မည်။

www.dhammaransi.com



တစ်နည်း။။ ပုပ္ပပသဝေတိ ဇနေတီတိ ပုပ္ပား၊ ယောပဗ္ဗတော၊ အကြင်တောင်သည်၊ ပုပ္ဖံ၊ ပန်းကို၊ ပသဝေတိ ဇနေတိ၊ ဖြစ်စေတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်၊ သောပဗ္ဗတော၊ ထိုတောင်သည်၊ ပုပ္ပား၊ ပုပ္ပားမည်၏။

## သုံးမည်ရ - ပုပ္ပားတောင်

(၁) ပုဗ္ဗတောင်၊ (၂)ပုပ္ဖတောင်၊ (၃)ပါးပုတ်တောင်တို့ဖြစ်ကြသည်။

၁။ ပုဗ္ဗတောင်ခေါ်ဆိုခြင်းအကြောင်းမှာ ပုဂံပြည်ရှိ ယုံလွတ်ကျွန်း နယ်မြေ၏ အရှေ့အရပ်ကရှိသောကြောင့် (ပုဗ္ဗတောင်) အရှေ့အရပ်က ရှိသောတောင် အရှေ့တောင်ဟု ဆိုလိုသည်။

၂။ ပုပ္ဖတောင်ဟု ခေါ်ခြင်းအကြောင်းမှာ ပန်းပါသောကြောင့် ပုပ္ဖတောင်ဟု ခေါ်ဆိုခြင်းဖြစ်သည်။

၃။ ပါးပုတ်တောင် ခေါ်ဆိုခြင်းအကြောင်းကား တောလယ်သွားသောမြန်မာလူမျိုး ၃-၄ ယောက်တွင် တစ်ယောက်၏ ပါးကို ချင်းလူမျိုးတစ်ယောက်က ပုတ်လိုက်သောကြောင့် ပါးပုတ်တောင် ခေါ်တွင်၍ ကာလရှည်လျားလာသဖြင့် ပုပ္ပားတောင်ဟုခေါ်တွင်ကြောင်း ပြောဆိုကြသည်။

www.dhammaransi.com



ပါးပုတ်ခံရခြင်း အကြောင်းရင်းမှာ မြန်မာလူမျိုး ၃-၄ ယောက်တို့သည် ချင်းလူမျိုးတစ်ယောက်၏ အိုးကို ငှားရမ်း သုံးစွဲရာ အက်ကွဲသွားသောအခါ အိုးကို ကောင်းသောဘက်မှ မီးပူအောင်ကင်၍ ချင်းလက်သို့ ပေးလိုက်ရာ လှမ်းယူလိုက် သည်နှင့် တပြိုင်နက် အလွန်ပူသောကြောင့် ရုတ်တရက် လွှတ် ချလိုက်ရာ အိုးကွဲသွားလေတော့သည်။ ထိုအခါ ချင်းနှင့်မြန်မာ ငြင်းပွားကာ မြန်မာ၏ပါးကို ချင်းက ပုတ်လိုက်သောကြောင့် ပါးပုတ်တောင် ခေါ်ဆိုကြသည်ဟု ဆိုရိုးရှိသည်။ ဤစကားသည် မဖွယ်မရာ ကြံကြံဖန်ဖန် ပြောတတ်သူတို့၏ စကားမျှသာ ဖြစ်တန်ရာသည်ဟု ယူဆသင့်ပေသည်။ အကြောင်းသော်ကား မြန်မာပြည်အလယ်ပိုင်း ပဲခူးရိုးမ ခေါ် အလယ်ရိုးမ၏ မဟာ ထွတ်ဖူး တောင်ဦးတောင်မြတ်ကြီးဖြစ်သောကြောင့်တည်း။

## နှိုင်းခိုင်းစရာ ဥပမာကား

၁။ တောင်ထွတ်ပေါင်း (၈၄၀၀၀) ရှစ်သောင်းလေးထောင် တို့ဖြင့် တန်ဆာဆင်အပ်သော ဟိမဝန္တာ တောင်ကြီးကဲ့ သို့ ဤပုပ္ပားတောင်သည်လည်း အရံတောင်ပေါင်းများစွာ တို့ဖြင့် တန်ဆာဆင်ထားသည်။

၂။ ဟိမဝန္တာတောင်သည် စိမ့်စမ်း ရေတံခွန် စွေသွန် ကျ ဆင်း ထုံသင်း မွှေးကြိုင် ပန်းမျိုးစုံတို့၏ ရနံ့

www.dhammaransi.com



ပျံ့ပျံ့လှိုင်သကဲ့သို့ ဤပုပ္ပားတောင်သည်လည်း ဂူချောင် စိမ့်မြိုင် စမ်းအိုင်ရေစင် ကြည်လင် စွေ့သွန် ရေတံခွန် ခွေပတ် ရေထွက်ပေါင်း အထပ်ထပ်တို့ဖြင့် မရပ်မနား စီးဆင်းသွားပြီး စကားစပယ် ထားဝယ် ဇလပ်စသော ပန်းတို့ဖြင့် တင့်ဆန်း မွှေးကြိုင် နံ့သာမျိုးစုံတို့ဖြင့် လှိုင် လှပေသည်။

၃။ ဟိမဝန္တာတောင်သည် ရွှေဂူ၊ ငွေဂူ၊ ဖလ်ဂူ၊ မှန်ဂူအမျိုး မျိုးတို့ဖြင့် လှပတင့်တယ်သကဲ့သို့ ထို့အတူ ဤတောင် ကြီးသည်လည်း သေလဥလ ကာမ ဒူတ နီလ ဂန္ဓ ဈာန လာဘီ အထက်ဥမင် အောက်ဥမင် ဝိဇ္ဇာဥမင် စသော ဂူပေါင်း ဥမင်ပေါင်း များစွာတို့ဖြင့် လွန်စွာတင့်တယ် နေချင်ဖွယ် ကောင်းလှပေသည်။

၄။ ဟိမဝန္တာတောင်သည် ဝိဇ္ဇာဇော်ဂျီတပသီမုနေ့ ရသေ့ အရပ်ရပ် နတ်မျိုးအပါးပါး ခြင်္သေ့သစ်ကျား စသော သားကောင်အတန်တန် ကောင်းကင်ပျံငှက်အပေါင်းတို့ သောင်းပြောင်းခိုမှီ တည်နေကျက်စားရာ ဖြစ်သကဲ့သို့ ဤပုပ္ပားတောင်ကြီးသည်လည်း ထို့နည်းတူ စွာ ဝိဇ္ဇာ ဇော်ဂျီ တပသီမုနေ့ ရသေ့ရဟန်း ကူးသန်း ယှက် တွယ် ဒရယ်စိုင်ပြောင်၊ ယုန်ကြောင်သမင်၊ ဝက်ဝံ သစ်ကျား စသော သားအမျိုးမျိုး ဓိဝဓိုဝ်း၊ သာလိ ကာ၊ ကြိုးကြာကျေးငှက်၊ ဆက်ရက်ဝန်လို၊ ချိုးခို လေချွန်၊ သိန်း စွန် ခွေးခေါ်၊ ငှက်တော် ဥဒေါင်း စသော ငှက်

www.dhammaransi.com



အပေါင်းတို့၏ နိအောင်းတက်သက်၊ ဝင်ထွက်ပျော်ပါး ကျက်စား ကျင်လည်ရာ၊ တောင်ကြီးလည်းဖြစ်ပေသည်။

## ပုပ္ပားတောင်ကြီး၏ တည်ရာ

မြေပြင်ဓလေ ပထဝီဝင်အရ ၎င်းတောင်ကြီးသည် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်အတွင်းတွင် တည်ရှိ၍ ၎င်းမြို့၏ အရှေ့မြောက်ဘက် (၁၀)မိုင်ခန့် အကွာတွင် ဖြစ်သည်။ ရန်ကုန်မြို့မှ ကျောက်ပန်းတောင်းသို့ (၃၉၆)မိုင် (၇) ဖာလုံကွာ၍ ရန်ကုန်မှ ပုပ္ပားတောင်ကလပ်အတက် ငရတင်စခန်း (ခေါ်) ညောင်ပင်ဆိပ် ကားလမ်းခွဲအထိ (၄၀၄) မိုင် (၄) ဖာလုံရှိ၍ ညောင်ပင်ဆိပ်ကားလမ်းခွဲ အတက်မှ တောင်ကလပ်ခြေရင်း ကုမာရ ရာမကျောင်းတိုက်အရောက် (၄၀၅)မိုင် (၅) ဖာလုံ ကွာဝေးသည်။

**မှတ်ချက်။** ။တောင်ကလပ်အတက် ညောင်ပင်ဆိပ်ကားလမ်းခွဲမှ ကုမာရ ရာမ ကျောင်းတိုက်အထိ (၁) မိုင် (၁) ဖာလုံသာ ရှိသည်။

## အမြင့်ပမာဏ

တောင်ခြေရင်းမှ တောင်ထိပ်အထိ မြင့်မိုရ်တာနှင့်လေးရာကိုး (၄၀၉) ရှိသည်။ မြင့်မိုရ်တာသည် (၇) တောင်လှုင်(၁)တာမျှ၍ တွက်သောနည်းဖြစ်သည်။ ထို့ကြောင့် ပပ္ပား

တောင်မကြီးသည် (၂၈၆၃) တောင်မြင့်သည်၊ ပေဖွဲ့၍ တွက်လျှင်(၄၂၉၉ ၁/၂)ပေ မြန်မာသက္ကရာဇ် ၁၂၇၉–ခုနှစ် ခရစ်သက္ကရာဇ် ၁၉၂၆ ခုနှစ် ပထဝီဝင် အလိုအရ ပင်လယ်မျက်နှာပြင်မှ တိုင်းတာသောနည်းအရ တောင်မကြီးထိပ် အမြင့်ဆုံးငှက်မြတ်နားတောင် (ခေါ်) မှန်ပြတောင်ထိပ်အထိ (၄၉၈၁) ပေ မြင့်သည်ဟု ဆိုသည်။

## ပုံသဏ္ဌာန်နှင့်နိမိတ်များ

ပုပ္ပားတောင်ကြီး၏ အရပ်လေးမျက်နှာရှိ ပုံသဏ္ဌာန်လေးမျိုးသည်၊နိမိတ်လေးမျိုးကဲ့သို့ ဖြစ်နေပေသည်။ အရှေ့အရပ်မျက်နှာဘက်မှကြည့်လျှင် နွားလပို့အသွင် မြင်ရသောကြောင့် ထိုအရပ်မျက်နှာရှိ လူတို့သည် နွားလှည်းဖြင့် အသက်မွေးကြသော တောင်သူယာလုပ်သမားများ ဖြစ်ကြသည်။ ထိုအလုပ်ဖြင့် အသက်မွေးမှ ကြီးပွားတိုးတက်သည် ဟူ၍ လည်းကောင်း၊

တောင်အရပ်မျက်နှာမှကြည့်လျှင် စပါးပုံကြီးအသွင် ထင်မြင်ရသောကြောင့် ထိုအရပ်မျက်နှာရှိ လူအများသည် လယ်လုပ်၍ အသက်မွေးမှ ကြီးပွားချမ်းသာကြသည် ဟူ၍လည်းကောင်း၊

အနောက်မျက်နှာမှကြည့်လျှင် ဆင်ကြီးဝပ်တွားနေသည့်အသွင် ထင်မြင်ရသောကြောင့် ထိုအရပ်ရှိ လူများသည် ဆင်ခြင်တုံတရားရှိမည် ဟူ၍ လည်းကောင်း၊

www.dhammaransi.com



မြောက်မျက်နှာမှ ကြည့်လျှင် ယက္ကန်းလက်ခတ်အသွင် ထင်မြင်ရသောကြောင့် ထိုအရပ်ရှိ လူများသည် ဝါဂွမ်းစိုက်ပျိုးခြင်း အလုပ်ဖြင့် လည်းကောင်း၊ ယက္ကန်းအလုပ်ဖြင့် လည်းကောင်း အသက်မွေးမှ အကျိုးစီးပွား ဖြစ်ထွန်းမည် ဟူ၍ လည်းကောင်း အယူအဆရှိကြသည်ကို သိရဖူးသည်။

**အနိုက်အတန့်နိမိတ်များ**

မိုးဥတုအခါတွင် တောင်ခိုး တောင်ငွေ့တို့သည် တောင်ထိပ်ကြီးကို ခမောက်ဆောင်းထားသကဲ့သို့ ဖုံးအုပ်ထားသည်ကို မြင်ရလျှင် မြစ်ကမ်းတစ်လျှောက်တွင် မိုးရွာသွန်းနေပြီဟူ ၍ သိရသည်။

**သည်ကိုရည်၍။** ။ (၁)တောင်ကြီး ခမောက်ဆောင်းဟု ခေါ်သည်။

တောင်ခိုးတောင်ငွေ့တို့သည် တောင်လယ် တောင်ခါးပန်းတွင် ရစ်ပတ်နေသည်ကို တွေ့မြင်ရလျှင် ဤတောင်ကြီး၏ မနီးမဝေးတွင် မိုးရွာတော့မည်ဟုသိရသည်။

**သည်ကိုရည်၍။** ။ (၂) တောင်ကြီး ခါးပတ်ပတ်သည်ဟု ဆိုကြသည်။

တောင်ခိုးတောင်ငွေ့တို့သည် တောင်ခြေတွင် ဝန်းရံနေသည်ကို တွေ့မြင်ရပါက တောင်ခြေပတ်လည် အနီးအနားတွင် မိုးရွာတော့မည်ဟု သိရသည်။

www.dhammaransi.com



**သည်ကိုရည်၍။** ။(၃) တောင်ကြီး ပုဆိုးဝတ်သည်ဟုဆိုကြသည်။ ထိုသို့ အခိုးအငွေ့ရစ်ပတ်၍ နှင်းမှုန်ကလေးများကဲ့သို့ တဖွားဖွားကျ၍ ရွာသွန်းနေသော မိုးမျိုးကို (မောက်ဖွဲ) ကျသည် မောက်မိုးရွာသည်ဟု ခေါ်ကြသည်။

## မိုးရွာချိန်ကို ကြိုတင်သိနိုင်သော နိမိတ်တစ်မျိုး

တောင်မကြီးထိပ် ကောင်းကင်ပြင်တွင် တိမ်တောင် တိမ် လိပ်တိမ်ဆိုင်တို့သည် စုဆုံစိုက်ထောင်နေသည်ကို မြင်လျှင် သန်းခေါင်ယာမ်အချိန် သို့မဟုတ် လင်းအားကြီး အချိန်တွင် မိုးရွာတော့မည်ဟု သိနိုင်သည်ဟုဆိုကြသည်။

**သည်ကိုရည်၍။** ။ပုပ္ပားထိပ်ခေါင် တိမ်လိပ်ထောင် သန်းခေါင် နံ့နက်ခင်း။

## အောင်မြေ ( ၉ ) ဌာန


၁။ ဘဇာယနတောင် (ရှေး)၊ ၂။ တောင်ပု (ယခင်)၊ ၃။ သီလတောင် (ယခု) အဆိုပါတောင်သည် ရေတင်စခန်း (ခေါ်) ညောင်ပင်ဆိပ်ကားလမ်းခွဲမှတောင်ကလပ်သို့တက်လာရာ လမ်းတွင်(၄)ဖာလုံခန့်အကွာ၌ လက်ယာဘက်တွင် အစဦးစွာ တွေ့မြင်ရသော တောင်ကို ရှေးက ဘဇာယနတောင်

www.dhammaransi.com



ဟုလည်းကောင်း၊ တောင်ပုဟုလည်းကောင်း ခေါ်ဆိုကြသည်၊ ဆံပင်အရှည်တစ်ပေခန့်ရှိ၊ ရှမ်းလူမျိုး သီတင်းသီလနှင့်ပြည့်သူ (ဦးသီလ) အမည်ရှိ လူသူတော်တစ်ဦး နေထိုင်သွားဖူးသည်ကို အစွဲပြု၍ သီလတောင်ဟူ၍ လည်းကောင်း၊ အချို့က ပုပ္ပားတောင်ပိုင် မယ်တော်ကြီး ဒေါ်ဝဏ္ဏသည် လူဘဝဖြင့် အစဦးစွာ သီလဆောက်တည်ဖူးသောကြောင့် သီလတောင်ဟူ၍လည်းကောင်း ယခုအခါ ခေါ်ဆိုနေကြသည်။ တောင်၏ အနေအထား ပုံသဏ္ဍာန်ကို ကြည့်၍ တောင်ပု ဟူ၍လည်း ခေါ်ဆိုကြသည်။ အဆိုပါ တောင်ထိပ်တွင် ပုပ္ပားတောင်ကလပ် ခြေရင်းရှိ ကုမာရာ ရာမကျောင်းတိုက်ကြီးကို (အာဒိကမ္မိက) အစဦးစွာ တည်ထောင်သွားသူ ဦးဂျော်နီ (ခေါ်) ဆရာတော် ဦးကုမာရ သက်တော်ထင်ရှား ရှိတော်မူစဉ်အခါက မန္တလေးမြို့ နဂါးဆေးလိပ်ခုံပိုင်ရှင် ကျောင်းအမကြီး ဒေါ်ဦး၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ဉာဏ်တော် (၁၈) တောင်ရှိ တောင်ကလပ်ဘက်သို့ မျက်နှာတော်မူ၍ ဗျာဒိတ်ပေးပုံ မတ်ရပ်တော်တစ်ဆူကို တည်ထား ကိုးကွယ်ခဲ့သည်။ထို့ပြင် ၎င်းတောင်ထိပ်၌ မြေပေါက် စေတီငယ်၊ ၄၊ ၅၊ ဆူလည်း ရှိသည်။ မည်သည့်ပုဂ္ဂိုလ် တည်ထား ကိုးကွယ်ခဲ့သည် ဟူ၍မသိ။ ယခုအခါ ဤသမိုင်းပြုစုသူဦးစီး၍ (တစ်ဘက်မျက်နှာ ပုံစံပါ) မဟာကဿပလိုဏ်ဂူ ဟူသော အမည်ဖြင့် တောင်ခြေရှိ ကမ်းပါးယံကြီးကို လိုဏ်ဂူကြီးတူး ဖော်လျက်ရှိပါသည်။ ထိုလိုဏ်ဂူအတွင်း၌ ဗုဒ္ဓ ရုပ်ပွားတော်နှင့်

www.dhammaransi.com




ပုပ္ပား | ဂူ | သီလတောင်

မဟာကာသပလိုက်ဂူအတွင်း တည်ထားကိုးကွယ်မည့်မြေပုံ

www.dhammaransi.com



သေလေးပါး ရှင်လေးပါး ရဟန္တာ ရုပ်ပွားတော်များကို တည်ထားကိုးကွယ်မည်ဖြစ်ပါသည်။

## မဟာကဿပ လိုဏ်ဂူတော်နှင့်
## ရင်ငွေ့လှုံ အလောင်းတော်ကဿပ ရုပ်ရှင်တော်

၁၃၄၁ ခုနှစ် တန်ခူးလပြည့်ကျော် (၉) ရက်နေ့ နံနက် (၉) နာရီအချိန် ပုပ္ပားတောင်ကလပ် ခြေရင်းရှိ ကုမာရာ ရာမ တိုက် မှ ဘုဏ်တော် (၂၄) လက်မရှိ အလောင်းတော်ကဿပ ရင်ငွေ့လှုံ ရုပ်ရှင်တော်မြတ် ကိုယ်စားတော်ကို မဟာကဿပ လိုဏ်ဂူတော်ကြီးအတွင်း အလောင်းတော် ကဿပ ဂန္ဓကုဋိတိုက် သို့ ရွှေဝင်းနောက်ဝင်းတို့ဖြင့် ခင်း၍ စည်ကား သိုက်မြိုက်စွာ ပင့်ဆောင်၍ သီတင်းသုံး စံပယ်ကိုးကွယ်လျက်ရှိသည်။

**မှတ်ချက်**။ ။ပုပ္ပားတောင်ကြီး၏ဝန်းကျင် အောင်မြေတို့တွင် ဤ သီလတောင်အောင်မြေသည် ပထမအစဦးစွာ အောင်မြေဖြစ်သောကြောင့် အဆိုပါတောင်၌ ရပ်ဝေးရပ်ဝေး ရပ်နီးရှိ မြို့အသီးသီး နယ်အရပ်ရပ် မှ သမထ ဝါသနာအိုးများနှင့် ဂန္ဓာရီ ဝိဇ္ဇာလမ်းစဉ် လိုက်စားသူ ရဟန်းရှင်လူ ရသေ့ယောဂီတို့သည် ၃–ရက်၊ ၄– ရက်၊၅ –ရက်၊ ၇ ရက်၊ ၉ရက် စသည် လာရောက်၍ အဓိဋ္ဌာန်ယူ အားထုတ်ကြသူများမှာ မနည်းလှပေ။ အချို့သူများမှာ အနှောင့်အယှက်

www.dhammaransi.com



ကင်း၍ သူ့နည်းသူ့ဟန်ဖြင့် ထူးခြားစွာ အောင်မြင်ကြသည်ဟုလည်း ဆိုကြသည်။ အချို့မှာ အနှောင့်အယှက်ရှိ၍ အပြင်းအထန်တွန်းလှန်အားထုတ်မှ အောင်မြင်ကြသည်ဟုလည်း ပြောကြသည်။ သို့ကြောင့် သီလတောင်ကား သိတင်းသီလသန့်ရှင်းဖြူစင်မှ အားထုတ်လို့ရသည်။ အချို့က ကြမ်းသည်ဟုပြောကြသည်။

## ၂။ လွမ်းတောင်

၎င်းတောင်သည် သီလတောင်၏ အရှေ့တောင်ထောင့် ယွန်းယွန်းတွင် တည်ရှိသည်။ သီလတောင်နှင့် တစ်ဖာလုံခန့်သာ ကွာသည်။ ၎င်းတောင်ကို နွားပြာတောင်ဟုလည်းကောင်း၊ နဂါးပတ် တောင်ဟုလည်းကောင်း ခေါ်ဆိုကြသည်။ ထွက်ရပ်ပေါက်အကျော် ရှင်အဇ္ဇဂေါဏဆရာတော်သည် ၎င်း၏တပည့် မောင်ကျော်စွာ၏ ဇနီး မယ်သော်တာအား ခေါ်ဆောင်သွားရာ မောင်ကျော်စွာသည် ဤတောင်မှစောင့်၍ ဇနီးသည် မယ်သော်တာအား လွမ်းဆွတ်တမ်းတရာ ဌာနဖြစ်သောကြောင့် လွမ်းတောင်ဟူ၍ ခေါ်တွင်ကြောင်း ပြောကြသည်။

**နွားပြာတောင်ခေါ်တွင်ခြင်း။** ။အဆိုပါ တောင်၏ အနီးအပါးတွင် လယ်ယာလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုသူတစ်ဦးတွင် နွားပြာကြီးတစ်ကောင်ရှိသတတ်။ တစ်နေ့သောအခါ ထိုနွားပြာကြီး

www.dhammaransi.com



ပျောက်သွားရာ လိုက်လံရှာဖွေနေသော နွားရှင်အား ဘဇာယနတောင်ရှိဦးသီလက မင်းနွားကြီး အရှေ့ဘက်တောင်တွင် ရှိလိမ့်မည်၊ သွားရှာချေဟု ညွှန်ကြားလိုက်သောကြောင့် သွားရောက် ရှာဖွေကြည့်ရှုရာ နွားကြီးကျက်စားနေသည်ကို တွေ့မြင်ရသည်။ နွားကြီးပျောက်တိုင်း ထိုတောင်ပေါ်၌သာ တွေ့မြင်ရမြဲ ဖြစ်သောကြောင့် နွားပြာတောင်ဟူ၍ ပျက်ရယ်ပြု၍ ခေါ်ဆိုနေကြရာမှ တွင်နေသော အမည်ဖြစ်ဟန်တူသည်။

**နဂါးပတ်တောင်ခေါ်တွင်ခြင်း။** ။ ပုပ္ပါးမယ်တော်ကြီး ဒေါ်ဝဏ္ဏာသည် လူ့ဘဝဖြင့် သီလတောင်တွင် အဓိဋ္ဌာန်ဝင် အောင်မြင်ပြီးသော အခါ ဤတောင်သို့ တစ်ဆင့်ကူး၍ အဓိဋ္ဌာန်ထူးကို ယူပြန်သည်။ ထိုအခါ ဒေါ်ဝဏ္ဏာ၏ အဓိဋ္ဌာန်စွမ်းရည်ကို စမ်းသိလို၍ နဂါးကြီးတစ်ကောင် လာရောက်ပြီး ဒေါ်ဝဏ္ဏာ၏ ကိုယ်ကို ပတ်လေသည်။ ထိုအချိန်မှစ၍ ဤတောင်ကို နဂါးပတ်တောင်ဟုခေါ်တွင်ကြောင်း ပြောဆိုကြပြန်သည်။

## ၃။ မျှော်တော်တောင်

ဘဇာယနတောင်နှင့် လွမ်းတောင်အနီးတွင်ရှိသည်။ မောင်ကျော်စွာသည် မယ်သော်တာလာမည့်လမ်းကို မျှော်မှန်းရာဌာနဖြစ်သောကြောင့် မျှော်တော်တောင်ဟု ခေါ်ဆိုကြသည်။ အချို့က တောင်ကလပ်နှင့် နီးသည်ဆိုကြသည်။ မည်သည့်တောင်ဟု ဖော်ပြနိုင်စွမ်းမရှိ။

www.dhammaransi.com



## ၄။ ကျောက်တင်းတိမ်

ကျောက်ပန်းတောင်းမှ ပုပ္ပားမြို့သို့ သွားရာကားလမ်း ရေတာင်စခန်း (ခေါ်)တောင်ကလပ် ကားလမ်းခွဲ မြောက်ဘက်ရှိ တံတား၏ အရှေ့ဘက်မှ တောင်ကုန်းဖြစ်သည်။ ထိုတောင်ထိပ်တွင် ငါးစပ်စောင် (ခေါ်) တင်းတိမ်စောင် တစ်ထည်စာ ဖြန့်ခင်းထားလောက်ရာ ဌာနတွင် သစ်ပင်ချုံနွယ်မြက် စသည် မပေါက်ဘဲ သယံဇာတ သဘာဝ တည်ရှိနေသည်ကို အစွဲပြု၍ ကျောက်တင်းတိမ်ဟု ခေါ်ဆိုကြသည်။

## ၅။ ရသေ့တောင်

အနော်ရထာမင်း၏ ခမည်းတော် ကွမ်းဆော်မင်းသည် ရသေ့အသွင် ဝတ်ဆင်၍ သီတင်းသုံး နေထိုင်ဖူးသောကြောင့် (ရသေ့တောင်) တွင်သည်ဟု ဆိုကြသည်။ ၎င်းတောင်သည် ကျောက်တင်းတိမ်၏ အရှေ့ဘက်တွင်ရှိသည်။

## ၆။ သမဲကျင်း

တောင်ကလပ်၏အရှေ့မြောက်ဘက် တောက်ကြန့်ကန်နှင့် မနီးမဝေးတွင်ရှိသည်။ ကြွကျဟူ၍ လည်းကောင်း၊ သမဲကျင်း ကြွက်ကျဟူ၍ သည်းကောင်း ခေါ်ဆိုကြသည်။

www.dhammaransi.com



## ၇။ ရွှေလဝင်း

ရွှေလဝင်းခေါ်သော မြင်းရတနာ ပေါ်ပေါက်မည့်နေရာ ဟုဆိုသည်။ ထိုမြင်းရတနာသည် သိုက်မြင်းဖြစ်ကြောင်း ပြောကြသည်။ ၎င်း အောင်မြေဌာနသည် တောင်ကလပ်၏ အရှေ့တောင်ထောင့် ခပ်ယွန်းယွန်းတွင် ထောက်ကြန့်ကန်အနီး၌ ရှိသည်။

## ၈။ မှန်ကင်းတောင်

မှန်ကင်းတောင် အောင်မြေသည် အထက်တောင် အောက်တောင်ဟူ၍နှစ်လုံးရှိသည်။ အောက်တောင်ထိပ်တွင် မြေပေါက်စေတီတစ်ဆူရှိသည်။ ဆည်ပေါက်ရွာဟောင်း၏ အရှေ့တောင်ကျသည်။ ထိုစေတီတော်ကို ၎င်းရွာမှ ရွာသူရွာသားများက ဝါဝင်ဝါထွက် ဆွမ်းတော်ကပ်လှူ ပူဇော်ကြသည်။

## ၉။ ဇေယျာသိမ်ကုန်း

အဆိုပါ အောင်မြေသည် ဆည်ပေါက် ရွာဟောင်း၏ အရှေ့မြောက်ဘက်(၂)ဖာလုံခန့် အကွာတွင် တည်ရှိသည်။ ဇေယျာသိမ်မင်းသည် ရသေ့အသွင်ဝတ်ဆင်၍ တရားနှလုံးသွင်း သီတင်းသုံး နေထိုင်ဖူးသည်ဟု ဆိုသည်။ ထိုကိုအစွဲပြု၍ ဇေယျာသိမ်ကုန်းဟုခေါ်သည်။ ၎င်းကုန်းပေါ်တွင် မြေပေါက်စေတီ

၂၄၂၂၅

www.dhammaransi.com



တစ်ဆူရှိသည်။ ထိုဘုရားကုန်းပေါ်တွင် ကြာစေ့သံ၊ လေဖုံးသံများရှိသည်။ အင်္ဂါရုတ် ဝါသနာအိုးတို့အတွက် အသုံးချလိုရသည်။ ထိုကုန်းအနီးတွင် ယခင်က ဆားချက်လုပ်ဖူးသောမြေကျင်းများရှိသည်။ ထိုကြောင့် (ဆားကျင်း) ဟု ယခုခေါ်ဆိုကြသည်။

## ဝိဇ္ဇာလမ်းနှင့် သိဒ္ဓိစခန်း

အထက်၌ ဖော်ပြအပ်ခဲ့ပြီးသော ဘူမိနက်သန် အောင်လံမကိုင်နှုိက်ထူရာ ဤ (၉) ဌာနသည် လောကိယဝိဇ္ဇာ လမ်းစဉ်နှင့် ဂန္ဓာရီ ဝိဇ္ဇာလမ်းစဉ်ကို ကြိုးပမ်းတော်မူကြသော ရဟန်း ရှင်လူ – ရသေ့–ယောဂီ ဟူဟူသမျှတို့၏ နောက် သိဒ္ဓိယူရာဌာနများဖြစ်သည်ဟု ဆိုကြသည်။ ထိုအဆိုနှင့်အညီ (၁)ဌာနဖြစ်စေ၊ ၂၊ ၃၊ ၄၊ ၅–ဌာနဖြစ်စေ၊ (၉)ဌာနလုံး ဖြစ်စေ အဓိဋ္ဌာန်ယူပြီးလျှင် အသားလွတ် မီးလွတ်စား၍ (၁)ဌာနလျှင် ၃ ရက်၊ ၅ ရက်၊ ၇ ရက်၊ ၉ ရက် စသည် သွားရောက် အားထုတ်ကြသည်။

**အချို့မှာ။** ။တြင်းကြေ၊ နဝင်းကြေ၊ သတ္တဗိသကြေဆည်းပူးကြိုးကုတ်အားထုတ်၍ လောကီအခေါ်ကာယ၊ ပီယ၊နေ စသောသိဒ္ဓိ (၁၀)ပါးကို ရယူကြသည်ဟု ထွက်ရပ်ပေါက်လောကတွင် ဥဒါန်းတစ်ခု ကျန်ရစ်နေသည်ဟု ယူဆရပေတော့မည်။

www.dhammaransi.com



## ပုပ္ပားတောင်ကြီးကို ဝန်းရံလျက်ရှိသော တောင်များ

၁။ တောင်ပုတောင်။ ။၎င်းတောင်သည်ပုပ္ပားတောင်ကြီး၏ အနောက်မြောက်ချိုင်းရွာခေါ်သော ရွာ၏ အနောက်ဘက်တွင် ရှိသည်။

၂။ တောင်လှတောင်။ ။အထက်ပါ တောင်ပု၏အရှေ့ဘက်တွင် တည်ရှိသည်။

၃။ ရွှေတွင်းတောင်။ ။ညောင်ပင်ကျင်းရွာ တောင်၏တောင်ဘက်တွင် ရှိသည်။

၄။ ငွေတွင်းတောင်။ ။အဆိုပါတောင်သည် ရွှေတွင်းတောင်နှင့်တစ်စပ်တည်းတည် ရှိသည်။

၅။ မြောက်နားတောင်။ ။ထိုတောင်သည် ငွေတွင်းတောင်၏ အနောက်တောင်ထောင့် ခပ်ယွန်းယွန်းတွင်ရှိသည်။

၆။ အလယ်တောင်။ ၇။ တောင်နားတောင်။

ဤတောင် (၂)လုံးသည် တောင်နှင့်မြောက် ယှဉ်စပ်လျက်ရှိသည်။ တောင်နားတောင်မှာ အုတ် (၂)ချပ် ထပ်လျက်ရှိသည်ကိုတွေ့ရတတ်သည်။ အဆိုပါ အုတ်(၂) ချပ်ကို ယနေ့ တစ်ချပ်စီခွဲထားခဲ့ပြီး မနက်ဖြန်တွင် သွားရောက်ကြည့် ရှုပါက ထိုအုတ်(၂)ချပ်ပြန်ထပ်နေသည်ကို တွေ့ရတတ်သည်။ ဤကားတောင်နားတောင် ထူးခြားချက်တည်း။

www.dhammaransi.com



၈။ မြက်သောက်တောင်။ ။ဤတောင်၌ မြက်သောက်များ ပေါက်၍ မြက်သောက်တောင် ဟု ခေါ်သည်။ နေရာဌာန ညွှန်ပြသည်ကို မတွေ့ရ။

၉။ ရသေ့တောင်။ ။ရသေ့ တောင် ခေါ် ခြင်း အကြောင်းကို အထက်၌ ဖော်ပြခဲ့ပြီးဖြစ်သည်။ နေရာဌာနကိုလည်းညွှန်ပြခဲ့ပြီးပါပြီ။

**မှတ်ချက်။** ။ပုပ္ပားတောင်ကြီးကို ဖော်ပြရာပါ တောင် (၉) လုံးတို့နှင့် အမည်သိ မသိ တောင်ပေါင်းများစွာ တို့ဖြင့် ဝန်းရံလျက်ရှိသည်။ တောင်(၉)လုံးကိုသာ အမည်သတ်မှတ်၍ ဖော်ပြခြင်းသည် နဝင်းသမား တို့၏အလိုဆန္ဒအရ ၎င်းတို့ ကြိုက်နှစ်သက်ရာကို သာ ဖော်ပြထားခြင်း ဖြစ်သည်ဟု ယူဆသင့်ပေ သည်။ ပုပ္ပားတောင်ကြီးကို ဝန်းရံလျက်ရှိသော အရံတောင်ပေါင်းမှာ (၆၀) ကျော်ရှိသည်ဟု ပုဂံ ရာဇဝင်၌ ဆိုကြောင်း တွေ့ရသည်။ အချို့အမှတ် အသားမှာ တောင်ရံပေါင်း (၉၀) ကျော် (၁၀၀) ခန့်ရှိသည်ဟု သိရသည်။

## တောင်ထိပ်တို့၏အမြင့် ပမာဏများ

မှန်ပြတောင်(ခေါ်)ငှက်မနားတောင်သည် ယခု(မက်ကရီ ဝေ့ဖ်) အသံဖမ်းစက်ကားပြောစက်ကြီး တည်ဆောက်ထားသော စပါးပုံတောင်၏ အရှေ့မြောက်ထောင့် ယွန်းယွန်းတွင် တည်ရှိ

www.dhammaransi.com



သော အမြင့်ဆုံး တောင်ထိပ်ကြီးဟုဆိုသည်။ ထိုတောင်ကြီးကို (၁၉၂၆–၂၇) ခုနှစ် မြေပုံတွင် ပုပ္ပားတောင်ဟု အမည်ပေး ထားသည်။ ထိုတောင်ထိပ်သည် ပင်လယ်မျက်နှာပြင်မှ တိုင်း တာသောနည်းဖြင့် (၄၉၈၁) ပေမြင့်သည်။

## စပါးပုံတောင်

ဤတောင်သည် ယခု (မက်ကရိဝေ့ဖ်)တည်ဆောက်ထား သော တောင်ကိုခေါ်သည်။ ထိုတောင်ထိပ်၌ ရသေ့ကြီးဦးခန္တီ တည်ထား ကိုးကွယ်ခဲ့သော မြေပေါက်စေတီတစ်ဆူ ရှိသည်။ အမြင့်အားဖြင့် (၄၈၀၁)ပေမြင့်သည်။

## မာလာတောင်

စပါးပုံတောင်၏ အနောက်မြောက် ယွန်းယောင်တွင် ရှိသည်။ အဆိုပါတောင်သည် အမြင့်အားဖြင့် (၃၈၁၂)ပေ ရှိသည်။

## တောင်တန်းကြီး

စပါးပုံတောင်နှင့် မှန်ပြတောင်အကူး သွားရာလမ်းတောင် တန်းကြီးတစ်လျှောက်ကို တောင်တန်းကြီးဟုခေါ်သည်။ ပေ ပေါင်း (၄၀၈၈) ပေမြင့်သည်။

www.dhammaransi.com



## ကင်ပွန်းတောင်

စပါးပုံတောင်၏ အနောက်တည့်တည့်တွင် ရှိသည်။ အမြင့်အားဖြင့် (၃၄၆၅) ပေမြင့်သည်။

## မောင်တော်ငုတ်တုတ်

တောင်ထိပ်ဖျားမှ သွယ်တန်းကျဆင်းလာသော တောင်လက်မောင်းများသည် ငုတ်တုတ်ပြတ်သွားသောကြောင့် လည်းကောင်း၊ ဦးတင့်တယ် (ခေါ်) မောင်တော်နတ်နန်းနတ်ကွန်းနှင့် မဝေးလွန်းသောကြောင့်လည်းကောင်း၊ အချို့က မောင်တော်နတ်သည် ထိုကုန်းပြင်တွင် ငုတ်တုတ်ထိုင်လျက် ကိုယ် ထင်ရှားပြသည်ကို လည်းကောင်း ဤသည်တို့ကို အစွဲပြု၍ မောင်တော်ငုတ်တုတ်ဟုခေါ်ကြသည်။ အမြင့်အားဖြင့် (၄၀၈၇) ပေမြင့်သည်။

## ဆေးဖုံးတောင်

စပါးပုံတောင်၏ မြောက်ဘက်တွင်ရှိသည်။ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီများ၊ ဆရာကြီးများ ရှေးအခါက (ဆေးပြွမ်း) ဆေးရောနှောပေါင်းစပ်ရာဌာန ဖြစ်သောကြောင့် ဆေးပြွမ်းတောင်ဟု ခေါ်သည်၊ ကာလရွေ့လျောလာသဖြင့် ဆေးဖုံးတောင်ဟု ယခုအခါ ခေါ်ဝေါ်ကြသည်။ အမြင့်အားဖြင့် ပေပေါင်း (၄၅၀၂) ပေမြင့်သည်။

www.dhammaransi.com



## မီးကျင်တောင်

စပါးပုံတောင်၏ မြောက်ဘက်အစွန်း ထိပ်ဆုံးဖြစ်သော တောင်ငူထက်ဝယ် ခွက်ခွက်ရှိသော နေရာကို မီးကျင်တောင် ဟုခေါ်သည်။

## လေတွင်းတောင်

တောင်ထွတ်ကြီးတို့၏ အကြား၌ တိုက်ခတ်လာသောလေ တို့သည် တောင်ယံစောင်းကို တိုက်ခတ်၍ အထက်သို့ မှုတ်ထုတ် လိုက်သကဲ့သို့ ဆန်တက်လာသည်ကို အစွဲပြု၍ လေတွင်းတောင် ဟု ခေါ်သည်။ ထိုတောင်ထိပ်မှရပ်၍ လက်ကိုင်ပုဝါစသည့် ပေါ့ပါးသောအရာတစ်ခုခုကို အောက်သို့ပစ်ချပါက အောက် မှ ဆန်တက်လာသော လေ၏ တွန်းထုတ်မှုတ်အားကြောင့် အောက် မကျမူ၍ အထက်သို့သာ ပျံတက်လာသည်။ သို့ကြောင့် သည်ကို ရည်၍–

တောင်ခုလတ်ဝယ်၊ လေဓာတ်တွင်းခေါင်း၊ သံခြိမ်းမောင်း ၍၊ သစ်ချောင်း ဝါးလုံး၊ စုရုံးစစ၊ ထိုတွင်းဝသို့၊ ပစ်ချတွန်းဖို့၊ စမ်းတုံ့မြို့လည်း၊ အောက်သို့မသက်၊ အထက်သို့သာ၊ ပျံလွင့် လာ၏ ဟုဖွဲ့ဆိုထားသည်။

## မြခဲတောင်

စပါးပုံတောင်၏ တောင်ဘက်တွင် တည်ရှိသည်။ အမြင့် အားဖြင့် (၁၉၄၆) ပေမြင့်သည်။

www.dhammaransi.com



## တောင်စောက်ကြီး

စပါးပုံတောင်၏ တောင်ဘက်တွင်ပင်ရှိသည်၊ မတ်မတ်စောက်စောက် တည်နေဟန်ကြောင့် တောင်စောက်ကြီး တွင်လေသည်။ အမြင့်အားဖြင့် (၁၇၅၇) ပေမြင့်သည်။

## ပလ္လင်ကိုးဌာန

၁။ ရွှေစည်တိုင်ပလ္လင်။ ။အနော်ရထာမင်းသားသည် နောင်တော်ကိုတိုက်ခိုက်လုပ်ကြံရန် ပုပ္ပားအရပ်တွင် ခေတ္တဗိုလ်ဝင်ခံနေစဉ် စည်တော်အမှုထမ်းသားတို့၏ တည်ရာရပ်ကွက်ဖြစ်သည်။ စည်တော်ဆွဲသောအုတ်တိုင်များ ယခုထက်တိုင် အကြွင်းအကျန် ရှိသေးသည်။ ရွှေတံတိုင်းဟု ယခုအခါခေါ်ကြသည်။ ယာလုပ်သားများနေ၍ ယာမြေများဖြစ်နေလေပြီ။

၂။ ပုပ္ပားမြို့ပလ္လင်။ ။ ပုပ္ပားမြို့ရှိ ကားလမ်း၏ အရှေ့ဘက်သည် အနော်ရထာမင်းသား၏ မြို့ဟောင်းနေရာဖြစ်သည်။ အထွတ်အထိပ်သို့မရောက်မီ စံနေခဲ့ဖူးသော နေရာဖြစ်သည်။ ဖော်ပြခဲ့သည့်အတိုင်း ဗိုလ်ဝင်ခံနေစဉ်အခါက ဖြစ်သည်။

အနော်ရထာမင်းသားသည် နန်းဦးဘုရား (သို့မဟုတ်)ပြည်အောင်စံဘုရား (သို့မဟုတ်) ရွှေအောင်စံဘုရားဟု သုံးမည်ရသုံးဘွဲ့ခံ ဓာတုစေတီတစ်ဆူကိုလည်း တည်ထားကိုးကွယ်ခဲ့သည်။

www.dhammaransi.com



ယခုအခါအဆိုပါ ပြည်အောင်စံဘုရားကို ဆရာတော်ဦးတိက္ခ ဉာဏကြီးမှူး၍ ဦးစီးပြုပြင်လျက်ရှိသည်။

၃။ မောင်တော်နန်းပလ္လင်။ ။ ယခုမောင်တော်နန်း(ခေါ်) ဦးတင့်တယ်နတ် နတ်နန်းရှိ ရာ ကုန်းပြင်ကိုခေါ်သည်။

၄။ နှာရောင်တွင်းပလ္လင်။ ။ မောင်တော်နတ်ကွန်း၏ အ ထက်အဝေးမှ ကြည့်လျှင် ချေသူငယ်၏ နှာရောင်အသွင်နှင့် တူသော ကုန်းပြင်ကို နှာရောင်တွင်းပလ္လင်ဟုခေါ်သည်။

၅။ သပြေပင်ပလ္လင်။ ။ နှာရောင်တွင်း ပလ္လင်၏ အရှေ့ ဘက် ရိုးတစ်ရိုးခြားလျက် အမြင့် တွင် တည်ရှိသော နေရာကိုခေါ်သည်။

၆။ တက်မနားပလ္လင်။ ။သပြေပင်ပလ္လင်၏ အရှေ့ဘက် တွင်ရှိသောကုန်းမြင့်ကိုခေါ်သည်။

၇။ ကျင်းရေကုန်းပလ္လင်။ ။တက်မနားပလ္လင်၏ အရှေ့ ဘက်တစ်ခေါ်သာသာလောက် ဝေးသော နေရာတွင်ရှိသည်။ ကျင်းရေကုန်းခေါ်သည်ကား ရှေးအခါက ချင်းလူမျိုးတို့သည် ဤပုပ္ပားအရပ်မှ တိမ်းရှောင် ၍ ဧရာဝတီမြစ်အနောက်ဘက်သို့ ထွက်ပြေးခါနီးတွင် သူ တို့၏ လူမျိုးဦးရေကို စုဆောင်းစစ်ဆေးရေတွက်ရာဌာန ဖြစ်သောကြောင့် ရှေးအခါက ချင်းရေကုန်းဟုခေါ်သည်။

www.dhammaransi.com



ကာလ ရွေ့လျောလာသဖြင့် ယခုအခါ ကျင်းရေကုန်းဟု ခေါ်ကြသည်။

၈။ မောင်ငုတ်တုတ်ပလ္လင်။ ။ကျင်းရေကုန်း၏အထက်တွင် ရှိသည်။မောင်တော်ငုတ်တုတ် အကြောင်းကို ရှေးက ဖော်ပြခဲ့ပြီးဖြစ်သည်။

၉။ ရေတွင်းတောင်ပလ္လင်။ ။ငင်းတောင်ထိပ်သည် ညီညွတ် သော အပြင်ရှိ၍ ရေတွင်း တောင်ပလ္လင်ဟုခေါ်သည်။ ရေထွက်သောကြောင့် ရေတွင်း တောင်ဟု ခေါ်တွင်သည်။

## ကုန်း (၉)ကုန်း

### ၁။ မောင်တော်ကုန်း

ဦးတင့်တယ်နတ်ကွန်းကို မောင်တော် နတ်ကွန်းဟုခေါ် သည်။ ၎င်းနတ်ကွန်းတည်ရှိရာ ဌာနကိုပင် မောင်တော်ကုန်းဟု ခေါ်သည်။

### ၂။ မင်းမရေကုန်း

မင်းမဟာဂီရိ နတ်မောင်နှမတို့အား နတ်ကွန်းတည်ဆောက် ၍ မထားမီက ထိုနတ်မောင်တော်နှမတော်တို့ ခေတ္တတည်ရာ ဖြစ်သော ဌာနကိုခေါ်သည်၊ ထိုဌာနသည် ယခုတည်ဆောက်ပြီး ဖြစ်သော မောင်တော် နှမတော်နတ်ကွန်းတို့၏ အနီးတွင်ရှိသည်။

### ၃။ ကျင်းရေကုန်း

ပလ္လင်ကိုးဌာနတို့တွင် အမှတ် (၇)ပလ္လင်ကို ကျင်းရေကုန်း ဟုခေါ်သည်။

www.dhammaransi.com



၄။ ဘန့်ဘွေးကူးကုန်း

ကျင်းရေကုန်း မြောက်ဘက် တစ်အိုင်ခြားတွင်ရှိသည်။

၅။ နွားမ သေကုန်း

နွားမများ စားသောက်စရာမရှိ မြက်မပေါက်နိုင်သော ထိုကျောက်ကုန်းကို နွားမ သေကုန်းဟုခေါ်သည်။

၆။ ကြက်မောက်တောင်ကုန်း

နွားမ သေကုန်း၏အရှေ့ဘက်တွင် ရှိသည်။

၇။ နွားတပ်ကုန်း

တောင်ကလပ်၏အရှေ့တောင်ထောင့် ယွန်းယောင်တွင်ရှိသည်။ အဆိုပါကုန်းသည် တောင်ဘက်တစ်ကုန်း မြောက်တစ်ကုန်းအားဖြင့် နှစ်ကုန်းရှိသည်။

၈။ ခဲကြီးကုန်း

တောင်ကလပ်၏အနောက်ဘက်တွင်ရှိသည်။

၉။ ရေဖြူကုန်း

သီလတောင်၏ တောင်ဘက်တွင်ရှိသည်။

## အိုင့် (၉)အိုင့်

၁။ ထန်းပင်အိုင့် ၂။ ကျွန်းတောအိုင့်
၃။ လွှစင်အိုင့် ၄။ သရက်အိုင့်
၅။ သစ်ပုံအိုင့် ၆။ မယ်နှောကြီးအိုင့်

www.dhammaransi.com



၇။ ဗိုလ်တဲအိုင့်
၈။ ချင်းအိုင့်။ ။စပါးပုံတောင်ထိပ်၏ အနောက်တွင်တည်ရှိ၍ ရှေးကချင်လူမျိုးများနေထိုင်သွားသောကြောင့် ချင်းအိုင့်ဟုခေါ်သည်။
၉။ ဥယျာဉ်သာအိုင့်။ ။စပါးပုံတောင် မှန်ပြတောင် နှစ်လုံးတို့၏ တောင်ဘက်တွင်ရှိသည်။

ဧက (၂၀)ခန့်ကျယ်သည်။ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များနေထိုင်၍ နတ်ကြီးသည်၊ နတ်ရဲသည်။ ထိုအိုင့်အတွင်းရှိသစ်ဝါးများကို မခုတ်ဝံ့ကြဟုဆိုသည်။

**ကန် (၉) ကန်**

၁။ ထိန်ကန်။ ။ ပုပ္ပားမှရွှေစည်တိုင် (ရွှေစည်တိုင်) အရပ်သို့သွားရာလမ်းတွင်ရှိသည်။
၂။ ပိတောက်ကန်။ ။ ပုပ္ပားမြို့အနောက်ဘက် မနီးမဝေးတွင်ရှိသည်၊
၃။ သိမ်ကန်။ ။ ပုပ္ပားမြို့တောင်ဘက်တွင် ရှိသည်။ ရဟန်းတော်များ ကံကြီး ကံငယ်ပြုသောအခါ ရှေးကရေသိမ်အဖြစ်အသုံးပြုခဲ့သောကြောင့် သိမ်ကန်အမည်တွင်သည်။
၄။ ဆီးဖြူကန်။ ။ပုပ္ပားသုသာန်၏ မြောက်ဘက်တွင် တည်ရှိသည်။

www.dhammaransi.com



၅။ သက်ငယ်ကျင်းကန်။ ။ အိမ်မိုး သက်ငယ်ကြီးများ ပေါက်ရောက်သောကြောင့် သက်ငယ်ကျင်းဟုခေါ်သည်။

၆။ ပြည့်စင်ကန်။ ။ပြည့်စင်ပင်များပေါက်ရောက်သောကြောင့် ပြည့်စင်ကန်ဟုခေါ်သည်။

၇။ ပေါင်းလောင်းကန်။ ။ယခုအခါ ထိုကန်ထဲတွင် စပါးစိုက်ပျိုး၍ လယ်ယာမြေဖြစ်နေပြီ။

၈။ ကန်ကြီးတွင်းကန်။ ။ပုပ္ပားမှ ပုပ္ပားလွင်ရွာသို့သွားရာ လမ်းဘေးတွင်ရှိသည်။

၉။ ထောက်ကြန့်ကန်။ ။တောင်ကလပ်၏အရှေ့တောင်ယွန်းယောင်တွင် ရှိသည်။ထိုကန်အနီးတွင် ဥစ္စာသိုက်ရှိသည်။ ရွှေလဝင်းခေါ်သော မြင်းသိုက်သည်လည်း ဤကန်၏ အနီးမှာပင်ရှိသည်ဟုဆိုသည်။

## အံ့ဘွယ် (၉) ဖြာ

ပုပ္ပားတောင်သည် အံ့ဘွယ်ကိုးဖြာနှင့် ပြည့်စုံသည်။

၁။ ပန်းပဲအလုပ်လုပ်၍ မထွန်းကားနိုင်ခြင်း။

၂။ မြေအိုးမြေခွက် လုပ်၍မကြီးပွားနိုင်ခြင်း။

၃။ ဇာတ်–ရုပ်သေးပွဲသဘင် တည်ထောင်၍ မထွန်းကားနိုင်ခြင်း။

www.dhammaransi.com



၄။ ဆေးဘက်စုံ ပေါများခြင်း။

၅။ ပန်းမျိုးစုံပေါများခြင်း။

၆။ နတ်မြင်းရှိခြင်း။

၇။ စိမ့်စမ်းရေထွက် ပေါများခြင်း။

၈။ နတ်ကျားရှိခြင်း။

၉။ မြွေဆိုးမရှိခြင်း။

ဤအံ့ဘွယ်ကိုးဖြာနှင့် ပြည့်စုံသည်။

၁။ ပန်းပဲလုပ်၍မထွန်းကားခြင်း

ဦးတင့်တယ်–နှမ–မြလှအမည်ရှိ မင်းမဟာဂီရိ တောင်ကြီးရင် မောင်တော်–နှမတော်တို့သည် ပန်းပဲဖိုဖြင့် ဖိုကျင်ထိုးခံရ၍ မရှုမလှ သေဆုံးခဲ့ကြရသည်ကို လည်းကောင်း၊ မိမိအလုပ်ဟောင်းကို ပြန်ပြောင်းသတိရစေသည်ကိုလည်းကောင်း အောက်မေ့၍ ဤအလုပ်လုပ်စားသူတို့ကို မထွန်းကားအောင် ဟန့်တားခြင်း ဖြစ်တန်ရာသည်။

၂။ မြေအိုးမြေခွက်လုပ်ကိုင်၍ မဖြစ်ထွန်းခြင်း

အထောက်အထားအခိုင်အမာကို သမိုင်းများကမဆို။ အသင့်ယုတ္တိအားဖြင့် ဤတောင်သည် ရှေးက မီးတောင်ဖြစ်ခဲ့သည် အားလျော်စွာ မီးလောင်ကျက်မြေမျိုးသည် ဖွဲ့စည်းခြင်း (အာပေါဓာတ်)ကို ပျက်ပြယ်စေမည့်အရာက များသောကြောင့်ဖြစ်သည်ဟု ဆိုရန်ရှိသည်။

www.dhammaransi.com



၃။ ဓာတ်ရုံသေးပွဲသဘင် တည်ထောင်၍မထွန်းကားခြင်း

ဦးတင့်တယ်၊မမြလှ နတ်မောင်နှမတို့သည် အပူအဆွေးနှင့် ဒုက္ခတွေပင်လယ်ဝေပြီး ဘဝဓာတ်သိမ်းခဲ့ရသည်ကို မေ့ပျောက်ဖုံးကွယ်နိုင်ခြင်း မရှိသောကြောင့် ဤအလုပ်ကို မထွန်းကားအောင် ဟန့်တားဖျက်ဆီးခြင်းပင် ဖြစ်တန်ရာသည်။

၄။ ဆေးဘက်စုံပေါများခြင်း

ကန့်ကျွတ်နက်၊စိန်နက်၊ သဇင်နက်၊စပလင်နက်၊ အဖြိုက်နက်၊ နနွင်းနက်၊ လကြီးနက်၊ ဟုန်းနက်၊ ဂမုန်းနက်၊ ပေါက်နက်၊မဟော်ရာနက် စသော အနက်မျိုးစုံ သမုန်း၊ ခတက်၊ ဆူးခေါက်နက်၊ သက်ရင်းအော်လဲ၊ ဆေးပုလဲပဒဲကော၊ ဆိတ်ဖူး၊ ဆိတ်ဖလူး၊ကန့်အိပ်၊ မိဿလင်၊ ယင်းပြား၊ နနွင်းခါး၊ ခန်းတောက်၊ ပေါက်ကြီး၊ ကြာဟင်းသင်းဝင်ဖြူ။ ပေါက်ငယ်၊ ပေါက်နွယ်၊ လက်ထုပ်၊ ကန့်ကျွတ်၊ ရာဇဝင်၊ ဆင်သမနွယ်၊ ဖန်းခါး၊ သကြားစက်၊ ပိတ်ချင်း၊ မရနင်း၊ မဟာကာ၊ စာသူငယ်ဦးနှောက်၊ ဖျောက်ဆိပ်စစ်ကြီး၊ ရှားစောင်းကြီး၊ မြင်းခွာ၊ နာမျိုးငါးစုံ၊ ဂုဏ်မျိုးငါးအင်၊ ဆင်သမနွယ်၊ ကျွန်းနက်၊ တွင်နက်ကတိုး၊ မင်းကိုးကာ၊ သမက၊ မဏိသြဃ၊ ငှရွှေ၊ လိပ်ဆူရွှေ စိန္တပေါ်၊ မဟော်ရာ ဓောင်ကြမ်း၊ ကြောင်ပန်းစရိ ပန်းညိုဖာလာ တိလက်သာ ပန်းရင်းနနွင်းစိမ်း မရိနွယ် ငန်းစွယ်သိင်္ဂနိက် အိပ်မွေး မိုးနံ့ လက်ပံခါး ရွေးဖြူ ရှင်ဗာကူ ပဲစိမ်းနီ ဆေးပိုးတီ ကန့်ဘလူ ဆီးဖြူ မရကန့် သံလျက်နှစ်ပါး သားလှ ကျေးရူး ကျွေးဥ ဝဥ ငှစပ် ပဒပ်စာ ကြောင်လျှာ၊ လက်တို စသော ဆေးဘက်

www.dhammaransi.com



ဆေးပင် သိုက်ဝင်ဂမုန်း အလုံးစုံသောဓာတ်ဝင် သတ္တုအစုစု တို့သည် စုံစီပြည့်ဝ လွန်စွာ ပေါများလှသည်။

၅။ ပန်းမျိုးစုံပေါများခြင်း

နှယ်ပန်း ရွက်ပန်း၊ ဆန်းဆန်းပြားပြား၊ ချယားဇလပ် ခတ္တာ ထပ်တရာ၊ စကားဝါ စံပယ်၊ ဒဝယ်အင်ကြင်း၊ ယင်းမာ စွယ်တော်၊ ကံ့ကော်ကြက်ရုံး၊ ပုန်းညက်ခဝဲ၊ ပေါက်လဲနော်ဇာ ဇီဇဝါ-ပန်းထိမ်ငို၊ ခွာညို သရဖီ၊နှင်းဆီ မြတ်လေး၊ ဗွန်မွှေး ခေါင်ရမ်း၊ ငွေပန်းမိုးစွေ၊ ငါးထွေကြာမြတ်၊ ရင်ကတ်ဖက်ဆွတ်၊ ခိုင်ညွှတ်သဇင်၊ မဥ္ဇူသစ်ခွ၊ ဒေါနရွှေပန်း၊ ရေစမ်းကုန်းကျင်း၊ မြိုင်တွင်းလေဟူ၊ တတမွှေး၍ တအေးအေး ကျူလှသော ပန်း တို့မှာလည်း ရာသီအလိုက် ပွင့်ကြဖူးကြကုန်သည်။

**သည်ကိုရည်၍**။ ။ပန်းပန်လျှင် နန်းဆန်တဲ့စကား၊ ပန်ချင်သူ

ဤတောင်ထွတ်က၊ ပန်းဆွတ်လို့သွား၊

တောတောင်ပန်းစုံမယ်ဘွဲ့။

ဘယ်ဘယ်ဆီ မမှန်းတတ်ပြီဘူး၊ ပန်းကလပ်

တောင်စွယ်၊ သန်းဒဟပ်ချောင်ကျယ်ကျယ်တွင်

ယောင်လည်လည်နေလို့၊ ကြိုလှဲ့ပါဆိုတဲ့သံ

ရယ် ငိုမဲ့ဟန်လေးနှင့်ကရို့။ လူးလွန်တဲ့ ဖူးညွှန့်

ပျံ့မှာ မြူးကွန့်ဟန်တချို့၊ ရှုးဝံ့ရန်တတို့နှင့်

အစို့စို့ ခိုင်ဆိုင်။ ပန်းဝတ်မှုန် ကုကုံမံတွေက

www.dhammaransi.com



ထုံရနံ့သင်းလို့ ကြိုင်ကြိုင် နယ်ရှစ်ရပ် ရှစ်ထပ်
လှိုင်သည့် ရှစ်ပတ်တိုင် လေဗွေဆန်းပြန်တော့
ရွှေငွေတန်း စမ်းကြဖြူဖြူ ပန်းကကြူကြူ မျှော်
တဲ့လို့ ခေါ်လှဲ့ဆူတယ် ဖော်မဲ့သူ ကူအုန်းတဲ့လေး။

၆။ စိမ့်စမ်းရေထွက် ပေါများခြင်း

တောင်၊ တောင်စောင်း၊ တောင်လက်မောင်း တောင်စွယ်၊ တောင်လယ် တောင်ကြား တောင်ကမ်းပါး တောင်ထွတ် စသော နေရာများမှ ရေခါးရေငန် ရေဖန်ရေချဉ် ရေပူရေပုပ်များနှင့်တကွ ရေကြည် ရေချို စသော များစွာသော ရေအယဉ်တို့သည် တသွင်သွင်စီးကျ၍ မိုးနွေမခြား ဆယ့်နှစ်ရာသီ ထွက်လျက်ရှိသည်။ ထိုရေထွက်အရေအတွက်မှာ တစ်ရာကျော်ခန့်ရှိသည်။ ပုပ္ပားရေထွက်မော်ကွန်းတွင်–ရေထွက်ပတ်ကုံး၊ လေးရပ်လုံးကို၊ပေါင်းရုံးသချာ၊ ထွက်ရေဖြာမူ၊ တစ်ရာလွန်သစ်၊ ခုနစ်ဆယ်ပေါ်၊ ငါးခုကျော်ကို၊ ထုတ်ဖော်မြွက်ဟ၊ ဟူ၍ရေထွက်အမည်၊ နေရာကျယ်နှင့် တစ်ရာခုနစ်ဆယ့်ငါး (၁၇၅) ရှိသည်ဟု ဖော်ပြစပ်ဆိုသည်။ ထိုရေထွက်များအနက်–

ပုပ္ပားတောင်၏ အရှေ့မျက်နှာရှိ ရေထွက် (၈၇)ထွက်ရှိသည်ကို ရည်၍–အံ့ချီးစဖွယ်၊ အသွယ်သွယ်တည့်၊ ရှစ်ဆယ်ကပေါ် ခုနစ်ကျော်ကို၊ သိမျှော်သာထွေ၊ ရှေ့ပုဗ္ဗေက၊ စမ်းရေများစွာ အဖြာဖြာသည်၊ ရေလာတစ်ဦး ကုန်စင်တည်း ဟူ၍ လည်းကောင်း–

www.dhammaransi.com



တောင်မျက်နှာရှိ ရေထွက် (၁၉)ထွက်ကို ရည်၍– ရောနှော ရေထွက်၊ ဆယ့်ကိုးချက်တွင်၊ တောင်ဘက်မျက်နှာ၊ ညွှန်ပြပါသည် ချိုသာတစ်ခန်း၊ ရှင်းရှင်းတည်း ဟူ၍လည်းကောင်း–

အနောက်မျက်နှာရှိ ရေထွက် (၄၆)ကို ရည်၍၊ ထွက်လေ များစွာ၊ နောက်မျက်နှာ၌၊ ရှိရာအံ့လောက်၊ လေးဆယ့်ခြောက် ကို၊ သိမြောက်စေရာ၊ ကမ္ဘည်းမှာသည်၊ လိုရာတစ်တန်း၊ လင်းလင်း တည်း ဟူ၍ လည်းကောင်း–

မြောက်မျက်နှာရှိ ရေထွက် (၂၃) ထွက်ကိုရည်၍၊ မြောက် မျက်နှာတွင်၊ သချာဘွဲ့ကုံး၊ နှစ်ဆယ့်သုံးကို၊ ပေါင်းရုံးသိသာ၊ ထူးမြတ်စွာသည်၊ သေလာတောင်ကြီး ဩဘာတည်း ဟူ၍ လည်း ကောင်း ပုပ္ပါးတောင်၊ ရေထွက်မော်ကွန်းတွင် အကျယ်ဆိုခဲ့သည်။

အစဉ်အလာအားဖြင့်ကား ပုပ္ပားရေထွက် (၉၉)ဟု ပြောရိုး ဆိုစဉ် ရှိသည်။

ပုပ္ပားတောင်ကြီးတောင်ခါးပန်းတွင်–

| | | |
|---|---|---|
| ၁။ | အရှေ့မျက်နှာမှ စမ်းရေထွက် | (၈၇)ခု |
| ၂။ | တောင် ။ ။ ။ | (၁၉)ခု |
| ၃။ | အနောက် ။ ။ ။ | (၄၆)ခု |
| ၄။ | မြောက် | (၂၃)ခု |
| | စုစုပေါင်း | (၁၇၅)ခု |

ရှိသည်။

www.dhammaransi.com



သည်အရေအတွက်သည်–

ကုန်းဘောင် (၁၁)ဆက်တွင် ဆဌမမြောက် ဖြစ်သော ဘိုးတော်(ခေါ်) ပဒုံမင်းသည် သက္ကရာဇ် ၁၁၄၃ ခုနှစ်တွင် နန်းတက်၍ ၁၁၈၁ ခုနှစ်တွင် နတ်ရွာစံတော်မူရာ ထိုစဉ်အခါက ဆက်သွင်းသော ရတုများအရ ဖြစ်သည်။

ထိုရေထွက်တို့သည် အချို့အချို့တည်ရှိ၍ အချို့အချို့ပျောက်ကွယ်ပြီးလျှင် အချို့အချို့ အသစ်တိုးပွားလာမည်မှာ ဧကန်စင်စစ်ပင်ဖြစ်သည်။

ကိုယ်တိုင်ရှာဖွေ တွေ့ရှိသော ပုဂ္ဂိုလ်များ၏ ပြောကြားချက်အရ ရေထွက်များမှာ (၁၃၂) ခုသာရှိသည်။ ထိုရေထွက်များကို အောက်ပါအတိုင်းမှတ်အပ်၏။

၁။ မောင်တော့ရေထွက်

မောင်တော့ နတ်ကွန်းအနီးမှထွက်၍ မောင်တော့ရေထွက် ဟုခေါ်သည်။ ရေလုံး သုံးလက်မခန့် ရှိသည်။

၂။ နှမတော်ရေထွက်

နှမတော်နတ်နန်း၏ အရှေ့မြောက် တောင်ကုန်းအောက် ခြေမှစီးထွက်သည်။ မောင်တော့ရေတွက် အနောက်တောင် ယွန်းယောင်ကိုက် တစ်ရာခန့်တွင် တည်ရှိသည်။ ရေလုံး လက်မ နှစ်ဆယ်ခန့်ရှိသည်။

www.dhammaransi.com



### ၃။ ပန်းညိုအိုင့် ရေထွက်

နှမတော်ရေထွက် တောင်ဘက် ကိုက်တစ်ရာခန့်မှာရှိသည်။ ရေထွက် ငါးလက်မခန့်ရှိသည်။

### ၄။ ယူဇနာ ရေထွက်

ပန်းညိုအိုင့်ရေထွက်၏ တောင်ဘက်တစ်ဖာလုံခန့်အကွာတွင် ရှိသည်။

### ၅။ ဂူကြီးရေထွက်

နှမတော်နတ်ကွန်း တောင်ဘက်သုံးဖာလုံခန့်တွင်ရှိသည်။ ရေလုံး သုံးလက်မခန့်ရှိသည်၊ အောက်ဥမင်ဟုလည်း ခေါ်သည်။ လူပေါင်း သုံးဆယ် လေးဆယ်ခန့်ဆံ့သော ဂူကြီးရှိသောကြောင့် ဂူကြီး ရေထွက်ဟုလည်း ခေါ်သည်။

### ၆။ အထက်ဥမင်ရေထွက်

ပုပ္ပားတောင်ခုလပ်တွင် ရှိသည်။ ရေလုံးတစ်လက်မခန့်သာ ထွက်သည်။ အောက်ဥမင်ရေထွက်ထက် အထက် ကျသော ကြောင့် အထက်ဥမင်ရေထွက် ဟုခေါ်သည်။ ထိုအထက်ဥမင် ကို ဥမင်ဂူဟူ၍လည်းကောင်း၊ နန္ဒမူလိုဏ်ဂူ ဟူ၍လည်းကောင်း ခေါ်ဆိုကြသည်။ ထိုဂူသည်လူပေါင်း (၁၅၀) မှ (၂၀၀) ခန့် အထိ ဆံ့မည်ဟု ထင်၏။ ထိုဂူတွင် ဂျပန်ခေတ် မတိုင်မီ

www.dhammaransi.com



ကတည်းက လောကီယဝိဇ္ဇာ လမ်းစဉ်ခေါ် သမထ အလုပ်ကို အားထုတ်၍ မွေ့ပျော်နေသော အသက် (၇၀) ခန့်ရှိ ဘန်ဂါလီ ကုလားလူမျိုး ရသေ့ကြီး တစ်ယောက်ရှိသည်။

ထိုဂူတွင် အဓိဋ္ဌာန်ဝင် တရားအားထုတ်ခဲ့ဖူးသော ရဟန်း ရှင်လူ ရသေ့ ယောဂီများ ပြောပြချက်အရ သိရသည်မှာ အတော်အတန် သီလသမာဓိ ရှိယုံမျှဖြင့် အဆိုပါဂူ၌ တရား အားထုတ်၍မရ။ ဘီလူးစောင့်သောဂူဖြစ်၍ အစောင့်၏ စမ်းသပ် မှုကို မခံနိုင်ဟု ဆိုကြသည်။

၇။ ကျောက်စက်ရေ ဇော်ဂျီအိုင့်ရေထွက်

အထက်ဥမင်ရေထွက်နှင့် မနီးမဝေးတွင်ရှိသည်။ ရေလုံး တစ်လက်မခန့်ရှိသည်။ ကျောက်ခွက်တွင်ဖြစ်၍ အလွန်အေးသည်။

၈။ သမဲခွရေထွက်

ကျင်းရေကုန်းတောင် အောက်ဆွယ်ကို သမဲခွဟုခေါ်သည် ၎င်းနေရာမှ ရေအနည်းငယ်သာ ထွက်သည်။

၉။ ချုံးမတွင်း အောက်ရေထွက်

ရေထွက်မှာ နှစ်လက်မခန့်ရှိသည်။ အထက်ရေတွက်နှင့် တစ်မိုင်ခန့် ကွာသည်။

www.dhammaransi.com



၁၀။ ချုံးမတွင်း အထက်ရေထွက်

စပါးပုံတောင် မြောက်ဘက်မှ ထွက်သည်။ ရေအလွန်အေးသည်။

၁၁။ ရေတွင်းတောင် ရေထွက်

စပါးပုံတောင်ထိပ်အနီးမှ ထွက်သည်။ ရေထွက်သောကြောင့် ရေထွက်တောင်ဟုခေါ်သည်။

၁၂။ သရက်အိုင့် ရေထွက်

ရေထွက် တစ်လက်မခန့်မျှရှိသည်။ ပုပ္ပားလွင်ရွာ၏ အရှေ့ဘက်တွင် ရှိသည်။

၁၃။ ပုပ္ပားလွင်ရေထွက်

တောဇာချောင်း ရွာကလေးအနီးမှ ရေကို တင်ယူသည်။ ရေအမြဲမရှိ။

၁၄။ ပုပ္ပလွင်ခေါ်–ရေငန်အရှေ့ရေထွက်

ပုပ္ပားလွင်ရွာအနောက်မြောက် တစ်မိုင်ခန့်အကွာတွင် ရှိသည်။

၁၅။ ရေငန်အနောက်ရေထွက်

အရှေ့ရေထွက်နှင့် ရေဝေကုန်းတန်းမျှသာ ခြားလျက်ရှိသည်။

၁၆။ ချောင်းတဲဦးရေထွက်

ရေထွက် ခြောက်လက်မ ပိုက်အပြည့်မျှရှိသည်။ တစ်ဆယ့်နှစ်ရာသီလုံး ရေစီးဆင်းလျက်ရှိသည်။

www.dhammaransi.com



၁၇။ သူခိုးကျရေထွက်

ချောင်းတဲဦးမြောက်ဘက် ကိုက် (၆၀၀) ခန့်တွင် ရှိသည်။ ဆယ့်နှစ်ရာသီ ရေထွက်လျက် ရှိသည်။

**မှတ်ချက်။** ။သူခိုးကိုကျအောင် ပြေးစေရာလိမ့်ကျသောကြောင့် သူခိုးကျတောင်ဟု ခေါ်တွင်သည်။ သေဒဏ် အပြစ်ပေးလို၍ ပရိယာယ်နှင့် ပြေးစေရာ သူခိုး လိမ့်ကျသေဆုံးသည်ဟု ဆိုသည်။

၁၈။ ရေဖြူတောင် ရေတွက်

သူခိုးကျ၏ အရှေ့မြောက်စွန်း နှစ်ဖာလုံသာသာတွင် ရှိသည်။ **နှစ်လက်မခွဲခန့်** ရေအားစီးဆင်းသည်။ ဆယ့်နှစ်လ ရာသီလုံး ရေရှိသည်။

၁၉။ သပြေရေထွက်

ရေဖြူတောင် ရေထွက်၏ အရှေ့မြောက်ဘက် နှစ်ဖာလုံ ခန့်အကွာတွင်ရှိသည်။ ရေအား တစ်လက်မခန့်သာ ရှိသည်။

၂၀။ ကျောက်ပုံတောင် ရေထွက်

ပုပ္ပားအနောက်မြောက် ချောင်းတဲဦးသို့ ဆင်းသောလမ်း အနီး ကုန်းပေါ်တွင် ရှိသည်။

၂၁။ ငွေတွင်းတောင် ရေထွက်

ငွေတွင်းတောင် အရံက ထွက်သည်။ ရေအားနည်းသည်။

၂၂။ ဆပ်ပြာကျင်းရေထွက်

ငွေတွင်းတောင်ရေထွက်၏ တောင်ဘက်တွင် တည်ရှိသည်။

www.dhammaransi.com



### ၂၃။ ပေါက်ဖြူတောရေထွက်

ရေအနည်းငယ်သာ ထွက်သည်။ မယ်သာဒွန်းဆိုသူ၏ ဥယျာဉ်ရှိ၍ မယ်သာဒွန်း ရေထွက်ဟု ခေါ်ကြသည်။

### ၂၄။ ထန်းပင်အိုင်မြောက် ရေထွက်

ပုပ္ပားအနောက် ခြောက်ဖာလုံခန့်တွင် ရှိသည်။ ရေလုံး နှစ်လက်မခွဲခန့်ရှိ၍ ဆယ့်နှစ်ရာသီ ရေစီးဆင်းလျက် ရှိသည်။

### ၂၅။ ထန်းပင်အိုင့်တောင် ရေထွက်

မြောက်ရေထွက်၏ တောင်ဘက်ရှိ ချောင်းမှ ထွက်သည်။

### ၂၆။ ကျောက်တဲရေထွက်

ထန်းပင်အိုင့်ရေထွက် တောင်ဘက် တောင်ကုန်းတစ်ကုန်းခြားကာတစ်ဖာလုံခန့်ကွာသည်။ ရေအား သုံးလက်မခန့် ရှိသည်။

### ၂၇။ ဆင်မသေးစိုရေထွက်

ကျောက်တဲရေထွက်၏ တောင်ဘက် နှစ်ဖာလုံခန့်တွင် ရှိသည်။ ဆယ့်နှစ်ရာသီ ရေထွက်လျက် ရှိသည်။ သုံးလက်မရေအား ရှိသည်။ ဥယျာဉ်ခြံများ စိုက်ပျိုးကြသည်။ ဆင်မသေးပေါက်သောကျင်းငယ်မှုရှိသောကြောင့် တချို့က ဆင်မသေးစက်ဟု ခေါ်ကြသည်။

### ၂၈။ ဘိုးလယ်ရေထွက်

ဆင်မသေးစိုရေထွက်၏ တောင်ဘက် မနီးမဝေးတွင်ရှိသည်။

www.dhammaransi.com



၂၉။ ပန်းပင် အရှေ့ ရေထွက်

ဆင်မသေးစို ရေထွက်၏ အရှေ့တောင်ဘက်၏ နှစ်ဖာလုံခန့် အကွာတွင်ရှိသည်။ ရေလုံးတစ်လက်မခန့် ရှိသည်။ ၄က်ပျော စသော ဥယျာဉ်များရှိသည်။

၃၀။ ပန်းပင်အနောက်ရေထွက်

အရှေ့ရေထွက်နှင့် နှစ်ဖာလုံခန့်ကွာသည်။

၃၁။ ဆင်ကျုံးအထက်ရေထွက်

ပုပ္ပါးကားလမ်းအတက် သုံးထပ်လမ်းတွင်ရှိသည်။ အထက်ဆုံး ကားလမ်းအကွေ့၏ အနောက်ဘက်တွင် ဖြစ်သည်။ အနော်ရထာမင်းသား ဗိုလ်ဝင်ခံစဉ်က ဆင်များထားသော ကျုံးများရှိ၍ ဆင်ကျုံးဟုခေါ်သည်။

၃၂။ မြက်ရိုးနက်ရေထွက်

ဆင်ကျုံးရေထွက် အောက်တွင်ရှိသည်။ ဆင်ကျုံးရေထွက်နှင့် တစ်ရိုးတည်းဖြစ်သည်။

၃၃။ မြို့ဆိုးချောင်းရေထွက်

ပုပ္ပါးကားလမ်းတက်၏ အနောက်မြောက်ဘက်ရှိ လွင်ပြင်၏ အနောက်ဘက်က ချောင်းကိုခေါ်သည်။

၄၃။ ရေရောင်အနောက်ရေထွက်

ကားလမ်းအရှေ့ဘက်တွင်ရှိသည်။ ရေအား လေးလက်မခန့် အမြဲစီးဆင်းလျက်ရှိသည်။

www.dhammaransi.com



### ၃၅။ ဇလုပ်ကြီးအနောက်ရေထွက်

ရေရောင်အရှေ့ဘက် တဖာလုံခန့် အကွာတွင် ရှိသည်။ ရေအား ခြောက်လက်မခန့်ရှိသည်။

### ၃၆။ ဇလုပ်ကြီးအရှေ့ရေထွက်

အနောက်ရေထွက်၏ အရှေ့ဘက် မနီးမဝေးတွင် ရှိသည်။

### ၃၇။ သပြေပင်ရေထွက်

ဇလုပ်ကြီးရေထွက်၏ တောင်ဘက်နှစ်ဖာလုံအကွာတွင် ရှိသည်။ ရေအား ဆယ်လက်မခန့်ရှိသည်။

### ၃၈။ ရေတင်ကင်းတဲရေထွက်

သပြေပင် ရေထွက်၏ အရှေ့တောင်ကျသည်။ ရေအား သုံးလက်မခန့်ရှိသည်။

### ၃၉။ ရေတင်ပန်းညိုအိုင့်ရေထွက်

ကင်းတဲရေထွက်၏ အရှေ့ဘက်တွင် ဖြစ်သည်။ စိမ့်စမ်းကမ်းစပ်တွင် ပန်းညိုပင်များ ရှိသည်။ ပန်းညိုအိုင့်ဟုလည်း ခေါ်ကြသည်။

### ၄၀။ ပေပင်ရေထွက်

ပေပင်များ ပေါက်ရောက်ရာ ဒေသ၏ အနောက်တွင် ရှိသည်။ ရေအားနှစ်လက်မခန့်ရှိသည်။

www.dhammaransi.com



၄၁။ ဥသျှစ်ရေထွက်

ကင်းတဲရေထွက်တောင်ဘက် တစ်မိုင်ခွဲခန့်တွင်ရှိသည်။ ရေအား နှစ်လက်မခန့်ရှိသည်။

၄၂။ ရေငန်းရေထွက်

တောင်ကလပ်၏ အနောက်မြောက်ဘက် သုံးဖာလုံခွဲခန့် အကွာ ငှက်ပျောတော သရက်တော ဥယျာဉ်အထက်ဖျားမှ ငန်းမြွေများ မှုတ်သကဲ့သို့မြည်၍ ထွက်သည်။ ထို့ကြောင့် ရေငန်း ဟုခေါ်သည်။ ရေအား တစ်ဆယ်လက်မခန့် ရှိသည်။ ထိုရေကို သံပိုက်ကြီးများဖြင့် သွယ်ယူ၍ ကျောက်ပန်းတောင်း တစ်မြို့လုံး သုံးကြသည်။

၄၃။ တောင်ကလပ်ရေထွက်

တောင်ကလပ်အနီး မြောက်ဘက် အရှေ့မြောက်ဘက်တို့မှ ထွက်သော ရေထွက်များကို ဆိုသည်။

၄၄။ ငုတ်ရိုက်ရေထွက်

တောင်ကလပ်အနီးရှိ ကျွန်းတောအိုင့်အနောက်ဘက်တွင် ရှိသည်။

၄၅။ အိုင်ဖြူရေထွက်

တောင်ကလပ် တောင်ဘက် လေးဖာလုံခန့် အကွာတွင် ဖြစ်သည်။ ရေအား လေးလက်မခန့်ရှိသည်။

www.dhammaransi.com



၄၆။ ကြွက်ကျရေထွက်

အိုင်ဖြူရေထွက် အရှေ့ဘက် တစ်မိုင်ခန့်အကွာတွင် ရှိသည်။ ရေအား လေးလက်မခန့်ရှိသည်။

၄၇။ ထောက်ကြန့်ကန်ရေထွက်

ကြွက်ကျ အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာတွင် ရှိသည်။ ရေအား သုံးလက်မခန့် ရှိသည်။

၄၈။ ဖလန်တပ်ရေထွက်

ထောက်ကြန့်ကန် အနောက်ဘက် နှစ်ဖာလုံကွာတွင် ဖြစ်သည်။ ရေအား လေးလက်မခန့်ရှိသည်။

၄၉။ ညောင်မြစ်ရေထွက်

ဖလန်တပ်ရေထွက် အနောက်မြောက်တွင် ရှိသည်။ ရေအား နှစ်လက်မခန့်ရှိသည်။

၅၀။ မြူတွင်းရိုးချောင်ရေထွက်

မြင်းကကုန်း တောင်စွယ်မှ စ၍ထွက်သည်။ ရေအား နည်းသည်။

၅၁။ သစ်စိမ့်ပင်ချောင်ရေထွက်

မြူတွင်းရိုးချောင်းနှင့် ကုန်းမြင့်ခြားလျှက် တောင်ဘက်က ဖြစ်သည်၊ ရေအားနှစ်လက်မခန့် ရှိသည်။

www.dhammaransi.com



၅၂။ သရက်ရေထွက်

တောင်ကလပ်၏ အနောက်တောင်ဘက် ငါးဖာလုံခန့်တွင် ဖြစ်သည်။ ထောက်ရှာရိုးသို့ စီးဆင်းသည်။ ဆယ့်နှစ်ရာသီ ရေထွက်လျက်ရှိသည်။

၅၃။ ကမ်းပါးဖြူရေထွက်

သရက်ရေထွက်၏ တောင်ဘက်တွင် တောင်လက်မောင်းနှစ်ခုကြား အောက်ခြေ ချောင်းထဲမှထွက်သည်။

၅၄။ သင်ပေါင်းရေ အရှေ့ရေထွက်

ကုက္ကိုပင် ရေထွက်နှင့် ကုန်းတစ်ကုန်းခြား၍ သုံးဖာလုံခန့်ဝေးသော နေရာမှာရှိသည်။

၅၅။ သင်ပေါင်းရေ အနောက်ရေထွက်

အရှေ့ရေထွက်နှင့် ခင်တန်းတစ်ခုသာ ခြားသည်။အတော်အသင့် ရေအားရှိသည်။

၅၆။ ကျွန်းတောအိုင်ရေထွက်

သင်ပေါင်းရေထွက်၏အနောက်တောင်ဘက်တွင် ဖြစ်သည်။ ကျွန်ပင်များ ပေါက်ရောက်ရာဒေသ၏ အရှေ့မြောက်ဘက်မှ ထွက်သည်။

www.dhammaransi.com



၅၇။ ထောက်ရှာရေထွက်

ချောင်းရိုးရှည်သည်။ ရေအား ငါးလက်မခန့် ရှိသည်။ ကျောက်ဖြူတောင် အရှေ့ဘက် ကျောက်ကုန်း၏ မြောက်ဘက် အစွယ်တွင် ဆည်ချောင်းနှင့် ပေါင်းဆုံသည်။

၅၈။ ဆည်ချောင်း (ဆယ်ချောင်း) ရေထွက်

ရေငန်းရေ ဥဿျစ်ရေနှစ်သွယ်ကို ဆယ်တင်ရာမှ ချောင်းဖြစ်သောကြောင့် ဆယ်ချောင်းခေါ်သည်။ ရေအားများသည်။

၅၉။ ကျောက်အိုးရေထွက်

ကျောက်ကြားအထက် လက်ဝဲဘက်ကျောက်ဖျာတွင် လူများထွင်းဖောက်ထားသကဲ့သို့ လိုဏ်ဂူနှင့်တူသော ကျောက်ဂူကလေးမှ ရေထွက်သည်။ နည်းသော်လည်း သုံးမကုန်နိုင်အောင် ရေထွက်သည်။

၆၀။ လင်ပန်းကွဲရိုး အထက်ရေတွက်

ကျောက်ဖြူတောင်၏ အနောက် လေးဖာလုံခန့်အကွာ ယခုဆည်ပေါက်ရွာ၏ မြောက်ဘက် မြန်မာတိုင် ငါးမတ်ခန့် အကွာ ကျောက်ဖျာကြီးနှစ်ခုအကြား ကိုးတောင်ခန့် နက်သော ကျောက်ကြားမှ ထွက်သည်။ ထိုရေထွက်သည် ရေအမြဲမရှိ။ ရေထွက်လျှင် တိုင်းပြည်နိုင်ငံလှုပ်ရှား ချောက်ချားတတ်သည်ဟု အယူရှိကြသည်။

www.dhammaransi.com



**မှတ်ချက်။** ။ဒုတိယ ကမ္ဘာစစ် ဖြစ်အံ့ဆဲဆဲတွင် ထိုရေထွက် ပေါ်လာသည်။ မကြာမီ ဂျပန်ဝင်လာသည်။ ဂျပန်ပြေးပြီးနောက် နိုင်ငံတော် ငြိမ်သက်အေးချမ်းခါနီးမှ ရေထွက်ခန်းခြောက်သွားသည်ဟု ဆိုကြသည်၊ နိမိတ်အဖြစ် ပေါ်ထွက်လာသော ရေထွက်တစ်ခုဟု ဆိုနိုင်သည်။ ၁၂၄၇ ခုနှစ် မတိုင်မီကလေးတွင် ရေထွက်ခဲ့ဖူးသည်။ သီပေါဘုရင် အရှင်နှစ်ပါးကို နယ်ချဲ့အင်္ဂလိပ်များ ယူဆောင်သိမ်းဆည်းချီပင့်သွားသည်ဟု ရှေ့နောက်မိသူများ အယူရှိကြကြောင်း ပြောကြသည်။

၆၁။ လင်ပန်းကွဲရိုး အောက်ရေထွက်

အထက်ရေထွက်နှင့် တစ်ဖာလုံခန့်အကွာမှ ထွက်သည်။ ရေအား ခြောက်လက်မခန့်ရှိသည်။ ရေမှာ အနည်းငယ်ငန်သည်။

၆၂။ ကျူအိုင့်ချောင်ရေထွက်

ကျူပင်များပေါက်သောကြောင့် ကျူအိုင့်ဟု ခေါ်သည်။ ထိုကျူအိုင့် အထက်ဖျားချောင်းထဲမှ ရေထွက်သည်။ ဆယ့်နှစ်ရာသီ ရေရှိသည်။ ချောင်အတော်ကောင်းသည်။ တောကြမ်းသည်။ ဥစ္စာသိုက်၊ ဘီလူး များကို ကိုယ်တိုင်တွေ့မြင်ရဖူးသည်အထိ အချို့က ပြောကြသည်။

၆၃။ နွားကြောင်ကျရေထွက်

ကျူအိုင့်ချောင် ရေထွက်၏ အရှေ့တောင် တစ်မိုင်ခွဲခန့်တွင်ဖြစ်သည်။ ရေထွက်အား ' ငါးလက်မခန့်ရှိသည်။

www.dhammaransi.com



၆၄။ အနောက်မွှာရေထွက်

နွားကြောင်ကျ ရေထွက်၏ လက်ဝဲဘက် ချောင်းမှထွက်သည်။ ရေအား သုံးလက်မခန့်ရှိသည်။

၆၅။ အလယ်မွှာရေထွက်

အနောက်မွှာရေထွက်၏ အရှေ့မြောက်ဘက် ကပ်လျက် ကုန်းတန်းငယ် ခြား၍ထွက်သည်။ ရေအား နှစ်လက်မခန့်ရှိသည်။

၆၆။ အရှေ့မွှာရေထွက်

အလယ်မွှာနှင့် ကုန်းတန်းခြားလျက် အရှေ့မြောက်ဘက် ယွန်းယောင်မှ ထွက်သည်။ ရေထွက်အား နှစ်လက်မခန့်ရှိသည်။

၆၇။ ရိုးကြီးဖျားရေထွက်

ဘိုးဂျန်တောင် အနောက်တောင်စွယ် တောင်ခြေမှ ရေထွက်သည်။ ရေထွက်အား လေးလက်မခန့်ရှိသည်။

၆၈။ ကုက္ကိုပင်ရေထွက်

တောင်ကလပ်၏ အရှေ့တောင်ယွန်းယောင် နှစ်မိုင်ခန့် အကွာတွင် တည်ရှိသည်။

၆၉။ ကျောက်တံခါးရေထွက်

ကုက္ကိုပင်ရေထွက်၏ တောင်ဘက်တစ်မိုင်ခွဲခန့်အကွာတွင် ရှိသည်။ မာလာတောင်၏ အနောက်ဘက်ရှိ ကမ်းပါးခြေမှ ထွက်သည်။

www.dhammaransi.com



၇၀။ ဗွက်ရိုးရေထွက်

ကျောက်တံခါး အလယ်လောက် ပန်းဆွဲသရက်တော၏ အရှေ့မြောက် ချောင်းထဲမှ ထွက်သည်။ ရေအားတစ်လက်မခွဲ သာသာခန့်ရှိသည်။

၇၁။ ရေထွက်အိုင့်

အဌမမြောက် အောင်မြေဖြစ်သော မှန်ကင်းတောင်ဘုရား၏ တောင်ဘက် ချောင်းကွေ့တွင်ဖြစ်သည်။

၇၂။ ကျောက်အိုးအိုင့်

ရေထွက်အိုင့် တောင်ဘက် ခုနစ်ဖာလုံခန့်တွင် ရှိသည်။ ချောင်းအတွင်းရှိ ရှည်လျားသောကျောက်ဖျာကြီးများသည် အဝကျဉ်း အတွင်းကျယ် ရေအိုင်ကြီးများသဖွယ် တည်ရှိသောကြောင့် ကျောက်အိုးအိုင့်ဟု ခေါ်သည်။

၇၃။ မန်ကျည်းချောင်းဖျားရေထွက်

မန်ကျည်းချောင်း အထက်ဖျားမှ ထွက်သည်။ တစ်ဆယ့်နှစ်ရာသီလုံး ရေရှိသည်။

၇၄။ မန်ကျည်းချောင်းရေထွက်

မန်ကျည်းချောင်းဖျား ရေထွက်နှင့် အထက်အောက် တရိုးတည်း အနောက်တောင်ဘက် တည့်တည့်တစ်မိုင်နှင့် ခြောက်ဖာလုံခန့် အကွာတွင် ရှိသည်။ ရေအား လေးလက်မခန့် ရှိသည်။

www.dhammaransi.com



၇၅။ ပန်းညိုအိုင် ရေထွက်

မန်ကျည်းချောင်းအောက်ပိုင်း မာလာတောင်၏ အရှေ့ဘက် သရက်တောအောက်ဖျားမှ ထွက်သည်။ ပန်းညိုပင်များ ပေါက်သောကြောင့် ပန်းညိုအိုင်ဟု ခေါ်သည်။

၇၆။ ယာကြီးပြင်ရေထွက်

မန်ကျည်းချောင်းအရှေ့ဘက် ကုန်းပြင်မြေညီကို ယာကြီးပြင်ဟု ခေါ်သည်။ ထိုယာကြီးပြင် အရှေ့မြောက်ဖျားရှိ သရက်ပင်ကွေ့အောက် တစ်ဖာလုံအကွာတွင် တည်ရှိသည်။ ၎င်းရေထွက်သည် မန်ကျည်းချောင်းရိုးရှိ လယ်များအတွက် အသုံးပြုနိုင်လောက်အောင် ရေထွက်အားရှိသည်။

၇၇။ ရေပြရေထွက်

မန်ကျည်းချောင်း ရေထွက်၏ အရှေ့မြောက်ဘက်တွင်ရှိသည်။ ရေထွက်အား ခြောက်လက်မခန့်ရှိသည်။

၇၈။ ဘို့မယ်ချောင်း

ရေပြာထွက်၏ အရှေ့တောင်ဘက်တွင်ရှိသည်။ ရေအားအလွန်များသည်။ လက်မနှစ်ရာခန့် ရှိမည်ထင်ရ၏။ လူဦးရေသုံးရာ့ငါးဆယ်စိုက်ခန့် စလမိန်လယ်ကျင်းသို့ လုံလောက်စွာ ရေသွင်းချနိုင်သည်။ ချင်းမဘို့မယ် ဖောက်လုပ်သော ချောင်းဖြစ်၍ ဘို့မယ်ချောင်းဟု ခေါ်သည်။

၇၉။ ဝေချောင်း ရေထွက်

ဘို့မယ်ချောင်း ရေထွက်၏ အရှေ့ဘက်တွင် တည်ရှိသည်။ ရေအား လက်မသုံးဆယ်ခန့် ရှိသည်။

www.dhammaransi.com



၈၀။ ကျင်းမအောက်ရေထွက်

ဆည်ထဲရှိ သပြေပင်ကြီး အရှေ့ဘက်ကုန်းတန်းအလွန်တွင် တည်ရှိသည်။

၈၁။ ကျင်းမအထက် ရေထွက်

ကင်ပွန်းတောင် အရှေ့ဘက်တွင် တည်ရှိသည်။ အမည်တူ အထက်အောက် ဆိုသော်လည်း ရေထွက်ရာဌာနချင်း တော်တော် ကွာခြားသည်။

၈၂။ ဘန့်ပွေးရေထွက်

အောက်ကျင်းမရေထွက်၏ အရှေ့မြောက်ဘက်တွင် တည်ရှိသည်။ ကျောက်ခွက်တွင် ရေပြည့်ရုံမျှသာ ထွက်သည်။ ထိုရေကို သုံးစွဲသော်လည်း မကုန်နိုင်။ ပြည့်မြဲတိုင်းသာလျှင် ပြည့်၍ နေသည်။ လျှံထွက်စီးဆင်း၍လည်း မသွား။

၈၃။ ကျောက်ကြား ရေထွက်

ဘန့်ပွေးရေထွက်နှင့် ကုန်းတန်းမျှ ခြားသည်။ ကျောက်ခွက်တွင်းတွင် ပြည့်နေသည်။ ခပ်သုံးကုန်သွားပြီး ခဏပင် ပြန်၍ ပြည့်နေ၏။

၈၄။ နွယ်ရစ်ပင် ရေထွက်

ဆယ်ကျောက်ထစ်၏ အထက်မြောက်ဘက် ချောင်းထဲမှ ထွက်သည်။ ရေအား ရှစ်လက်မခန့်ရှိသည်။

www.dhammaransi.com



၈၅။ ရေငယ်အောက်ရေထွက်

ဆယ်ကျောက်ထစ်လမ်းခွဲ၏ အရှေ့မြောက်ဘက် ကညင်ပင်ကြီးများအထက် ခုနစ်တောင်ခန့် မြင့်သောကမ်းပါးမှ ထွက်သည်။ ရေငယ်အလယ် ရေထွက်နှင့် ငါးဖာလုံခန့်ကွာသည်။

၈၆။ ရေငယ်အလယ်ရေထွက်

ရေငယ်အထက်ရေထွက်နှင့် သုံးဖာလုံခန့်ကွာသည်။

၈၇။ ရေငယ်အထက်ရေထွက်

ကျောက်နွားသိုးကြီး အနီးမှထွက်သည်။

၈၈။ သမဲခွရေထွက်

ကင်ပွန်းတောင်၏ အထက်တွင်ရှိသည်။

၈၉။ ချောင်းနက်ရေထွက်

စပါးပုံကြီး၏ တောင်ဘက်မျက်နှာတွင်ရှိသည်။ တစ်ဆယ့်နှစ်ရာသီလုံး ရေထွက်လျက်ရှိသည်။

၉၀။ စိန်တွင်း (ခေါ်) ပျဉ်ပုံရိုးရေထွက်

စပါးပုံတောင်၏ တောင်ဘက်တွင်ရှိ၍ ထိုတောင်၏ ငါးပုံလေးပုံ အမြင့်မှ ထွက်သည်။

၉၁။ ကြိုချောင်းရေထွက်

စပါးပုံတောင်၏ တောင်ဘက်ယွန်းယောင်တွင်ရှိသည်။

www.dhammaransi.com



## ၉၂။ မင်းသားရေထွက်

ကြိုချောင်းရေထွက်၏ အရှေ့ဘက် ကုန်းပေါ်တွင် သစ္စာပြု၍ ထူးဆန်းစွာ ထွက်ပေါ်လာသော ရေထွက်ဖြစ်သည်။

### သစ္စာပြုပုံ

ကျွန်ုပ်သည် ဤကြင်ယာတော် မင်းသမီးအား ခင်မင်တွယ်တာမှုကြောင့် မင်းပြစ်မင်းဒဏ် သင့်အံ့သော ဘေးမှလွတ်အောင် ထွက်ပြေး တိမ်းရှောင်လာခဲ့ရာ ဤဌာန ဤဒေသသို့ ရောက်လာပြီး မင်းပြစ်မင်းဒဏ်မှလည်း လွတ်အံ့။ ဤကြင်ယာတော်နှင့်လည်း အသက်ထက်ဆုံးတည်မြဲအံ့။ တန်ခိုးကြီးလှသော နတ်တောင်ကြီး ဖြစ်သည်အားလျော်စွာ ဤကုန်းပြင် ဤနေရာမှ ရေထွက်ပါစေသတည်းဟု သစ္စာပြုသောကြောင့် ထွက်လာသော ရေဖြစ်၍ မင်းသားရေထွက်ဟု ခေါ်သည်။

## ၉၃။ မင်းသမီးရေထွက်

မင်းသားရေထွက်၏ အနောက်တောင်ဘက် တစ်ဖာလုံခန့် အကွာတွင် အထက်ပါမင်းသားနည်းတူ သစ္စာပြု၍ ထွက်သည်။

## ၉၄။ ရေဆူရေထွက်

တောင်ရိုးစွန်းမှ ဆူပွက်၍ ထွက်သည်။ ရေအားများစွာရှိသည်။ ထလယ်လယ်ကျင်းသို့ စိုက်ပျိုးလောက်အောင် သွင်းနိုင်သည်။ ကြိုချောင်းရေထွက်နှင့် လက်ပံအိုင့် လျှော်တောနှစ်ရွာ၏ အလယ်လောက်အောက်တွင် ပေါင်းဆုံမိကြသည်။

www.dhammaransi.com



၉၅။ ထလယ်ရေထွက်

လက်ပံအိုင့်ရွာအနီးတွင်ရှိသည်။ လယ်နှင့် ဥယျာဉ်ခြံများ စိုက်ပျိုးထားသည်။

၉၆။ အရှေ့ရိုး ရေထွက်

လက်ပံအိုင့်ရွာ ဘုန်းကြီးကျောင်းအရှေ့ဘက်၌ ကပ်လျက်ရှိသော ရိုးလေးထဲမှ ထွက်သည်။

၉၇။ ကျူချောင်းရေထွက်

ထလယ် လယ်ကျင်း၏ အနောက်ဘက် တစ်မိုင်ကွာလောက်တွင် တည်ရှိသည်။ လက်ပံအိုင်ရွာ ဘုန်းကြီးကျောင်း၏ အရှေ့ဘက်ရှိ ချောင်းသို့ ပေါင်းဆုံသည်။

၉၈။ ချောက်ချောင်းတိုရေထွက်

လက်ပံအိုင်ရွာမြောက်ဘက် တစ်မိုင်ခွဲခန့်အကွာတွင် တည်ရှိသည်။ ထိုရေသည် တစ်ဖာလုံခန့်စီးဆင်းလာသောအခါ ကျောက်ဖျာကြီးပေါ်သို့ရောက်သည်။ ကျောက်ဖျာပေါ်မှ တစ်စက်တစ်စက် ကျသည်ကို စက်စက်ကျဟုခေါ်သော နေရာလည်း ရှိသည်။

၉၉။ သြဇာကုန်း မြောက်ရေထွက်

ချောက်ခေါင်းတိုရေထွက်၏ အရှေ့တောင်ဘက် တစ်ဖာလုံခန့် အကွာတွင် ရှိသည်။

၁၀၀။ သြဇာကုန်းတောင် ရေထွက်

မြောက်ရေထွက်နှင့် တစ်ဖာလုံခန့်အကွာမှာ ရှိသည်။ ရေအားအသင့်အတင့် ရှိသည်။

www.dhammaransi.com



၁၀၁။ စက်စက်ကျလယ်ကျင်းအထက် ရေထွက်

စက်စက်ကျခေါ်သော လယ်ကျင်း၏အထက် သရက်ပင်ကြီး၏ အနီးမှထွက်သည်။ ဆယ့်နှစ်ရာသီ ရေထွက်သည်။

၁၀၂။ ငရုံ့ ဖြူရေထွက်

ကျူချောင်းအနောက် တစ်မိုင်ကွာတွင် တည်ရှိသည်။ ရေအား နှစ်ဆယ့်ငါးလက်မခန့်ရှိသည်။

၁၀၃။ ဆေးဖုံးတောင် ရေထွက်

ဆေးဖုံးတောင် အမည်ရှိသော တောင်ထိပ်တွင် ရှိသည်။

၁၀၄။ ငရုံ့ ချောင်းအထက်ရေထွက်

ရေအား ရှစ်လက်မခန့်ရှိသည်။

၁၀၅။ ငရုံ့ ချောင်းအောက်ရေထွက်

အထက်ရေထွက်လောက်ပင် ရေအားရှိသည်။

၁၀၆။ ငကြို ရေထွက်

ရေအား သုံးလက်မခန့်ရှိသည်။

၁၀၇။ မိန်းမတောင် ရေထွက်

ရေအား ခြောက်လက်မခန့်ရှိသည်။

www.dhammaransi.com



၁၀၈။ သရက်နက်ရေထွက်

ရေအား ရှစ်လက်မခန့်ရှိသည်။

၁၀၉။ ခွေးတောက်ရေထွက်

ရေဆူရေထွက်၏ အရှေ့တောင်ဘက်တွင်ရှိသည်။ ရေလုံး လေးလက်မပိုက် အပြည့်မျှရှိမည်။

၁၁၀။ အရှေ့ပန်းတွင်း

၁၁၁။ အလယ်ပန်းတွင်း

၁၁၂။ အနောက်ပန်းတွင်း

ဟူ၍ ပန်းတွင်းရေထွက် သုံးသွယ်ရှိသည်။ ရေထွက်ရာမှ သုံးဖာလုံအကွာတွင် ရေသုံးသွယ် ပေါင်းဆုံမိ၍ နှစ်မိုင်ခန့် စီးဆင်းပြီးလျှင် ကျောက်ပုံချောင်းသို့ ပေါင်းဆုံသည်။

၁၁၃။ ညောင်ပင်ရေထွက်

လှေျာ်တောရွာအနီးရှိ ပန်းတွင်းရေထွက်၏ အနောက်တောင်ယွန်းယောင် တစ်မိုင်ခွဲခန့် အကွာတွင် တည်ရှိသည်။

၁၁၄။ ပင်းကန်ရေထွက်

လှေျာ်တောရွာ၏ အရှေ့တစ်မိုင်တွင် တည်ရှိသည်။ ထိုရေကို လှေျာ်တောရွာသူရွာသားများ အသုံးပြုကြသည်။

၁၁၅။ ချွန်းကျရေထွက်

လှေျာ်တောရွာ၏ မြောက်ဘက် တစ်မိုင်၏ သုံးမတ်ခန့် အကွာတွင် ရှိသည်။

www.dhammaransi.com



၁၁၆။ ရေငန်ချောက်ရေထွက်

ရေဆူတောင်ယာလွင်၏ တောင်ဘက်တွင် ရှိသည်။

၁၁၇။ ဂျက်လက်ရေထွက်

စက်စက်ကျ၏ အရှေ့တောင် တစ်မိုင်ခန့်အကွာတွင် ရှိသည်။

၁၁၈။ တောင်သူကြီးရေထွက်

ညောင်ကျိုင်းရွာ၏ အရှေ့မြောက် တစ်မိုင်သာသာတွင် ကျောက်ဖျာကြီးကို အိုးကဲ့သို့ ထွင်းဖောက်ပြီးလျှင် ရေ ရရှိရန် တောင်သူကြီးအဓိဋ္ဌာန်ဖြင့် ထွက်ပေါ်လာသော ရေထွက်ဖြစ်သော ကြောင့် တောင်သူကြီးရေထွက်ဟု ခေါ်သည်။

၁၁၉။ သမန်းတောင်ရေထွက်

တောင်သူကြီးရေထွက်၏ အရှေ့တောင် နှစ်ဖာလုံခန့်တွင် ရှိသည်။

၁၂၀။ ကျောက်ခွက်ရေထွက်

ညောင်ပင်ရေထွက်၏ အနောက်တောင် တစ်မိုင်ခွဲခန့်တွင် ရှိသည်။ ၎င်းရေထွက်သည် ညောင်ဖြူပင်ရွာ၏ အရှေ့မြောက် ဘက်တွင် ဖြစ်သည်။

၁၂၁။ လွန်အိုင် ရေထွက်

ရေအနည်းငယ်သာထွက်သည်။

www.dhammaransi.com



၁၂၂။ ကျောက်ပုံချောင်း

စီး‌မ၊ လျှော်တော အရှေ့ဘက်မှစ၍ ပေါ်လာသော ရေများကို စုပေါင်းထားသော ရေထွက်ချောင်းဖြစ်သည်။

၁၂၃။ ငရဲ ကုန်း ရေထွက်

ငရဲ ကုန်းရွာအနီး ကားလမ်း ဇရပ်အရှေ့ဘက် သရက်တောထဲမှ ထွက်သည်။ ရေအား တစ်ဆယ့်ငါးလက်မခန့် ရှိသည်။

၁၂၄။ ရေမျက်ရေထွက်

ငရဲ ကုန်းရေထွက်၏ ရှေ့မြောက်တွင် တည်ရှိသည်။ ရေ အား လက်မနှစ်ဆယ်ခန့်ရှိသည်။

၁၂၅။ ညောင်များရေထွက်

ညောင်များရွာ၏ အရှေ့တွင် ဆုံကုန်းရွာရှိသည်။ ထိုရွာ၏ အရှေ့တောင် တခေါ်လောက် အကွာတွင် တည်ရှိသည်။ ထိုရေ၏ အသွေးအရောင်မှာ နက်မှောင်မှောင်ဖြစ်သည်။ ၎င်းရေကို သောက်ချိုးသူတို့မှာ အပြင်းအထန်နာဖျားသည်။

၁၂၆။ ညောင်များရေထွက်

ညောင်များရွာ အရှေ့တောင် တစ်တိုင်ခန့်ဝေးကွာရာ အရပ်ဒေသမှ ထွက်သည်။ ၎င်းရေကိုသွယ်ယူ၍ ညောင်များရွာ ကျောက်တံခါးရွာများမှ အသုံးပြုသည်။

www.dhammaransi.com



၁၂၇။ လက်ယာရေထွက်

ရေမျက်ရေထွက်၏ အရှေ့ဘက် တစ်ဖာလုံခန့် အကွာတွင် တည်ရှိသည်။ ရေအား တစ်လက်မခန့်သာ ရှိသည်။

၁၂၈။ ပြုန်းမွှေးရေထွက်

လက်ယာရေထွက်၏ အရှေ့ဘက်တွင်ရှိသည်။ ရေအရောင် ဖြူသည်။ လက်ယာရေထွက်နှင့် တစ်ဖာလုံခန့်ပင် ကွာသည်။

၁၂၉။ ကန်ပေါက်ရေထွက်

ဆုံကုန်းရွာ၏ အရှေ့တောင် နှစ်မိုင်ခန့်ဝေးသည်။

၁၃၀။ ကုန်းတောင်းလောင်းရေထွက်

ကန်ပေါက်ရေထွက်နှင့် တစ်ဖာလုံခန့်ပင်ကွာသည်။

၁၃၁။ ဆင်မင်းရေထွက်

ဆုံကုန်းအရှေ့ တစ်တိုင်ကွာတွင် ရှိသည်။ ရေအားခြောက် လက်မခန့်ရှိသည်။

၁၃၂။ ကျောက်ရေထွက်

ဆုံကုန်းရွာ၊ ဆင်ဆင်းရွာများမှ ယာလုပ်ကိုင် စားသုံးရာ၌ အကျိုးများစေသော ရေဖြစ်သည်။

ဤသည်တို့ကား ထင်ရှားသောရေထွက်များစာရင်းသာ ဖြစ်သည်။ စေ့ငုသေချာ ရှာဖွေပါက ပုပ္ပားတောင်ကြီး၏ ပတ်လည်

www.dhammaransi.com



တွင် ကြီး၊ ငယ်၊ ရှယ်၊ လတ် ရေထွက်ခေါင်း (၂၀၀) ကျော် ထက်မနည်း ရှိမည်ဖြစ်ကြောင်း ပြောကြသည်။

## ရေတံခွန် စမ်းချောင်းကြီးများ

စမ်းရေထွက်များ စုဆုံပေါင်းစည်းခြင်း များပြားလာသော အခါ ရေတံခွန်ကြီးများ၊ စမ်းချောင်းကြီးများ ဖြစ်ပေါ်လာကြသည်။ ချောင်း၏ အငူအစွန်းများမှ ကျောက်ဖျာကြီးများပေါ်သို့ လည်း ကောင်း၊ ချောက်ကြီး၊ ဇလုတ်ကြီးများ အတွင်းသို့ လည်းကောင်း၊ အမှိအတွယ်ကင်းလွတ်ကာ ခုန်ဆင်းလာကြသောရေများကို ရေ တံခွန်ဟုခေါ်ကြသည်။ ထိုရေတံခွန်တို့သည် ပုပ္ပားတောင်ကြီး၏ ရှေ့နောက် တောင်နှင့်မြောက် ဝဲယာတွင် ကြီးကြီးငယ်ငယ် ရှယ်ရှယ်စားစား အတော်များများရှိသည်။

www.dhammaransi.com



## ရှည်လျားသော ချောင်းများ ရေရိုးများ

| :ရေ | အမည် | စတင်စီးဆင်းရာဌာန အမြင့်ပေ | တည်နေရာ | |
|---|---|---|---|---|
| ၁ | စလမိန်ချောင်း | ၁၆၀၀ | စပါးပုံတောင်၏ အနောက်တောင်ဘက် | |
| ၂ | ချောက်မနက်ရိုး | ၂၁၃၄ | ။ | ။ |
| ၃ | ချောင်းဦးတိုရိုး | ၂၄၁၄ | ။ | ။ |
| ၄ | ပျဉ်းပွံ့ရိုး | ၂၆၇၈ | ။ | ။ |
| ၅ | ဥမင်ရိုး | ၂၈၀၀ | ။ | ။ |
| ၆ | ဆီပင်ချောင်း | ၂၅၄၅ | ။ | ။ |
| ၇ | ရေဆူချောင်း | ၂၀၈၅ | ။ | ။ |
| ၈ | မင်းသားရေချောင်း | ၁၅၆၀ | ။ | ။ |
| ၉ | ဆရင်ကန်ချောင်း | ၁၅၀၀ | ။ | ။ |
| ၁၀ | ဘီလူးမချောင်း | ၁၄၀၀ | ။ | ။ |
| ၁၁ | ပျဉ်းတော်ရိုး ချောင်း | ၁၃၄၀ | ။ | ။ |
| ၁၂ | ဆီးပင်ကန်ချောင်း | ၁၅၀၀ | ။ | ။ |
| ၁၃ | ရေပြာရိုး | ၁၃၄၈ | ။ | ။ |
| ၁၄ | ဝက်ပဒူရိုး | ၁၄၀၀ | ။ | ။ |
| ၁၅ | မြခဲ ချောင်း | ၁၅၄၇ | ။ | ။ |
| ၁၆ | ကျသောင်းကြီးရိုး | ၁၆၆၉ | ။ | ။ |
| ၁၇ | ဝါးနက်ရိုး | ၁၅၀၀ | ။ | ။ |
| ၁၈ | ချောက်တွင်းရိုး | ၁၈၈၇ | ။ | ။ |
| ၁၉ | ကျောက်ကြားရိုး | ၁၁၆၇ | ။ | ။ |
| ၂၀ | တောင်မန်ကျည်းပင်ရိုး | ၁၂၂၆ | ။ | ။ |
| ၂၁ | သင်ပန်းတောင် ရိုး | ၁၅၀၀ | ။ | ။ |
| ၂၂ | တောင်စောက်ကြီးရိုး | ၁၅၀၅ | ။ | ။ |
| ၂၃ | ခင်ဘိုရိုး | ၁၄၇၅ | ။ | ။ |
| ၂၄ | ရိုးနက်ကြီး | ၁၃၃၇ | ။ | ။ |
| ၂၅ | တောင်မြှောင်ရိုး | ၁၃၃၇ | ။ | ။ |

www.dhammaransi.com



အပူဒဏ်ကို ခံကြရသော နွေဥတုတွင် ဖော်ပြပြီးခဲ့သော စိမ့်စမ်းရေတံခွန်၊ စွေသွန်ဆင့်ဆင့်၊ လေကြောင်းသင့်ရာတွင် ယဉ်ယဉ်ကျေးကျေး၊ ကြိုင်မွှေးသင်းပျံ့သော ပန်းရနံ့တို့ကို ရှူရှိုက်ရင်း ဝါးကြမ်းခင်း ထ(ထန်း) လက်မိုး တဲကျယ်ကျယ် စမ်းရေကန် နှစ်ကန်တို့၏ အလယ်၌ သွယ်ယူထားသော ရေ တံခွန်မှ သွန်ချသောရေသံနှင့် ပုံသဏ္ဍာန်ကို တရံမပြတ် မရပ်မနား ကြားမြင်ကြည့်ရှု၍ နွေဥတု ဒေါင်းဗိမာန်ကို တော်လှန်လိုသူ များသည် ပုပ္ပားတောင်ကြီး၏အရိပ်ကို ခိုလှုံရန် သင့်လျော်လှ ပေသည်။

## နွေဥတုအပူဒဏ်ကို တော်လှန်ကြသူများ၏ စိတ်အကြံ လေးဆစ်သဖြန်

နွေရာသီ အလျှံပြင်းပါဘိ၊ ရွှေဝါခြည်
ဆန်မတင့် တင်းအောင်ပ (အိုကွယ်) ဖန်ဆင်း
ပါဘိတော့ ဝိသကြုံ၊ တောင်လက်မောင်း
မှာတော့၊ လေကောင်းမှိန်မှန်နှင့် ရေမြောင်းတွေ
သန်သန်ဆင်းတယ်ကွယ် သင်းရနံ့ထုံ။
စပယ်ချောင်အနက်စွဲပါတဲ့ အလယ်ခေါင်
ထ (ထန်း) ရွက်တဲမှာတော့၊ ကွက်ကျဲရယ်တဲ့
ပန်းနွယ်ရုံ၊ ဆန်းကျယ်ပုံက ရှုမခန်း၊ ကြာစုံ
နှစ်ကန်ကြားမှာလ၊ ထ (ထန်း)သားငွေရေပွှန်

www.dhammaransi.com



နှင့်၊ လေသွန်လျှင် ရွှေညွှန်တွင်းတွေဆီက၊ ပန်း
သရဖီ လမ်းအလီလီက သင်းပေလိမ့် (ခင်လေး
ရေ) မင်းကြိုလှဲ့စမ်း. . .။

၇။ သတ္တမမြောက် အံ့ဖွယ်ဖြစ်သော နတ်မြင်းရှိခြင်းဆိုရာ၌–

မြင်းနှင့်ပတ်သက်သော အချင်းအရာတို့ကို သမိုင်းဟောင်းတို့၌ ဖော်ပြခြင်း မရှိပေ။

၈။ နတ်ကျားရှိသည့်ဆိုရာ၌

နတ်ကျားမှာ မင်းမဟာဂီရိ မောင်တော် နှမတော်ပိုင်နတ်ကျားဖြစ်သည်။ မင်းမဟာဂီရိ မောင်တော် နှမတော်များကို မရိုမသေ မလေးမစား ပြုလုပ်သူများအား ထိုကျားကို ပြသည်ဟု ဆိုကြသည်။ ထိုကျားကို မြင်နိုင်ရန် ခဲယဉ်းသည်။ တစ်ခါတရံ ခြေရာကိုသာ တွေ့ရသည်။ ရိုသေခြင်းကင်းမဲ့သူများနှင့် မောင်နှမနှင့် စပ်သောမှားယွင်းမှုကို ပြုမိသောသူတို့အား ကြောက်လန့်ရုံမျှ ကျားကိုပြသည်။ လူကိုကား ရန်မမူချေ။

မရိုမသေ မလေးမစား ပြုသောသူတို့၏ နွား စသောတိရစ္ဆာန်များကိုသာ ကိုက်ဖြတ်သတ်စားတတ်သည်ဟု ဆိုသည်။ ထိုသို့ဖြစ်ရသည်မှာလည်း ပထမအကြိမ်မြောက်ဖြစ်သောကြောင့် မင်းမဟာဂီရိ မောင်တော်နတ်က ပူးကပ်၍ သတိပေးခြင်းဖြစ်သည်ဟု ပြောတတ်သည်။

www.dhammaransi.com



၉။ မြွေပွေး မြွေဟောက် စသောအဆိပ်ပြင်းသော မြွေဆိုးများ မရှိခြင်းဟု ဆိုရာ၌–

တောတောင်ရဂုံ စေးချုံပိတ်ပေါင်း ခိုအောင်းစရာ လွန်စွာ ပေါများသည်ကို ထောက်ထား၍ မြွေဆိုးများ ခိုအောင်းမည်ဆိုပါလျှင် ခြေချစရာနေရာ မရှိသလောက်ပင် ရှိမည် ထင်၏။ ထိုမြွေနှင့်ပတ်သက်၍ ထူးဆန်းသော အကြောင်းတစ်ခုမှာ ပုပ္ပားတောင် နယ်နိမိတ် ရှစ်မျက်နှာတို့တွင်–

၁။ တောင်မျက်နှာ ၂။ အနောက်တောင်မျက်နှာ
၃။ အနောက်မြောက်မျက်နှာ ၄။ အနောက်မျက်နှာ

အားဖြင့် လေးပါးသော အရပ်မျက်နှာတို့ကို ပန်းထုပ်ချောင်းဖြင့် သတ်မှတ်ပိုင်းခြား၍ ထိုချောင်း၏ လက်ဝဲဘက်ကို ပုပ္ပားတောင် နယ်နိမိတ်ဟု ဆိုထားရာ ထိုနယ်နိမိတ်အတွင်းတွင် မြွေဆိုးများကို တွေ့ကြရသည်ဟု ကြားရခဲ သည်။

ချောင်း၏လက်ယာဘက်တွင်မူကား မကြာခဏ တွေ့မြင်ကြရသည်ဟု ဆိုကြသည်။ ထိုနယ်နိမိတ်အတွင်း၌ တစ်ခါတရံ တွေ့ကြုံရပြန်ပါသော်လည်း ကျွဲနွားတိရစ္ဆာန်နှင့် လူသတ္တဝါများကို ရန်မူသည် ဟူ၍ကား ကြားရခဲပေစွ။

**တစ်နည်း အံ့ကိုးပါး**

၁။ ပန်းပဲအလုပ်လုပ်၍ မထွန်းကားခြင်း။

၂။ ပန်းထိမ်လုပ်၍ မထွန်းကားခြင်း။

၃။ မြေအိုးမြေခွက်လုပ်၍ မဖြစ်ခြင်း။

www.dhammaransi.com



၄။ ဆိုင်း၊ ဓာတ်၊ ရုပ်သေး ပွဲသဘင် တည်ထောင်၍ မဖြစ်ခြင်း။

၅။ ကြိုးမအိပ်ခြင်း။

၆။ ဆေးဘက်စုံ ပေါများခြင်း။

၇။ ပန်းမျိုးစုံ ပေါများခြင်း။

၈။ မြွေးပွေး မြွေဟောက် မကိုက်ခြင်း။ ကိုက်သော်လည်း မသေခြင်း။

၉။ မောင်တော်ရေ ပုပ္ပားရွာ၏ အနောက်သို့မရောက်ခြင်း ဟူ၍ အချို့သောသူတို့၏ အံ့ကိုးပါးကို တစ်နည်းအားဖြင့် မှတ်သားထားသည်ဟု ဆိုကြသည်။ ဖော်ပြခဲ့ပြီးသော အံ့ဖွယ် ကိုးပါးနှင့် ဤနည်းကိုရောစပ်လျက် ရွေးချယ်ယူသည်ရှိသော်–

အမှတ် (၂) ပန်းထိမ်လုပ်၍ မထွန်းကားခြင်း။

အမှတ် (၅) ကြိုးမအိပ်ခြင်း။

အမှတ် (၉) မောင်တော်ရေ ပုပ္ပားရွာ၏ အနောက်သို့ မရောက်ခြင်းဟူသော အံ့ဖွယ် (၃) ပါးသာ ထူးခြားသည်။ ဖော်ပြပါ အံ့ဖွယ်ကိုးပါးအနက်–

အမှတ် (၂) ပန်းထိမ်လုပ်၍ မထွန်းကားခြင်းဆိုရာ၌ ပန်းထိမ်အလုပ်ဖြင့် အသက်မွေးကြသူတို့သည်လည်း ပန်းပဲ အလုပ်ဖြင့် အသက်မွေးကြသော သူတို့ကဲ့သို့ လုပ်အပ်သော အရာဝတ္ထု ဟု ဆိုအပ်သော ရွှေ၊ ငွေ၊ ကြေး သံ၊ သတ္တု အချင်းချင်း

www.dhammaransi.com



အကြမ်းအနုမျှသာ ကွဲပြားခြားနား၍ လုပ်ဆောင်ရာ၌ အကျုံး ဝင်သော ဖို၊ ပေ၊ တူ စသော အရာဝတ္ထုတို့မှာ အကြီးအငယ် အရွယ်သဏ္ဍာန်မှတစ်ပါး အလုံးစုံ တူညီကြသည်ချည်းဖြစ်၍ အောက်ကဖော်ပြခဲ့ပြီးသော ပန်းပဲလုပ်၍ မဖြစ်ထွန်းခြင်း အခန်း အတိုင်း မှတ်ယူသင့်တော့သည်သာတည်း။

အမှတ် (၃) မြေအိုးမြေခွက် လုပ်၍ မဖြစ်ထွန်းဆိုရာ၌ ပုပ္ပားမြေသည် စနယ်ခေါ်သော မြေမျိုးဖြစ်၍ အိုးခွက်လုပ်၍ မဖြစ်နိုင်ကြောင်း ပြောကြသည်။

အမှတ် (၅) ကျီးမအိပ်ခြင်း။

ဤအချက်ကား ထူးခြားလှသည်ဟု ဆိုရပေမည်။ ကျီးများ သည် နေ့အခါတွင်သာ အစာရှာလာကြ၍ ညဥ့်အိပ်တန်းတက် ချိန်တွင် အစုလိုက် အပြုံလိုက် အအုပ်လိုက် မြေပြန့်ရှိ သစ်ပင် များသို့ ပျံဆင်းသွားကြသည်ဟုဆိုသည်။ တောင်ထိပ်ကြီး၏ အရှေ့တောင်ဘက်ကျသော လှော်တောရွာတွင်ကား နေ့အခါ ၌ပင် ကျီးများကို မတွေ့မြင်ရဟုဆိုကြသည်။

အမှတ် (၉) မောင်တော်ရေ ပုပ္ပားအနောက်သို့ မရောက်ခြင်း။

ဤအချက်ကား ထူးဆန်းသည်မဟုတ်။ အကြောင်းကား မောင်တော်နတ်ကွန်းအနီး၌ရှိ၍ မောင်တော်ရေဟုခေါ်သည်။

www.dhammaransi.com



ယင်း ရေထွက်သည် ရေအား သုံးလက်မခန့်သာရှိ၍ အားနည်းသည်။ ပုပ္ပားမြို့၏ အနောက်သို့ ရောက်အောင် စီးဆင်းရမည်ကား ဝေးကွာလှသည်။ ထို့ကြောင့် ပုပ္ပားမြို့၏ အနောက်သို့ မရောက်ခြင်း ဖြစ်နိုင်သည်ဟု ဆိုနိုင်သည်။

## တောင်ကလပ်၏ အမည်များ

၁။ ဘဇဂါမ်တောင်

၂။ တောင်ကလပ်

၃။ ပန်းပေးတောင်

၄။ နဂါးရစ်တောင်

၅။ ဝဏ္ဏာယက္ခတောင်

၆။ ဝိဇ္ဇာဓရတောင် ဟူ၍ ခေါ်မည်ရသည်။

### ၁။ ဘဇဂါမ်တောင်

ဤအမည်သည် ရှေးအကျဆုံးသောအမည် ဖြစ်သည်။

### ၂။ တောင်ကလပ်

(က) ထိုတောင်ပတ်လည်ရှိ ဂူ(၁၀) လုံး၌ ဝိဇ္ဇာဓိုရ်များ စုပေါင်း တည်နေရာဖြစ်သောကြောင့် တောင်ကလပ်ဟု ခေါ်တွင်သည်။

ထင်ရှားစေဦးအံ့။ ကလပ်ဆိုသော စကားသည် ကလာပ သဒ္ဒါမှ သဒ္ဒါသို့ အစဉ်လိုက် စကားမျိုးဖြစ်၍ အစုအပေါင်း

www.dhammaransi.com



ဟူသော အနက်ကိုဟောသည်။ ဤသည်ကိုထောက်၍ တောင်ကလပ်ဟု အများသမုတ်ကြသည်။

(ခ) လောကီကျေးဇူး လောကုတ္တရာကျေးဇူးတို့ကို ဆည်းပူးရန် လျော်ကပ်သဖြင့် ဗြဟ္မာ လူ နတ် ပရိသတ်တို့၏ ချဉ်းကပ်ဝိုင်းအုံ စုဆုံပေါင်းစည်းရာ ဖြစ်သောကြောင့်လည်း တောင်ကလပ်ဟု ခေါ်ကြသည်။

(ဂ) တစ်နည်းလည်း ကလပ်နှင့် တူသောကြောင့် တောင်ကလပ်ဟု ခေါ်ကြသည်။

## မည်သည့်ကလပ်က ဗိုလ်ပေါင်းစုံမည်နည်း

မြို့ကြီးများပေါ်ရှိသော ကလပ်ကို ပြည်သူပိုင်အစိုးရနှင့်ဆိုင်ရာက တာဝန်ယူ ဆောက်လုပ်သည်။ ဤပုပ္ပားတောင်ရှိကလပ်ကိုကား ကမ္ဘာကြီးက တည်ဆောက်ပေးခဲ့သည်။

မည်သည့်ကလပ်က ဗိုလ်ပေါင်းစုံမည်ကို ကြည့်ထားလိုက်ကြ ဟေ ဟု ထွက်ရပ်လမ်းစဉ် လိုက်စားသူများက ဝမ်းသာအားရ ရယ်ရယ်မောမော ပြောကြ ဆိုကြ ကြိမ်းပကြသောဟူ၏။

၃။ ပန်းပေးတောင်

ကောဇာသက္ကရာဇ် (၃၇၉) ခုနှစ်တွင် အထွတ်အထိပ်သို့ ရောက်သော အနော်ရထာ မင်းလက်ထက် ပန်းတော်ဆက်ဖြစ်သူ ခြေလျှင်တော် မောင်ဗျတ္တအား ပန်းစားဘီးလူးမမယ်ဝဏ္ဏာ

www.dhammaransi.com



မယ်ဝဏ္ဏာဆိုသူသည် ကူညီ၍ ပန်းခူးပေးရာ ဌာနဖြစ်သောကြောင့် (ပန်းပေးတောင်) ဟု ခေါ်ရပြန်သည်။

ထိုတောင်၏ အရှေ့ဘက်တွင် စီးဆင်းလျက်ရှိသော စမ်းချောင်းအထဏ်ဖျား၌ နှစ်ပင်မျှောင်ဟု ခေါ်တွင်ရာ ဌာနတစ်ခုရှိသည်။ မယ်ဝဏ္ဏာသည် နေ့စဉ်ရက်ဆက် အတွေ့အမြင်များသော မောင်ဗျတ္တကို စကားပန်းနှစ်ပင်တွင် ကပ်မျှောင်၍ ချစ်စိတ်ချစ်ဇောနှင့် ချောင်းမြောင်း၍ ကြည့်ရာဌာနဖြစ်သောကြောင့် နှစ်ပင်မျှောင်ဟု ယခုတိုင် ခေါ်ကြသည်။

ထိုဌာနမှ အစပြုကာ ကြင်နာခင်မင် ချစ်သွေးဝင်သည်။ ထိုအချိန်မှ အစပြုကာ ကူညီ၍ ပန်းခူးပေးသည်၊ ထို့ကြောင့် ပန်းပေးတောင်ဟု ခေါ်ကြသည်။

**သည်ကိုရည်၍။** ။နှစ်ပင်မျှောင်ကမ်းအစဆီမှ၊ ကြင်နှန်းက ဆိုသူ။ နွမ်းသမျှ ပျိုကူမည်၊ နှစ်ကိုယ်တူ ယှဉ်လို့၊ လှမ်းခွေလျက် ကမ်းနေပါတယ်၊ ပန်းထွေရာ ပေးတဲ့ တောင်မို့၊ ရင်ခုန်၍ ခင်တုန်ပါတယ်၊ မြင်ရုံသာမြင်စို့၊ ကြင်ပုံကို သခင်တို့လေနဲ့၊ အရှင်ပျို့ဦးချီ။ မြိုင်ရဂုံ ကြိုင်ထုံလွှမ်း ခိုင်စုံပန်း နွမ်းလှပါပြီ၊ ခူးနှင့်လို့ ဖူးပွင့်ဆီကို၊ ကြူးရင့်မှီ အို မဆိုင်းလေဘာ၊ ရှိတပိုင်းကွေ့နဲ့ ချောင်လယ်၊ မွေ့တဲ့မောင်ရယ်၊ ချစ်ဇောနှင့် သစ်တောလယ်မှာ၊ စစ်ကြောဖွယ် ဆုံပြီကွဲ့လေး-ဟူသော မောင်ဘွဲ့ကို ဆိုခဲ့ဖူးလေပြီ။

www.dhammaransi.com



## ၄။ နဂါးရစ်တောင်

တောင်ခိုး တောင်ငွေ့များသည် တောင်ခုလပ်ဝယ် နဂါးမြွေကြီးများ ရစ်ပတ်သကဲ့သို့ ဖွဲ့ယှက် ရစ်ပတ်လည်နေသောကြောင့် နဂါးရစ်တောင်ဟု ခေါ်ဆိုကြသည်။

မြူခိုးသန်းမှောင် နဂါးရစ်တောင် ဘုန်းခေါင်လျှောက်လတ္တံ့– ဟူသော သိုက်တပေါင်ပါ နဂါးရစ်တောင်သည် ဤတောင်ပင် ဖြစ်သည်ဟု ဆိုကြသည်။

**ပြူစောထီး**။ ပုဂံပြည်ကို အရိမဒ္ဒနာသမုတ်၍ မင်းပြုလုပ်သော ပြူစောထီးသည် ပုပ္ပားသို့ချီတက်၍ ခုနစ်ရက်တိုင်တိုင် သဘင်ကြီးစွာ ခံသည်။ ပုပ္ပားတောင်ရှိ နတ်တို့ကို ဖွယ်ရာလျောက်ပတ် ကောင်းမြတ်သော အရသာနှင့် ပြည့်စုံအောင် ချက်ပြုတ်စီမံ၍ ဗလိနတ်စာ ကျွေးမွေးသည်။ ထို့ကြောင့် တောတောင်ရှိ နတ်တို့သည် ကောင်းချီးပေးကြကုန်သည်။ ထိုအခါ နဂါးမောင်မယ်တို့သည်လည်း ပွဲလမ်းရှိရာသို့ ရောက်လာကြ၍ ပုပ္ပားတောင်ပတ်ဝန်းကျင်ဝယ် လှည့်လည်ပျော်ပါး ကစားကြသော အရပ်တို့၌ ရေရှင်များ ထွက်ပေါ်လာသဖြင့် လူအပေါင်းတို့သည် ယခုတိုင်အောင် သုံးစွဲကြရလေသည်။

ထိုအခါက နဂါးမများသည် ဤတောင်ဝယ် ရစ်ပတ်လှည့်လည်လျက် ပျော်ပါးကစားရာ ဌာနလည်းဖြစ်ခဲ့သည်ဟု ဆိုကြသည်။ ထို့ကြောင့် နဂါးရစ်တောင်ဟုလည်း ခေါ်ဝေါ်ကြသည်။

www.dhammaransi.com



ယင်းသို့ နဂါးမများ ပေါက်ရောက်ခဲ့ဖူးသည်ကို ရည်၍ ဝိဇ္ဇာမိုရ် နှင့် နဂါးမပျိုအကြောင်း တောတောင်စိမ့်စမ်းနှင့် ပန်းအကြောင်း ကို ဖွဲ့ဆိုခဲ့ဖူးသည်ကား–

ကျောက်ချပ်စက်ထောင်၊ ကလပ်တောင်၊ နတ်တောင် ကျော်ထင်ရှား။ ဝိဇ္ဇာဓော်ဂျီ တပသီ နေမှီဓာတ်ကစား။ များစွာပရိသတ် စုပေါင်း ကပ် ကလပ်ခေါ်ဝေါ်ထား။ နဂါးတိုင်းပြည်၊ ဘောဂဝတီ၊ စံဥာနီ၊ မြေမဟီက၊ ကြေညာ ဝိသိဒ္ဓိ၊ ဘုရင့်မျက်ဖျော်၊ သမီးတော်၊ ပျော်လို စိတ်နှင့် မဟိဒ္ဓိပါဒ်၊ ရေတံခွန်စမ်း၊ ဟောဝန်နန်း စခမ်းသင့် ကပ်လိုက်ပါ၊

အလို...ကလပ်အဖျား၊ ဒြပ်ကြွား၊ နတ်လား လူလား၊ ငှက်မ်းပါး၊ သွားချီပြန်ချီ၊ မြူနှယ်နဆံ၊ ကူဆယ်ဟန်၊ စံဥာနီက၊ မြောက်ဆီကမ်းမှန်း၊ နိမိတ်လာပုံ၊ သိက္ခာဂုဏ်ကဖြင့်၊ ဝိဇ္ဇာပုံဖမ်းပါ ဘိ၊ အစွမ်းတန်ဖိုး၊ မြေမိုး ကောင်းကင်၊ ဝန်းကျင်ဖိလာ၊ သိတာထုတ်ချောက် သွားလိုရာ စိတ်ကမှန်းမှဖြင့် တန်းတန်းကြီး ရောက် ပါလိမ့်။

မောက္ခစိတ်သန်၊ အမတ ကိန်းအောင်း ကြစိမ်းတောင်ချောင်ကို ပြန်မယ့်ဟန်ပန်

www.dhammaransi.com



လက္ခဏာ မျက်နှာတင့်ဆန်း ဟောမဝါကြော သေလာတော ပြောရင်းပင် လှမ်းချေပြီ။

စံခန်းကူ ပျံ့ သူမရှိတုန်း မူကြည့်အုံးမယ်လို့ နှလုံးဖြင့်ကြံ။ ဗိမာန်ရှုစား ကျောက်ခုတင် တစ်ဘက် ကျောက်ပျဉ်တက် အင်းကွက်များနှင့် ကျောက်သွားအနီးက မဇျဉ်း စ မခြောက်ကွက် စနစ် ထောင့်ဖျက်ပစ်။

ပုဆစ်အိမ် ချလို့မို့၊ ထိန်ဝကူထဲ၊ ဖြူမဲ နီနက်၊ ကြယ်ရောင် လရောင်၊ မြအရောင်၊ ပြောင်ပြောင်လက်လက် ဖိုထွက်ဓာတ်လုံး၊ ဂမုန်းပေါင်း ပန်းပေါင်း ဆေးကောင်း ခါးလှဲ့ လက်ဖွဲ့မျိုးစုံ ထိုက်သူကို ပေးနိုင်ဖို့ထင့်၊ ဆိမွေးနဲ့ထုံ ရဂုံဂနိုင် စုံမြိုင်ဟောဝန် လေသွန် ကြည်အေး ပုပ္ပားတောင်ဒြပ်ဆန်း နတ်ပန်းက မွေးပါဘိ။

ရှေ့ကသုပ် ခုမှမျက်မြင် ရေယဉ်စမ်းဝိုက် နဂါးမပျို အလှဗိုလ်၊ အလို မြင်လိုက်ပေပြီ၊ အကြိုက် လဲမြင် ပန်းမွေ့ရာဂူအထဲ မူကွဲအောင် ဆင်တော့မယ်၊ သခင်သွားလိုက် ပန်းဝတ်မှုန် တွေအကုန်ချွေရွေရင်နဲ့ပိုက်မို့ အလိုက်သင့်ခင်း။

www.dhammaransi.com

# ပုပ္ပားတောင်တော်သမိုင်း

အတွင်းအပြင် ဝန်းကျင်ပတ်လည်၊ ဖီလာ ထက်အောက် ထုတ်ချောက်ဝဲယာ ကိုးမျက်နှာ သက်လျှာ မြင်ကွင်း တောင်ဆင်းတောင်တက် စခန်းအသင့် လွမ်းစေချင့် ပန်းပွင့်ချင်း ဆက်မိ အောင်။

မြိုင်ထွက်မြိုင်ဝင် ရှူခင်ချိုင့်ဝှမ်း စိမ့်စမ်း ကုန်းကြင်း လိုဏ်တွင်းဇလုတ် တောင်အုပ်နရန်း ခါးပန်းဝဲယာ၊ လူးလာရှေ့နောက်၊ တောင် မြောက် ပြေးကူး၊ ပုပ္ပားတောင် ဓာတ်စခန်းက နတ်ပန်းစုံ ခူးလို့မို့၊ တောင်ထူးတောင်မြတ် တောင်ကလပ်တွင်။

ဝိဇ္ဇာမောင်မယ်လက်စွမ်း တန်းကနဲ မြင်တဲ့ အောင်၊ ဆင်ရန်ရွေးချယ်၊ ရွယ်အစားစား စကားအထက်ကဆင့်၊ စပယ်ပွင့် ထိပ်မှာတင် ဇွန်ပင်သေးမှာချည်း သရဖီ ရုံကာပတ် ဇလပ် အောက်စိုက်၊ မြတ်လေးနှင့် ခတ္တာ၊ ဝဲယာက လိုက်စေမည်။

နန်းသူကြိုက်သဇင် ကံ့ကော်နှင့်ပုန်းညက် ကုန်းထက်မှာ ယှဉ်လို့မို့၊ ရွှေရင်ခတ် ခဝဲဖြူ၊ ယင်းမာနှင့် အင်ကြင်း အဆင်းကကူကြစို့၊ မဉ္ဇူသွာညို၊ စွယ်တော်စင် ရုံပတ်လို့ ပြန်ကာဟပ်

www.dhammaransi.com



ခိုပြီးတော့ ပန်းညိုဒေါနံ၊ သော်ကကြက်ရုံး၊
ထပ်တရာ နှင်းဆီတွဲလို့ ပေါက်လဲပါကြဲ့ပြီး
လျှင်။
ပင်လုံးကျွတ်ပွင့် ဓိဇဝါ ပိတောက်ပန်း၊ မြောက်
ခြမ်းကဆင့်လို့...မို့၊ကုန်းမြင့်ချောင်ဖွေ။ တောင်
ချေစမ်းကျ၊ ရွှေပန်းနှင့်ငွေပန်း ရေလမ်းက
ပြပြီးလျှင် ဆင်းလှတဲ့သေလာ။
ရှုမျှော်ရိပ်နှင့်၊ တောင်ထိပ်သာတွင်၊ ကြင်လူ
စွမ်းဝိဇ္ဇာဆိုတဲ့ အကိုဖမ်းပါရော၊ အပျိုဖြန်းလက်
မလွှတ်ချင်ရအောင်...(ကိုင်း မောင်ကြီး) ဖက်
ဆွတ်ခိုင်–စကားဝါနှစ်ငုံနှင့် ကြာအစုံ(က်)ပွင့်–
...ဟူ၍ဖြစ်သည်။

## ၅။ ဝဏ္ဏယက္ခတောင်

မယ်ဝဏ္ဏ၏ နေထိုင်ရာ ဌာနဖြစ်သောကြောင့် ဝဏ္ဏယက္ခတောင်ဟု ခေါ်ကြပြန်သည်။ ထိုတောင်၏ သုံးပုံနှစ်ပုံခန့်အမြင့်တွင် ရွှေဖျဉ်းကြီး ရွှေဖျဉ်းငယ် သားတော်နှစ်ယောက်ကို ဖွားမြောက်ရာဌာနဂူ ရှိသည်။ ထိုဂူတွင် နတ်နန်းဆောက်လုပ်၍ ပူဇော်ပသကြသော မယ်ဝဏ္ဏနတ်ရုပ်ပုံရှိသည်။ ပုဂံပြည် တည်ရာအနောက်သို့ မျက်နှာမူလျက်နေဟန် စီမံထားခဲ့ကြသည်။

www.dhammaransi.com



ပန်းခူးလာနေကျဖြစ်သော ခင်ပွန်းသည် မောင်ဗျတ္တကို မျှော်ခေါ်ရာဌာန ကျောက်တုံးကြီးသည် တောင်ထိပ်၏ အနောက် တောင်ထောင့် တောင်စွယ် ယခု ကျိုက်ထီးရိုးဘုရားအနီးတွင် ရှိသည်။ ယင်း ကျောက်တုံးကြီးကို (မယ်တော်မျှော်စင်ကျောက် နန်း) ဟု သားများက ခေါ်လေဟန် သမုတ်ကြသည်။ တောင် ကလပ်၏ လေးပုံသုံးပုံအမြင့် ထီးသုံးဆင့် ဘုရားသို့အတက် လမ်းခွဲအဆုံးနေရာသည် ခင်ပွန်းသည် မောင်ဗျတ္တကို ဒန်းစီး၍ မျှော်မှန်းရာဌာနဖြစ်သော မယ်ဝဏ္ဏ၏ ဒန်းစီးစခန်း သို့မဟုတ် ဒန်းလွှဲစခန်းဟု ခေါ်ကြသည်။ သန်းပင်များပေါက်ရောက်လျက် ရှိသောကြောင့်လည်း သန်းတောစခန်းဟု ခေါ်ကြပြန်သည်။ ပန်းတော်ဆက် မောင်ဗျတ္တသည် ဝက်သားမစားသော ကုလား လူမျိုးဖြစ်၍ ဤဌာနသို့ လာရောက်ကြသူများသည် ဝက်သားကို ယူဆောင်၍ မလာရ။ ရှောင်ကြဉ်ကြရလေသည်။

၆။ ဝိဇ္ဇာဓရတောင်

ဝိဇ္ဇာဓိုရ်များ မွေ့လျော်ကိန်းအောင်းရာ ကူးသန်းသွား လာရာ ရောက်ပေါက်ရာ ဌာနဖြစ်သောကြောင့် ဝိဇ္ဇာဓရတောင် ဟူ၍လည်း ခေါ်ဆိုသမုတ်ကြသည်။

**မှတ်ချက်။** ။ ဤအမည်နှင့်စပ်၍ ပုပ္ပားတောင်မှ ထွက်ရပ် စခန်းသို့ကြွမြန်းကြသော ဝိဇ္ဇာဓိုရ်များအကြောင်း ကို ဆက်ဖော်ပြပါမည်။

www.dhammaransi.com



## အထက်ဆရာတော်ကြီးများ ထွက်ရာ

ဦးခန္တီဇောတိစသော အထက်ဆရာတော်ကြီးလေးပါးသည် တောင်ကလပ်၏ အရှေ့မြောက်ဘက်အနီးတွင် အိုင်ဖြူခေါ် သော ရေထွက်ရှိသည်။ ထိုရေထွက်၏ အရှေ့ဘက် အမြင့်တွင် တည်ရှိသော ကျောက်ဖျာကြီး၌ နောက်ဆုံးတရားအားထုတ် ၍ ထွက်ရပ်ပေါက်သည်ဟု ၎င်း၏ ဆက်ခံတပည့်များက အညွှန်း နှင့် လိုက်လာကြသည်ဟု ဆိုကြသည်။

## ရှင်မေခနိယရသေ့ ထွက်ရာ

ပုပ္ပားတောင်မကြီး၏ အရှေ့တောင် လျှော်တောရွာ၏ မြောက်ဘက် ခရီး သုံးမတ်ခန့်အကွာတွင် ဥမင်တစ်ခုရှိသည်။ ထိုဥမင်တွင်အမြဲသီတင်းသုံးလျက် တောင်ကလပ်နှင့် ကူးသန်းကာ ထွက်ရပ်လမ်းကို ကြိုးပမ်းအားထုတ်၍ အောင်မြင်သည်။ ဟိမဝန္တာမှ ယူဆောင်လာသော အနက်မျိုးစုံကို သီတင်းသုံးရာ ဥမင်အနီးတွင် စိုက်ပျိုးထားသည်ဟု ဆိုသည်။

www.dhammaransi.com



ရှင်မေခနိယရသေ့ထားခဲ့စိုက်ပျိုးခဲ့သောအနက်မျိုးစုံတို့မှာ

| | |
|---|---|
| ၁။ ဗဟန်းနက် | ၂။ တာလဗီဇကျောက်ချဉ်နက် |
| ၃။ ကန့်ကူဆံနက် | ၄။ ပယင်းနက် |
| ၅။ စလင်းနက် | ၆။ လကြီးနက် |
| ၇။ အဖြိုက်နက် | ၈။ မဟူရာနက် |
| ၉။ သန္တာနက် | ၁၀။ ကန့်ကျုတ်နက် |
| ၁၁။ နန္ဒင်းနက် | ၁၂။ ဟုန်းနက် |
| ၁၃။ ဆပ်ချိုနက် | ၁၄။ ဒေါ်ရင်းနက် |
| ၁၅။ စပလင်နက် | ၁၆။ သက်ရင်းနက် |
| ၁၇။ ကျွန်းနက် | ၁၈။ နေဇာနက် |
| ၁၉။ နေကြာနက် | ၂၀။ ပြိန်းနက် |
| ၂၁။ စကားနက် | ၂၂။ ဂမုန်းနက် |
| ၂၃။ သဇင်နက် | ၂၄။ ဒန့်ဒကူးနက်တို့ ဖြစ်ကုန်၏။ |

ယင်းအနက်တို့ကိုအလိုရှိပါကဤပုပ္ပားတောင်တွင် ၃-လ ၄-လ ၅-လစသည် ဘာဝနာ ကမ္မဋ္ဌာန်း မဂ်ဖိုလ်ငြမ်းဟု ဆိုအပ်သော ဥပုသ်သီတင်း စောင့်ထိန်း ကျင့်သုံး၍ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်လျက် အဓိဋ္ဌာန်နှင့် နေစေပြီးလျှင် အရှင်မေခနိယရသေ့ကို ပင့်ခေါ် ခွင့်ပန်က ရနိုင်ရန်အကြောင်း ရှိသည်ဟုဆိုသည်။

www.dhammaransi.com



အဖိုးတန် အနက်မျိုးစုံတည်ရှိရာ ဂူဟောင်းသည် အရှင်မေခနိယ ထွက်ရပ်ပေါက် ဝိဇ္ဇာမိုရ်ရသေ့၏ သီတင်းသုံးရာဂူသာ ဖြစ်ကြောင်း ဆိုကြသည်။

## ဝိဇ္ဇာမိုရ်နှင့် သူယောင်ပျို

ဤသမိုင်းဝင် သိုက်ဝင် အနက်မျိုးစုံဆေးဖုံတို့ကို ကံအားလျော်စွာ ဖော်စပ် စားသုံးရသော ဝိဇ္ဇာ ဇော်ဂျီတို့သည် ဖော်ပြလတ္တံ့ဖြစ်သော သူယောင်တောသို့ သွားရောက်ပျော်ပါး မိန်းမောကြသည်ဟု ဆိုကြသည်။ တောင်သမုဒ္ဒရာ၏ တောင်ဘက်ရှိ သီတာခုနစ်တန်၊ တောခုနစ်တောတို့တွင် တစ်တောအဖြစ် ပါဝင်သော နာရီဝနခေါ် သူယောင်တောကို ခေါ်သည်။

ထိုတောရှိ အပင်များ၏ သဏ္ဍာန်မှာ ငှက်ပျောပင်နှင့်တူ၏။ ယောကျ်ား မိန်းမ ဟန်ပန်အမူအရာ အင်္ဂါစုံပါဝင်သော လူသီးကို သီးသည် သစ်ပင်၏ လုံးပတ်မှာ (၉၉) တောင်ရှိ၍ အတောင် (၉၀၀) မြင့်သည်။

အရွက်မြအဆင်း၊ အခက်သန္တာရောင်၊ အပင်မှာငွေရောင်၊ ဝတ်ဆံ ညှာတံတို့သည် နီလာကျောက်နှင့်တူသည်။ အသီးကား (၁၂) နှစ်အရွယ် သူငယ်မသဏ္ဍာန် ဟန်ပန်မူရာဖြင့် လွန်စွာ လှပသည်။

www.dhammaransi.com



မျက်ခုံး ငါးရက်လနှင့် တူသည်။ မျက်တောင်ကော့သည်။ မျက်လုံးသောကြာကြယ်နှင့် တူသည်။ ဆံပင်ပိတုန်းရောင်ကဲ့သို့ နက်သည်။ သုံးတောင်ထွာရှည်သည်။

နှုတ်ခမ်းမှာ ပတ္တမြားရောင် သန္တာရောင်ကဲ့သို့ နီသည်။ ရွဲလုံးစီသကဲ့သို့ ညီညာသောသွားတို့သည် ငွေရောင် စိန်ရောင် ပုလဲရောင်ကဲ့သို့ တောက်ပြောင်ဖြူဖွေးသည်။

တစ်ကိုယ်လုံး ဆင်မြန်းထားသော အဆင်းတန်ဆာတို့မှာ စိန်တုံး၊ ရွှေတုံး၊ ရွှေခဲ ဖြစ်နေသည်။ အသီးကို လေခတ်က တဖျတ်ဖျတ် လှုပ်ရှား၍ လူများ ကသကဲ့သို့ ထင်ရသည်။ ယောကျ်ားတို့၏ လိပ်ပြာကို သည်မှာနားလှည့်ပါ ခေါ်သကဲ့သို့ ကန့်ကူယ ကုတ္ထိယအာရုံ ယဉ်မျိုးစုံကို အစွမ်းကုန် ထုတ်၍ ပြသည်။

ထိုတောသို့ရောက်က အာသဝေါကုန်ခန်းပြီး ပုဂ္ဂိုလ်များ သော်မှ ပြုံးမိကြသည်။

ပုထုဇဉ်တို့မှာမူကား သူယောင်သီးကို မြင်ရုံမျှဖြင့် ရင်ခုန်ကြသည်။ ရေငတ်သကဲ့သို့ ဖတ်ဖတ်မော၍ ဓာချွေးကျသည်။

အပြောမှား၍ စကားမပြီ ရင်ဆီခွဲဆိုက် အကြိုက်နှင့် တွေ့ထားသည်။ သွားကြိတ်ထိတ်လန့် ဒူးနံ့လက်လှုပ် ရွှေ ဖော့ရပ် သူယောင်မယ်လေးကို ဆွတ်ခွေကာ ပန်းမွှေ့ရာ တလင်းဝယ်

www.dhammaransi.com



အသက် သွင်းကြသည်။ လိပ်ပြာ နှစ်ကောင် အတောင်ယှက်တင် ဘဝင်မေးမိုတ် အချစ်စိတ်နှင့် အိပ်မောကျသူများမှာ လေးလကြာမှ နိုးသည်။

လောကီစျာန်နှင့် ပျော်မွေ့ နေကြသော ရသေ့တို့သည်လည်း သူယောင်မယ်ကြောင့် စျာန်လျှောရသည်။ ဖန်တလင်းသို့ သက်ဆင်း၍ပျော်ပါးကြသည်။ တရားလက်လွှတ်ပြီး ငှက်တောင်ကျွတ်သကဲ့သို့ ဖြစ်သွားနိုင်သည်။ ဒလက်များ ချားရဟတ်များကဲ့သို့ ချာချာလည်လည် ရေဦကျသော အပ်ကဲ့သို့ ရှာဖွေမရ ဖြစ်တတ်သည်။

သင်းပျံ့မွှေးကြိုင် တလှိုင်လှိုင် ထုံလှသော သီလရနံ့တန်ခိုးတို့သည် ငါးပိအိုးထဲ ရောက်သကဲ့သို့ ဖြစ်တတ်သည်။ ပိုးဖလံမီးပုံတိုးသကဲ့သို့ အကျိုးမှန်သမျှ ဆုတ်ယုတ်ပျက်ပြားရသည်။ ဆားလေ့မှောက်သကဲ့သို့ မိမိ၏ ကိုယ်ကျင့်တရားတို့သည်လည်း ကောက်မရအောင် ဖြစ်တတ်သည်။

ဆံကျစ်များ၊ လျှော်တေသင်္ကန်းများ၊ သစ်နက်ရေများ ဗရတ်သုတ်ခ သုံးမရအောင် ဖြစ်လေသည်။ လေးလလွန်၍ အိပ်ရာမှ ထသောအခါ သတိရ၍ သံဝေဂဖြစ်ပြီးလျှင် ယခင်က အားထုတ်နေကျဖြစ်သော တရားများကို ဆက်၍လက်အားထုတ်ကျင့်သုံးပြီးမှ လိုရာခရီးသို့ ကြွနိုင်ကြလေသည်။

ယင်းကဲ့သို့သော လောကီအာရုံ ကာမဂုဏ်ချမ်းသာ၌ ကိန်းအောင်းသော စိတ်ဓာတ်နှင့် ပူးကပ်ယှဉ်တွဲ အားကြီးက ပွားစီး

www.dhammaransi.com



လတ္တံ့သော စည်းစိမ်မှ လျော့ပါးကြ ဆုတ်ယုတ်တတ်ကြလေသည်။

## အရှင်သာရဒ ရသေ့၏ထွက်ရာ

တောင်ကလပ် အနောက်တောင်ဘက်ရှိ (ထောက်ရှာ) ဟုခေါ်တွင်သော ချောင်းရိုး၏ အထက်ဖျားမှ ထွက်ရပ်ပေါက်သည်။ ပုပ္ပားတောင်တွင် အထက်ရသေ့တစ်ပါး၊ အောက်ရသေ့တစ်ပါးအားဖြင့် နှစ်ပါးဖြစ်သည်ဟု ထင်ရှားကျော်စောခဲ့သည်။ အထက်ရသေ့မှာ သာကေတပြည့်ရှင် ဘုရင့်သားတော်အရှင်မေဓနိယ ဖြစ်၍ အောက်ရသေ့မှာ အရှင်သာရဒရသေ့ပင်ဖြစ်သည်။

## ဦးသီလ၏ ထွက်ရာ

ဦးသီလသည် ပထမအောင်မြေဖြစ်သော ဘဇာယနတောင်မှ ထွက်သည်။ ၎င်းပုဂ္ဂိုလ်သည် ထွက်ရပ်လမ်းကို မျှော်မှန်း၍ ထိုတောင်၌ အားထုတ်နေခိုက် အလွန်အေးသော ဆောင်းရာသီတွင် ကျားသစ်ကြီးများ ကျားကြီးများနှင့်အတူ မီးလှုံ၍ နေကြောင်းတစ်ဆင့်စကား ကြားသိရဖူးသည်။

## ဦးဝိနသျှ၏ထွက်ရာ

ဦးဝိနသျှသည်ဦးသီလ၏ညီဖြစ်သည်။ အစ်ကိုရှိရာသို့လာရာ ဘဇာယနတောင်မှ ထွက်ရပ်ပေါက်သွားပြီဟူသော သတင်း

www.dhammaransi.com



စကားကို ကြားသိရသဖြင့် ငါသည်လည်း နောင်တော်၏ လမ်းသို့ တန်းတန်းလိုက်ကာ ထွက်ရပ်သို့လျှင် သွားတော့အံ့ဟု နှလုံးပိုက်လျက် တောင်ကလပ်၏ အရှေ့မြောက် အနီးတွင် မြေကြီးကျုံ့၍ကျနေသော နေရာကို တောင်ကလပ်မှကြည့်လျှင် ထင်ရှားစွာ တွေ့မြင်နိုင်သည်။ ထိုဌာနတွင် ဆရာစဉ်ဆက်၏ ဩဝါဒအတိုင်း လိုက်နာကျင့်သုံး၍ နောက်ဆုံးထွက်ရပ်ပေါက် သွားသည်ဟု ကျော်စောသည်။ ထိုပုဂ္ဂိုလ်သည် ၁၂၈၈ ခုနှစ်တွင် အသက် (၁၀၅) နှစ် ရှိသည်ဟုဆိုသည်။

## ခက်ခဲနက်နဲလှသော ထွက်ရပ်လမ်း

ထွက်ရပ်လမ်း ကျင့်စဉ်များသည် လောကီဘက်ဆိုင်ရာ နယ်ပယ်တွင် လွန်စွာဖြစ်နိုင်ခဲသောလမ်းကြီး ဖြစ်ပေသည်။ ထိုထွက်ရပ်ပိုင်းဆိုင်ရာ ကျင့်စဉ်တို့သည်လည်း လွန်စွာအားထုတ်နိုင်ခဲသည်။ ယင်းကျင့်စဉ်နှင့် လုပ်ရပ် ထွက်ရပ်ဆိုင်ရာ ရေးသားထားသော စာပေတို့သည်လည်း ဝက်ဝုတ္တိ အလင်္ကာခေါ် အကောက်နည်းဖြင့် ရေးသားထားသည်ကိုသာ တွေ့ရသည်။ သို့ကြောင့် ဖြစ်နိုင်ရန် ခဲယဉ်းပေစွဟု ညည်းတွားကြသည်ကိုသာတွေ့ရသည်။ အထိုက်အလိုက် ပေါက်မြောက် တန်ခိုးသတ္တိ ရောက်လာသောအခါတွင်လည်း ငွေနှင့် ပျက်စီးကြ၊ ဝိသဘာဂကလတ္တိယနှင့် ပျက်စီးကြသည်ကိုသာ တွေ့ရ မြင်ရကြားရသည်။

www.dhammaransi.com



လောကုတ္တရာဘက်ဆိုင်ရာ သမထ၊ ဝိပဿနာ၊ ဘာဝနာ ကမ္မဋ္ဌာန်းစီးဖြန်းလျက် သန္တိ သုခမာနထွက်မြောက် နိဗ္ဗာန်ပေါက် ဖြစ်သော မဂ်လမ်း၏ သားကြီးဩရသသဖွယ် ဖြစ်လေသည်။ 'လောကီထွက်ရပ်လမ်းကို တန်းမှန်းမျှော်ဆ လိုက်လိုကြသော ပုဂ္ဂိုလ်တို့သည် မဂ်ငြမ်းဖိုလ်ငြမ်းဖြစ်သော သဒ္ဓါ ဝီရိယ၊ သီလ၊ သမာဓိ၊ ပညာ စသောတရားတို့ကို ကိုယ်နှင့်ထပ်ကြပ်မကွာ အသင့်ယှဉ်တွဲ အမြဲလက်ကိုင်ထားကြရပေသည်။

၁။ ကလပ်တောင် နတ်တောင်က ကျော်ကြား၊ ဝိဇ္ဇာဇော်ဂျီနှင့် တပသီနိဗ္ဗာန်နန်း လမ်းသည်ကသွား။
၂။ လိုချင်လျှင် ဖိုဝင်ကြပါလား၊ ဆေးဒါန်းစိန်သံနှင့် ချိန်တန်လျှင် တိမ်ယံညွှန့်မှာ၊ မြူးကွန့်လို့ကြွား။
၃။ ဂမုန်း သုံးမကုန် ခြွေလှဲ့တော့ ပြေရဲ့အထူး၊ ဆေးဘက်တွင် ထွေးယှက်အတင်တင်မို့၊ အမြင်မြင်ကိုယ်စီထူး ရှုးလှဲ့ကြဦး။
၄။ ဘုရားဖူးရင်း၊ လိပ်ဥကျင်း၊ တူးရင်းဆိုသလို။
၅။ ကြွကြပါစမ်း၊ ကလပ်နန်း သိန်းသန်းများလူဗိုလ်။
၆။ မဂ်လမ်းဖိုလမ်း၊ ဝိဇ္ဇာလမ်း၊ ဖြတ်သန်းသည်ကကြို။
၇။ ဝိဇ္ဇာမိုရ်ရှိတောင်၊ နတ်တို့ဘောင်၊ ထွတ်ခေါင်ပြည်ဗဟို။

www.dhammaransi.com



## ရှေးဝိဇ္ဇာဓိုရ်များ

ဤဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးဖြစ်ကြသော ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားရှင်တို့ လက်ထက်တော်များတွင်လည်း ဝိဇ္ဇာဓိုရ်အများအပြားတို့ ထွက်သွားပေါက်ရောက်ကြဖူးသည်သာလျှင်တည်း။

ထိုဝိဇ္ဇာဓိုရ်တို့၏ စာရင်းကို အလျဉ်းသင့်၍ ဖော်ပြပါမည်။ ဤကမ္ဘာတွင် ကကုသန် ဘုရားသခင်၏ သာသနာပ၊ သာသနာတွင်း၌ ထွက်ရပ်ပေါက် ဝိဇ္ဇာဓိုရ်ပေါင်းရှစ်သောင်း။

ကောဏာဂုံဘုရားသခင်၏ သာသနာပ၊ သာသနာတွင်း၌ ထွက်ရပ်ပေါက် ဝိဇ္ဇာဓိုရ်ပေါင်း ရှစ်သောင်း။

ကဿပဘုရားလက်ထက် သာသနာတွင်း၊ သာသနာပ၌ ထွက်ရပ်ပေါက် ဝိဇ္ဇာဓိုရ်ပေါင်း ရှစ်သောင်း။

ဂေါတမ ဘုရားရှင်၏ သာသနာတွင်း၊ သာသနာပ၌လည်း ထွက်ရပ်ပေါက်ပြီး ပေါက်ဆဲ ပေါက်လတ္တံ့ဖြစ်သော ဝိဇ္ဇာဓိုရ်ပေါင်း ရှစ်သောင်းပင် ရှိမည်ဖြစ်သည်။

ပွင့်တော်မူလတ္တံ့သော အရိမေတ္တယျဘုရားသခင်၏ သာသနာတွင်း၊ သာသနာပ၌ကား ထွက်ရပ်ပေါက်လတ္တံ့သော ဝိဇ္ဇာဓိုရ်ပေါင်း သုံးသိန်းနှစ်သောင်း။ ထို့ကြောင့် ဤကမ္ဘာတွင် ဘုရားငါးဆူ တို့၏ သာသနာတွင်း၊ သာသနာပတို့၌ ပေါက်ပြီး

www.dhammaransi.com



ပေါက်ဆဲ၊ ပေါက်လတ္တံ့ဖြစ်ကြသော ဝိဇ္ဇာခိုရ်အပေါင်းကား ခြောက်သိန်းလေးသောင်း ရှိမည်ဟူ၍လည်းကောင်း။

ဂေါတမဘုရားသခင် လက်ထက်တော်ဝယ် ပုဗ္ဗဝိဒေဟ (အရှေ့) ကျွန်းမှ စုတေခဲ့၍ ကာသိကရာဇ်တိုင်း၌ သုတေဇ္ဇာသရ မည်သော ပုဏ္ဏားမျိုးမှဖြစ်သော ပြဒါးဝိဇ္ဇာ ခြောက်ကျိပ် လေးယောက်။

စတုမဟာရာဇ်ဘုံမှ ဝိရူပက္ခနတ်မင်းကြီး၏ သားများ စုတေ ခဲ့၍ တောင်ကျွန်း အင်္ဂပူရတိုင်း ကိဠဘူမန္တမည်သော ပုဏ္ဏားမျိုးမှ ဖြစ်သော ပြဒါးဝိဇ္ဇာ တစ်ရာ့ကိုးကျိပ် ငါးယောက်။

အပရဂေါယာန(အနောက်)ကျွန်းမှ စုတေခဲ့၍ ကောသလ တိုင်း၌ အမြုတေဇ္ဇာသရမည်သော ပုဏ္ဏားမျိုးဖြစ်သော သံဝိဇ္ဇာ ပေါင်း လေးရာ့ကိုးကျိပ် သုံးယောက်။

မြောက်ကျွန်းမှစုတေခဲ့၍ ကုရုတိုင်း ဘေသဇ္ဇကာရဗြာဟ္မဏ မည်သော ပုဏ္ဏားမျိုးမှဖြစ်သော ဆေးဝိဇ္ဇာပေါင်း ခြောက်ရာ ကိုးကျိပ်ရှစ်ယောက်တို့ ထင်ထင်ရှားရှား ထွက်သွားကြကုန်ပြီ။ ထိုသို့ပေါက်ပြီး ထွက်ပြီး ဝိဇ္ဇာပေါင်းကား တစ်ထောင့်လေးရာ့ ငါးဆယ် (၁၄၅၀) ဖြစ်၍ ယခုအခါ ထိုအရေအတွက်ထက်ပိုလွန် ၍လာပြီဖြစ်ကြောင်း (သတ္တသရီ) မည်သော ကျမ်းတို့၌လာသည် ဟု ဆိုသည်။

www.dhammaransi.com



## တောင်ကလပ်ရှိ ဂူ (၁၀)လုံးတို့နှင့် ၎င်းတို့၌ပေါက်သော ဆေးပင်များ

၁။ သေလဥ္ဓလဂူ ။ နေကြာ ဘယဆေးပင် ပေါက်သည်

၂။ ပါမောက္ခဝိဇ္ဇာဂူ ။ ဣစ္ဆာသယ ဆေးပင်ပေါက်သည်။

၃။ ဈာနလာဘီဂူ ။ ဂမုန်းနက်ပေါက်သည်။

၄။ သောဏ္ဏန္ဓရီဂူ ။ ကန့်ကျူတ်နက်ပေါက်သည်။

၅။ နီလဂန္ဓဂူ ။တောင်လုံးကျော်ပင်ပေါက်သည်။

၆။ ယမတိဝရဂူ ။ ဂမုန်းနီပင် ပေါက်သည်။

၇။ ကာမဒူတဂူ ။ ဆေးကမြင်းပင် ပေါက်သည်။

၈။ ကပ္ပဋ္ဌသာရီဂူ ။ ဂမုန်းဖား (ပစပါပေါက်)ကတ္တီပါ ရိုးနီပင် ပေါက်သည်။

၉။ မန္တိန္ဒြိယဂူ ။ ဂမုန်းရှင်သူငယ် ပေါက်သည်။

၁၀။ ပိတိသမ္ဘဝဂူ ။ သောတာပန်ဆေးပင်ပေါက်သည်။

## ဂူ (၁၀) လုံးလင်္ကာ

သေလာဖွေထပ် တောင်ကလပ်၌၊ လှူဇာတ်
မတန်၊ နတ်များဖန်သည်၊ ဂူဆယ်မည်ကို
ဘွေနည်းမှန်လှ၊ ရေတွက်ပြအံ့ . . .။

www.dhammaransi.com



သေလဥ္စလ၊ ဌာနတစ်နယ်၊ နောက်တစ်
သွယ်က၊ ပါမောက္ခဝိဇ္ဇာ၊ နေရာတမူ၊ သေလာ
ဂူဟု၊ လက်ဝဲပြုသည်၊ ရှုကြပါလေ၊ အောက်ခြေ
အကျ ဥတ္တရတွင်၊ ဈာနလာဘီ ဂူတလီမှန်၊
သောဏ္ဍာန္တရှိ ခေါ်တွင်သိ၏။
ဌာနီတစ်ဝ၊ သမုတ်ကြသည်၊ ဂူတစ်မည်
ကား၊ နီလဂန္ဓ၊ ငါးဝတဖန်၊ မှတ်ရန်မရွှေ၊ လယ်
ချက်ဖွေက၊ ယမတိဝရ၊ ဂူမတစ်ထောက် ထို၏
မြောက်တွင်၊ အံ့လောက်ဖွယ်ရာ၊ ကာမဒူ တ၊
မှတ်ကြတစ်ထွေ၊ တောင်နေခုလတ်၊ အရှေ့ရပ်
က၊ ကပ္ပဋ္ဌသာရီ၊ တစ်လီရှေ့မှန်၊ ဒက္ခိဏက
မန္တိန္ဒြိယ၊ ဥတ္တရနှင့်၊ ပြဗ္ဗစွန်းမူ၊ ပိတိဂူတည့်၊
မှတ်ယူစေရာ၊ ဂူဆယ်ဖြာကို၊ ဝိဇ္ဇာဇော်ဂျီ
တပသီတို့၊ တူညီပျော်မွေ့၊ ကျင့်လေ့စံရာ မိန့်
ခဲ့မှာသည်၊ နောင်လာသူတို့၊ မှတ်ဖွယ်တည်း-
ဟု တောင်စာတမ်းတွင်ဆိုကြောင်း သိရသည်။

## တောင်ကလပ်၏တည်နေဟန်

ဤတောင်သည် အခြားသောတောင်များနှင့် မဆက်စပ် တသီးတခြားတည်နေသော တောင်ဖိုဖြစ်သည်။ ကျောက်ပြင် ကျောက်ချပ် ကျောက်ထပ်တို့သည် ဆက်စပ် ပင့်ထောက်လျက် အထက်အောက် စိုက်ထောင်တည်နေသည်။ မတ်မတ်စိုက်ထူထား

www.dhammaransi.com



သော ကျောက်တိုင်ကြီးများကဲ့သို့ တည်ရှိသဖြင့် ရေးအခါက တောင်ထိပ်သို့ တက်ရန်မလွယ်ကူပေ။ သို့ကြောင့်ရောက်ဖူးသူ အလွန်နည်းပါးကြသည်။ တောင်ထိပ်၏ အကျယ်အဝန်းမှာ ဒသမခြောက်ဆယ် ခန့်ရှိ၍ တောင်ထိပ်၏ အမြင့်ပေမှာ ပင်လယ်မျက်နှာပြင်မှ နှစ်ထောင့်လေးရာ တစ်ဆယ့်ခုနစ်ပေ (၂၄၁၇) ဖြစ်သည်။

## နွယ်ငန်းကို အမှီပြုကြခြင်း

ဤတောင်ထိပ်ပေါ်မှသာပေါက်ရောက်တည်ရှိ၍ မရလျှင် မဖြစ်သော ဆေးပင် ဂမုန်းပင်များကို ရယူလိုသောပုဂ္ဂိုလ်တို့သည် ရှေးအခါက တောင်ထိပ်၏ အနောက်တောင်ဒေါင့်အစွန်းတွင် ပေါက်ရောက်သော နွယ်ငန်းပင်ကြီးကို အမှီပြု၍ ထိုနွယ်ငန်းပင်ကြီး ရေသောက်ဆင်းချိန်ကို စောင့်ကြိုပြီး ဆွဲတွယ်ကပ် တက်ရောက်ကြရသည်ဟု ဆိုသည်။

ထိုနွယ်ငန်းပင်ကြီးသည် တစ်လတစ်ကြိမ်ဟု လည်းကောင်း ခုနစ်ရက်တစ်ကြိမ်ဟု လည်းကောင်း၊ ရေသောက်ရန် အောက်သို့ ဆင်းသည်ဟု ပြောဆိုကြသည်။ ဤကဲ့သို့ ထူးဆန်းသော နွယ်ငန်းကြီးသည် အသက်ရှင်လျက်ရှိသော သတ္တဝါကဲ့သို့ ဖြစ်နေပေသည်။

www.dhammaransi.com



အပေါ်ခွံမှာ ညိုဝါဝါအသွေးရှိ၍ အတွင်းသားမှာ နီသောအရောင်ရှိသည်ဟု ပြောကြသည်။ အချို့ကမူ ကား နဘူးပင်များကဲ့သို့ ဖြစ်သည်ဟု ဆိုသည်။ ထိုနွယ်ငန်းကြီးကား လွန်ခဲ့သော နှစ်တစ်ရာခန့်က ရှိသေး၏ဟုဆိုသည်။ ယခုအခါ၌ကား ထိုနွယ်ငန်းကြီးမရှိတော့ပေ။

## တောင်ထိပ်သို့ ချွန်းချိတ်တက်ရခြင်း

ထိုနွယ်ငန်းကြီး တောင်အောက်သို့ ရေသောက်ဆင်းချိန် မဟုတ်က မိမိကိုယ်ကို အလေးချိန်နိုင်လောက်သော သစ်သားချိတ် ဝါးချိတ်များဖြင့် မိုရာသစ်ပင်သစ်ကိုင်းတွင် ဖြစ်စေ ကျောက်စွန်း ကျောက်ခက်ကျောက်ပါးဟက်ကြီးများတွင် ဖြစ်စေ၊ ချိတ်ဆွဲထားပြီးလျှင် ၎င်းချိတ်ကို ဆွဲ၍ဆွဲ၍ ခက်ခက်ခဲခဲ တက်ကြရသည်ဟု ဆိုသည်။

## ရှေးခေတ်နှင့် ယခုခေတ်

ရှေးအခါက တောင်ကလပ်ဝန်းကျင်တွင် အမြဲနေထိုင်ကြသူများ မရှိကြချေ။ ယခုမူကား ၁၂၈၆ ခုနှစ်လောက်မှ စ၍ စီးပွားရှာရင်း ပုတီးစိပ်ရင်း တရားအားထုတ်ရင်း ဆိုသလို အမြဲနေထိုင်သူ ပေါ်များလာကြသည်။

www.dhammaransi.com



စီးပွားရေးသမားတို့ကား များသောအားဖြင့် အိမ်ထောင်စု များ ဖြစ်ကြသည်။ လောကီဘက် ထွက်ရပ်လမ်းနှင့် လောကုတ္တ ရာဘက် ထွက်ရပ်လမ်းကို ကြိုးပမ်းလိုက်စားအားထုတ်ကြသူ များမှာ အချို့ဝတ်ကြောင်၊ အချို့ရသေ့၊ အချို့ဖိုးသူတော်၊ မယ်သီလ၊ အချို့ဒုလ္လဘ၊ အချို့ရဟန်း သာမဏေများ ဖြစ် ကြသည်။

တောင်ပေါ် တောင်အောက် ဆင်းရန် တက်ရန်မှာလည်း အုတ်လှေကား သံလှေကားများ တပ်ဆင်ထားပြီး ဖြစ်၍ လွယ် ကူစွာ တက်နိုင် ဆင်းနိုင်ကြပေပြီ။

## တောင်ကလပ်ရှိ အဆောက်အအုံများ

တောင်ထိပ်ပေါ်တွင် စေတီတော်များ အာရုံခံတန်ဆောင်း များ တည်ထားကိုးကွယ် ဆောက်လုပ်ထားကြသည်၊ အချို့ သမထ ဝိပဿနာပါသူများက တောင်ထိပ်ပေါ် လာရောက်၍ ၃-ရက် ၇-ရက် ၉-ရက် စသည် တွင်းကြေ၊ နဝင်းကြေ၊ သတ္တဗီသကြေ ပုတီးစိပ် အဓိဋ္ဌာန်ဝင်ကြသည်၊ ထိုသူတို့အထဲမှ အချို့ပုဂ္ဂိုလ်များသည် ကလေးလိုတစ်သွယ်၊ သူရူးလိုတစ်ဝဇာတ်၊ သမားလိုတစ်ဖုံ အမျိုးစုံအောင် လုပ်ကြသည်ကိုတွေ့ရသည်။ ထိုပုဂ္ဂိုလ်များ၏ ရည်ရွယ်ချက်နှင့် လုပ်ရပ်ကို ပတ်ဝန်းကျင်မှ သိနိုင်ရန် ခက်ခဲလှသည်၊ နက်နဲလှသည်ဟု ဆိုရပေမည်။

www.dhammaransi.com



အချို့အင်းဝါသနာပါသူများက ရုပ်အင်း စမအင်းများကို ချ၍ သောက်ကြသည်။ ဆေးဝါသနာပါသူများကကော့ တောင်ကလပ်ထိပ်ရှိ ဆေးကျောက်ပျဉ်တွင် အချို့က ဘုရားလှူထားသော ပန်းများကိုလည်းကောင်း၊ အချို့က နီးစပ်ရာ သစ်ပင်မှ အရွက်အပွင့်တို့ကို လည်းကောင်း၊ ရူး၍ ငှက်ပျောအုန်း စသည့် ပွဲမျိုးစုံတည်ခင်းပြီး ဆေးကြိတ်ကြသည်ကိုလည်း တွေ့ရတတ်သည်။

## တြင်း၊ နဝင်း၊ သတ္တဗိသများ

တောင်ထိပ် တောင်လယ် တောင်အောက် တောင်ခြေတွင် သုံးမိုက်စေတီ၊ ကိုးတောင်ပြည့်စေတီ စသည့် စေတီများ၊ ကိုးခန်းဇရပ်၊ ကိုးဆောင်တွဲ၊ တစ်ခန်းကိုးတောင်၊ သုံးခန်းပတ်လည် တစ်မျက်နှာနှစ်ဆယ့်ခုနစ်တောင်၊ ဂူနှစ်ဆယ့်ခုနစ်လုံး စသည်ဖြင့် တြင်းကြေ၊ နဝင်းကြေ၊ သတ္တဗိသကြေ စသည့် အဆောက်အအုံများကို ရှေးအခါက တည်ထားကိုးကွယ်ဆောက်လုပ်ခဲ့ကြသည်၊ ယခုလည်း ဆောက်လုပ်ပြီး ဆောက်လုပ်ဆဲပင်ဖြစ်သည်။ ဤသည်တို့ကို ထောက်ထားက လောကီဆန်သည်ဟု ဆိုရပေမည်။

ထိုစေတီ အဆောက်အအုံ စသည်တို့ကိုလည်း ရှေးအခါက ရသေ့၊ ယောဂီ၊ လူသူတော် စသည်တို့ ဦးဆောင်၍ တည်ထားကိုးကွယ် ဆောက်လုပ်ခဲ့ကြသည်။ ယခုအခါ ရဟန်းတော်များ

www.dhammaransi.com



ဦးစီး၍ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းတို့ကို ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။

**တြင်း၊ နဝင်းသမားများ၏ စိတ်ကူးလေးမျိုး**

၁။ တြင်းကြေအစ ဂဏန်းတွေနဲ့ နဝင်းနေ
ပထမတန်းပေမို့၊(အိုကွယ်) အမတနန်းကို
တဲ့ လှမ်းတော့မယ်။

၂။ စိပ်ပုတီးရယ်နှင့်၊ ရိပ်ကြီးဆရာခိုရတော့၊
တဏှာကို လွတ်အောင်ရုန်းမယ်၊ ပုန်းရှောင်
ပေါ့ကွယ်။

၃။ အဝိဇ္ဇာရှစ်ခွင်ကမှိုင်းပါတဲ့၊ အနိဋ္ဌာမြစ်ပြင်
လှိုင်းကိုတော့၊ ကသိုဏ်းနှင့်ဖြတ်ပါမယ်။
နတ်ရွာ နတ်နယ်တွင်ဖြင့် ဆိုင်းချင်ဘူး။

၄။ ခေမာသောင် ရက္ခမူသေလာတောင်၌၊ ရွှေ
ဝါချောင် ဖလ်ဂူ တွင်းဆီက၊ စံမတူ ရန်သူ
ရှင်းမယ်လို့(ကွယ်)၊အင်း . . . သည်စိတ်ကူး။

တောင်ကလပ်သည် ရှေးအခါက ဝိဇ္ဇာ ဇော်ဂျီ- တပသီ မုနေ့ရသေ့၊ ရဟန်းစသော သူတော်သူမြတ်များနှင့် စားသောက်သုံးစွဲရန် ပန်းမာလ် သစ်သီးခိုင်ဖြိုး ပေါများသဖြင့် သားမျိုးစုံတို့၏ ဝိုင်းအုံခိုမှီး တည်နေကျက်စားရာ ဌာနကြီးတစ်ခုဖြစ်ကြောင်း အောက်ပါဘွဲ့ဖြင့် မှတ်သားအပ်သည်။

www.dhammaransi.com



## တောင်ကလပ်ဘွဲ့

နှစ်ပင်မျှောင် ကမ်းအစပ်၊ ပန်းဓလပ်
ငွေရောင်၊ နန်းကလပ် ရွှေတောင်မှာ၊ သပြေ
သောင် တင့်ဆန်း။

ယုန်တံဆိပ် ဂုဏ်ဟိတ်လျှံသည်၊ ဘုံဗိမာန်
ဝိဇ္ဇာကြငှန်း။

ကျောက်ပြား၌ ကျောက်သွား တင်သည်
မြောက်နားတွင်တစ်ခန်း၊ ကျောက်သားတွင်
စတမ်း(စာတမ်း)နှင့် နရပန်းဆေးစုံ၊ ဇော်ဂျီပိုင်
မြိုင်စခန်းရယ်က၊ ဂနိုင်တန်း လွှမ်းအုပ်လို့ခြုံ။
ဂမုန်းက သုံးမကုန်ပြီ၊ဆုံးဝသုန်ခြွေလှဲ့တော့
မြေမဲလို့ ကျသင့်ကျဖွယ် ရဖြင့်ရမယ်။ ဟောဝန်
က ငွေစွန်လယ်လို ရေပြွန်နှယ် စိမ့်စမ်းနှင့်
လေး။

## ပျော်မွေ့ဘွယ်ရာ ဤတောင်မဟာ

ဤတောင်ကြီးသည် ကျောက်မျိုးစုံ၊ မြေမျိုးစုံ၊ ရေမျိုးစုံ၊ ပင်စောက်မျိုးစုံ၊ ပင်နွယ်မျိုးစုံ။ သစ်ဥသစ်ဖုမျိုးစုံ၊ သစ်သီးမျိုးစုံ၊ ပန်းမျိုးစုံတို့ဖြင့် ပြွမ်းသော စိမ့်စမ်းဂနိုင် စုံမြိုင်ကွက်ပိပ်ပင်ရိပ်လျှိုစောင်း ရဂုံပေါင်း မြောက်မြားစွာတို့သည်၊ လူတကာတို့၏ စိတ်ဓာတ်ကို ရစ်ပတ်ဆွဲ ဆောင်သည့်အသွင် လွန်စွာပင်

www.dhammaransi.com



တင့်တယ် ထူးခြားသဖြင့် သားအပေါင်း ငှက်အပေါင်းတို့၏ ခိုအောင်း တည်နေရာ၊ သြဇာလေးနက်ဆေးမျိုးစုံ ဓာတ်မျိုးစုံတို့ ကုံလုံပြည့်ဝသောဌာန၊ ရသာယန စသည်တို့ကို လိုရာ လိုရာဖွေရှာ သူတို့နှင့်တကွ ဂါမဝါသီ၊ အရညဝါသီ၊ သက ဒေသီ၊ ပရဒေသီ၊ တပသီ ယောဂီ ဇာနည်တို့ကို ဝိဇ္ဇာမိုရ်လမ်း မဂ်ငြိမ်းဖိုလ်ခွင်၊ ခိုဝင်မည်စိတ်ဇောနှင့် တောတောင်ကို မှီခိုလိုသူ ကြည့်ရှုလိုသူ တို့၏ မှီခိုဖွယ် ကြည့်ရှုဖွယ် ပေါရယ်ထပ်ထပ် တင့်အပ်ကြည်နူး ရွှင်မြူးပျော်မွေ့ဖွယ်ကောင်းလှသော တောင်ကြီးတစ်ခုဖြစ်ပေသည်။

## သားငှက်တို့ ကျက်စားရာ

ဤပုပ္ပားတောင်ကြီး၌ တောတောင်မြောင်ချပ် ရစ်ပတ် ပွေရှုပ်သောကြောင့် အုပ်ဖွဲ့၍နေသော မျောက်များ၊ သင်းကွဲ မျောက်များ၊ သစ်၊ ကျား၊ ဝံပုလွေ၊ စိုင်၊ ချေ၊ ဒရယ်၊ ယုန်ငယ်၊ ဝက်၊ ဆတ်စသော တိရစ္ဆာန်အပေါင်းနှင့်တကွ၊ ဒေါင်းရစ်၊ ဥသြ၊ ကြက်တော၊ ငုံး၊ ခါ၊ သာလိကာ၊ ချိုး၊ ဖိုးကောင်၊ မြေဝပ် စကားတတ်ကျေးငှက် စသော အမျိုးမျိုးသော တိရစ္ဆာန်သတ္တဝါ အပေါင်းတို့၏ ခိုအောင်းပျော်ပါး ကျက်စားကျင်လည်ရာ နေရာ ကြီး ဖြစ်ကြောင်း အောက်ပါ ပုပ္ပားတောင် မော်ကွန်းလင်္ကာဖြင့် သိအပ်သည်။

ကြီးစွာသောဆင်၊ သမင်ဒရယ်၊ ချေငယ်
တစ်သန့်၊ ဆတ် ကြံ့တစ်သင်း၊တောမြင်း တော

www.dhammaransi.com



ဆိတ်၊သိင်္ဂနိတ် ကရဝိတ် ဥဒေါင်း၊ မျောက်
အပေါင်းနှင့်၊ တိုးအောင်းစာမရိ၊ ကိန္နရီတို့၊
က, သိ မြူးခုန်၊ ဝံမှိုးစုံလည်း၊ ပျားအုံရှာစား၊
လူးလာသွားလျက်...ဟုစပ်ဆိုခဲ့သည်။

## ပုပ္ပားနှင့် ချင်းလူမျိုး

ရှေးအခါက ချင်းလူမျိုးတို့ ဤတောင်တွင် နေထိုင်ခဲ့ကြသည်။ ဤတောင်ကြီး၏ အနောက်တောင်စောင်းတွင် နေထိုင်ကြသော ချင်းလူမျိုးတို့သည် အနော်ရထာစော ပုပ္ပားသို့ လာရောက်မှီခိုနေထိုင်သောအခါတွင် ပုပ္ပားတောင် အရှေ့စောင်းသို့ ရွှေ့ပြောင်းသွားရောက်နေထိုင်ခဲ့ကြဖူးသည်ဟု ရှေးစကား တစ်ဆင့် ကြားသိရဖူးသည်။

အနော်ရထာစောမင်းသည် စုက္ကတေးကို ပုန်ကန်တိုက်ခိုက်ရန် အကြံပြု၍ ယခုပုပ္ပားမြို့ တည်နေရာတွင် ခံတပ်ကတုတ်ပြုလုပ်လျက် လူစုဆောင်းကာ အချိန်တော်တော်ကြာ နေထိုင်ခဲ့ဖူးသည်၊ ဤအကြောင်းကို ရာဇဝင်များမှာ ဖော်ပြကြသည့်ပြင် ခံမြို့ ခံကတုတ် ပြုလုပ်ခဲ့ဖူးသော နေရာဟောင်းအမှတ်အသား အမည်နာမ အငုတ်အရင်း အုတ်ကြွင်းအုတ်ကျန်များ ထင်ရှားရှိလေသည်။ ပုပ္ပားတောင်ရှိ ချင်းလူမျိုးများ သည် နရပတိစည်သူမင်းလက်ထက်တွင် ဧရာဝတီမြစ် အနောက်ဘက်ရှိ ချင်းတောင်များသို့ ပြန်သွားကြသည်ဟု ဆိုသည်။

www.dhammaransi.com



## ပုဂံမင်းများ ပုပ္ပားတောင်သို့ တက်ရောက်ကြခြင်း

အရိမဒ္ဒန ပုဂံပြည်တွင် စိုးစံကြသော မင်းခြောက်ဆက်တို့သည် ပုပ္ပားတောင်သို့ တက်ရောက်ကြသည်မှာ ရှေးက ရှိနှင့်ပြီးဖြစ်သော တောင်ပိုင်ဘိုးတော်ကြီးနတ်ကို ပူဇော်ပသရန်နှင့် တောကစားရန် တက်ရောက်ကြခြင်းဖြစ်သည်။

မဟာဂိရိ မောင်တော် နှမတော်တို့ ရောက်ကြသော သေဉ်လည်ကြောင် မင်းကြီး၏လက်ထက်မှစ၍ သက္ကရာဇ်(၉၁၃)ခုနှစ်တိုင်အောင် ပုဂံတွင် စိုးစံကြသော မင်းများ၊ မြို့စား၊ ရွာစား၊ မြို့အုပ်၊ မြို့ချုပ် ပြုလုပ်သူများသည် မဟာပိန္နဲ နတ်ပွဲဆင်သော ဓနုရာသီ နတ်တော်လ တိုင်ရောက်လျှင် နှစ်စဉ် တက်ရောက်ကြသည်မှာ မဟာဂိရိ မောင်တော် နှမတော်တို့အား ပူဇော်ပ,သရန်နှင့် တောကစားရန် တက်ရောက်ကြခြင်းဖြစ်လေသည်။

သားကြီးငါးကြီးများကို သတ်ဖြတ်ကြော်ချက် တင်မြှောက်ကြရသော ရှေးအစဉ်အလာကို ဟံသာဝတီ ဆင်ဖြူရှင်လက်ထက်မှ ပယ်ဖျက် တားမြစ်ခဲ့သည့်အကြောင်းကို သက္ကရာဇ်(၉၁၈)ခုနှစ်တွင် တင်လှူပူဇော်ခဲ့သော ရွှေစည်းခုံဘုရား အတွင်းရှိ ခေါင်းလောင်းစာတွင် တွေ့မြင်နိုင်သည်ဟူ၍ ပုဂံရာဇဝင်၌လာသည်ဟု ဆိုသည်။

www.dhammaransi.com



## မျက်မြင်နှင့်ခြားနားသော ပုဂံရာဇဝင်စကား

ထို့အပြင် ချင်းများနေထိုင်ခဲ့ဖူးသော နေရာများကို တောင်ထိပ်၏ အရှေ့ဘက်တွင်တစ်ဌာန အနောက်ဘက်တွင် တစ်ဌာန၊ အနောက်မြောက်ခရီး ခုနစ်မိုင်ကွာတွင် တစ်ဌာနဟု ခွဲခြား၍လည်းကောင်း။

ဒုတိယမြောက်ဌာနဖြစ်သော ချင်းရွာကို လင်းခြေထောက်ရွာဟု ခေါ်သည်ဟူ၍ လည်းကောင်း၊ အနော်ရထာမင်းသားမင်းဖြစ်ပြီးနောက် ပုပ္ပားတောင်သို့ ပန်းခူးစေလွှတ်ခြင်း ခံရသောကုလားခြေလျင်သည် မောင်ဗျတ္တသည် အဆက်မပြတ် သွားလာရဖန်များသဖြင့် ပုပ္ပားတောင်ရှိ ဘီလူးမနှင့် သင့်မြတ်၍ ရွှေဖျဉ်းညီနောင်သားငယ်တို့အား ဖွားမြင်ကြောင်းကို ရာဇဝင် တိုင်းမှာပင်အထင်အရှား ပါရှိသည်။

ဉာဏ်အမြော်အမြင်နှင့် ဆင်ခြင်စဉ်းစားသူတို့က ဘီလူးမနှင့်မဟုတ်။ ချင်းမနှင့်သာ ဖြစ်နိုင်သည်ဟူသောစကားမှာ ယုတ္တိတန်သကဲ့သို့ရှိသည် ဟူ၍ ပြောဆိုကြသည်။

## ဒေါ်ဝဏ္ဏသည် ဘီလူးမဧကန်အမှန်ဖြစ်ကြောင်း

ပုပ္ပားတောင်ကလပ်ရှိ ဦးဗျတ္တ၏ ကြင်ယာ ရွှေဖျဉ်းညီနောင်တို့၏ မိခင်မှာ ချင်းမ မဟုတ်။ ပန်းစားဘီးလူးမ ဧကန်စင်စစ်အမှန်ဖြစ်ကြောင်း ရာဇဝင်များတွင် တညီတညွတ်တည်း အဆိုအမိန့်ကြရှိသည်။

www.dhammaransi.com



## သာကေဖြင့် ထောက်ထားရန်

လူသားယော်ကျားနှင့် ဘီလူးမ သင့်မြတ် ကြောင်းဆက် ပေါင်းဘက်၍ နေထိုင်ကြသော ဝိမလနှင့် မယ်ကုဝဏ်၊ ရှုဠော သမ္ဘဝနှင့် စဏ္ဍာမုခိ စသော ရာဇဝင်၊ မဟာဝင် စာတင်ထား ကြ သောအရာများမှာ အထင်အရှားပင် ဖြစ်ရသောကြောင့် ဤအရာ ၌လည်း ခြေလျှင်တော် ဦးဗျတ္တ၏ ဇနီးမှာ ပန်းစား ဘီလူးမ ဒေါဝဏ္ဏသာလျှင် အမှန်ဖြစ်ကြောင်း ယုံကြည်သင့်ပေသည်။

## ကျောက်နွားသိုးနှစ်ကောင်

သယံဇာတ ကမ္ဘာ့နဂိုသဘာဝ အလိုလို ဖြစ်နေသော ကျောက်နွားသိုးကြီး နှစ်ကောင်ရှိသည်။ ယင်းတို့သည် ရေငယ် အထက်ရေထွက်အနီး၌တစ်ကောင်၊ ဥယျာဉ်သာအိုင့်၌ တစ်ကောင် အားဖြင့် နှစ်ကောင်ဖြစ်သည်။ ရေငယ်ကျောက်နွားသိုးကား အမြင့်လေးတောင်၊ အလျားခုနစ်တောင်ရှိသည်။ ဥယျာဉ်သာ အိုင့်နွားသိုးကြီးမှာ အမြင့်ခုနစ်တောင် အလျားတစ်ဆယ့်တစ် တောင်ခန့်ရှိသည်။

**မှတ်ချက်။** ။ သီချင်းများ၌ စိမ့်စမ်းရေယာဉ် ကိုးဆယ့်နှင့်၊ ကျောက်နွားသိုး ကိုးကောင် ရှိပါသည်ဟု ဆို ထား ခြင်းသည် အောင်မြေကိုးဌာန။ အံ့ဖွယ်ကိုး ဖြာ၊ ကျင်း ကိုးကျင်း၊ ကုန်း ကိုးကုန်း တို့ကို

www.dhammaransi.com



အထောက်အထား ယူ၍ ဝါစသိလိဌ ရွတ်ဖတ်
လွယ်ကူရုံမျှသာ သီကုံးနှုန်းဖွဲ့ထားခြင်းဖြစ်သည်။

## ကျောက်လှော်ကား

၎င်းသည် တောင်ကလပ်၏အရှေ့မြောက် ယွန်းယောင်တွင် တည်ရှိသည်။ အလျား တစ်ဆယ့်ရှစ်တောင် အနံခြောက်တောင် ရှိသည်။ လှေဦး အနောက်သို့လှည့်သည်။

ပုပ္ပားတောင်က လှေကလေး လေးယောက်လှော်မှပြေး ဟု အဆိုရှိသည်။ ထိုကျောက်လှေကို အစွဲပြု၍ ထိုအရပ်ကို လည်း ကျောက်လှော်ကားဟု ခေါ်ကြသည်။

## ရှေးမှန်ခင်းတောင် ယခုမှန်ကင်းတောင်

ရှင်သာရဒရသေ့သည် ဝိဇ္ဇာဓိုရ်အဖြစ်သို့ ကူးပြောင်းခါနီး အဌမ အောင်မြေဖြစ်သော မှန်ကင်းတောင်တွင် ထွက်ရပ်ဝင် ပုဂ္ဂိုလ်များ၏ စည်းကမ်း နည်းလမ်းအရ တစခန်းရပ်တည်လျက် ထွက်ရပ်လမ်းစဉ် ဖြည့်ကျင့်နေစဉ် ဆေးဖြင့်စီရင်၍ ထားအပ် သော မှန်ကိုခင်း၍ ကြည့်ရှုရာ ဌာနဖြစ်သောကြောင့် ရှေးက မှန်ခင်းတောင်ဟုခေါ်သည်။ ကာလရှည်လျား၍ လာသော ယခု အခါ မှန်ကင်းတောင်ဟု ခေါ်သည်။ အရပ်မျက်နှာအချို့မှ ကြည့်လျှင် မှန်ကင်းကဲ့သို့ ထောင်လွှားခြင်းအသွင်ကို မြင်ရသော ကြောင့်လည်း မှန်ကင်းတောင်ဟု ခေါ်ဆိုကြသည်။

www.dhammaransi.com



## ရသေ့နှင့်ဒေါက်ချာ

ပုပ္ပားတောင်တွင် အောက်ရသေ့တစ်ပါးဟု ထင်ရှားကျော်ကြားခဲ့သူကား ထောက်ရှားရိုး အထက်ဖျားၔ နေထိုင်ခဲ့သော ရှင်သာရဒ ရသေ့ပင် ဖြစ်သည်။ ထိုရိုးသည် ဆည်ပေါက်ရွာ၏ အရှေ့မြောက်ဘက် သုံးမိုင်ခန့် အကွာတွင် တည်ရှိ၍ တောင်ကလပ်၏ အနောက်တောင်ဘက်ကျသည်။

ရှင်သာရဒရသေ့သည် စူဠဂန္ဓာရီ လမ်းစဉ်ကို ကြိုးပမ်းအားထုတ်၍ ဖိုထိုးစဉ် ဦးထိပ်ထက်တွင် နွားလပို့ကြီးသဏ္ဌာန်ဘုကြီးတစ်လုံး ပေါက်လာရာ လူများ မမြင်စေခြင်းငှာ ဝါးဖက်ကို ချုပ်စပ်ဟပ်သီလျက် ထိပ်ထက်ကို ဖုံးအုပ်၍ ဆောင်းထားသည်။ ထိုအသွင်အပြင်ကို မြင်ရသူများက မေးကြရာ သာရဒရသေ့က ဒေါက်ချာဟုအမိန့်ရှိသတတ်။ ထိုအချိန်မှစ၍ ဒေါက်ချာဆောင်းရသေ့သီတင်းသုံးရာရိုးကို (ဒေါက် ချာ) ရိုးဟု ခေါ်တွင်၍ ကာလရွေ့လျောလာသော ယခုအခါ၌ကား (ထောက်ရှာ) ရိုးဟု ခေါ်တွင်လျက်ရှိသည်။

## ဒေါက်ချာအစ သာရဒက

ထိုဒေါက်ချာဆိုသော အရာဝတ္ထုကို ရှင်သာရဒရသေ့က အစပြု၍ သုံးစွဲလာသောကြောင့် ဒေါက်ချာအစ သာရဒက ဟူသော စကားဖြစ်ပေါ်လာသည်။ ယခုအခါ၌ကား ရသေ့တို့၏ အသုံးအဆောင် ပရိက္ခရာတွင်လည်း ရသေ့တိုင်း၌ ဒေါက်ချာကို တွေ့မြင်ရသည်။

www.dhammaransi.com



## ရှင်သာရဒရသေ့၏ လုံသုံးလုံး

ရှင်သာရဒရသေ့ သီတင်းသုံးခဲ့ဖူးသော ထောက်ရှာရိုးဖျား တွင် ကျောက်တန်းရှိသည်။ ထိုကျောက်တန်း၏ မြောက်ဘက်အစွယ်တွင် ငအောင် နွားကျောင်းကုန်းရှိလိမ့်မည်။ ကျောက်တန်း အရှေ့မြောက်စွန်း နွားကျောင်းကုန်း၏ အရှေ့ဘက်တွင် ဝါးရုံ သုံးရုံနှင့် ငှက်ပျောပင်များ တွေ့လိမ့်မည်၊ ထိုဝါးရုံ၏ အလယ် တည့်တည့်တွင် ရှင်သာရဒရသေ့သည် လုံသုံးလုံး ထပ်ဆင့် မြှပ်နှံထားခဲ့သည်။ အပေါ်ဆုံးလုံမှာ ရိက္ခာလုံဖြစ်၍ ရွှေငွေကို ဖြစ်စေနိုင်သည်။ ထွက်ရပ်ကို လိုလားသော အမျိုးသားတို့သည် ဤလုံဖြင့် ဖြစ်သော ရွှေငွေကို ရိက္ခာထောက်အဖြစ် ထွက်ရပ် မတိုင်မီ အသုံးပြုကြလေ။

အလယ်လုံသည် ကာယသိဒ္ဓိစသည်ကို ဖြစ်စေနိုင်သည်။ အောက်သိဒ္ဓိများအတွက် အသုံးပြုကြလေ။ အောက်ဆုံးလုံသည် အထက်သိဒ္ဓိများကို ရစေနိုင်သည်ဟူသော လုံသိုက်စာအရ အချို့ရှူဋ္ဌဂန္ဓာရီလမ်းစဉ် လိုက်စားသူတို့သည် လာရောက် ရှူးစမ်းရှာဖွေကြသည်ဟု ဆိုသည်။

## တောင်ကလပ်နှင့် ပြဒါးရှင်လုံး

တောင်ကလပ်၏ အနောက်တောင်စွယ် ဆင်တမော့ခန့် အမြင့်တွင် ပြဒါးရှင်လုံးရှိသည်။ ထိုပြဒါးရှင်လုံးသည် ရှင်သာရဒ ရသေ့ထားခဲ့သော အထက်ဆုံးလုံအတွင်းက ပြဒါးပြာကို သုံးလ တစ်ကြိမ်လာ၍စားသည်။ ထိုပြဒါးရှင်လုံးသည် ပုပ္ပား သုံးထပ်

www.dhammaransi.com



ကားလမ်း အနောက်ဘက်ရှိ ထိပ်ပြင်ယာလွင်နှင့် လုံရှိရာဌာနသို့ သုံးလတစ်ကြိမ်၊ ခြောက်းတစ်ကြိမ် ကူးသန်းသွားလာနေသည်ဟု ဆိုကြသည်။

## မိုးနတ်တောင် မောင်နှမ

ပုပ္ပားတောင်ကြီး၏ အနောက်မြောက် ယွန်းယောင်တောင်ကြီး၏ အခြေလောက်တွင် ပုပ္ပားမြို့နှင့် နှစ်မိုင်ခန့် ကွာဝေးသော မြောက်တောရွာအနီးရှိ ကုန်းငယ်၌ မိုးနတ်တောင် မောင်နှမတို့၏ နတ်ကွန်းရှိသည်။

## အိမ်ထောင်ဦးများ လက်ဆုံစားရခြင်း

မြောက်တောရွာအနီးတစ်ဝိုက်ရှိ ရွာများ၌ မျိုးရိုးနွယ်လာ နှစ်သက်၍ လက်ထပ်ကြသော အိမ်ထောင်ဦးစီး ဇနီးမောင်နှံတို့သည် ထိုမိုးနတ်တောင် မောင်နှမအား ကြက်ဖို ကြက်မ တို့ကို ဒဏ်ရာမရှိအောင်သတ်၍ သေကြရသော ကြက်ကောင် လုံးကြော်များကို တင်မြှောက်ပသပြီးလျှင် နတ်ကွန်းရှေ့တွင် လက်ဆုံစားကြရသည်။

ထိုမိုးနတ်တောင် မောင်နှမတို့၏ အတ္ထုပတ္တိမှာလည်း ပုဂံပြည် (၂၆၆) ခုနှစ်တွင် သီရိပစ္စယာမြို့တည် နန်းတည် (သေဥ်လည်ကျောင်းမင်းကြီး) လက်ထက်၌ပင် ရှင်အဇ္ဇဂေါဏ ဆရာ ထွက်ရပ်ပေါက်ပြီးစအချိန်က ဖြစ်သည်။

www.dhammaransi.com



မောင်ကျော်စွာနှင့် မယ်သော်တာတို့သည် ရှင်အဇ္ဇဂေါဏ ဆရာ၏ ဒါယကာများဖြစ်ကြ၍ အဂ္ဂိရတ် ပါရမီကို ကူညီလျက် ဖြည့်ရသောကြောင့် ခနရှင်ဘဝမှ ဆင်းရဲသား ဘဝသို့ ရောက်ကြရလေသည်။ ရှင်အဇ္ဇဂေါဏကား ထွက်ရပ်ပေါက် သံဝိဇ္ဇာမိုရ် ဖြစ်သည့်အားလျော်စွာ လူနေမြို့ရွာမှခွာ၍ တောဒွ အနေများ လေပြီ။ ဘုရင်သည် ထီးနန်းစည်းစိမ်ကို စိုးရိမ် စိတ်မချသဖြင့် ဒါယကာ အရင်းအချာဖြစ်သော မောင်ကျော်စွာအား ကွပ်မျက်သည်။ ထိုအခါ မောင်ကျော်စွာ နတ်စိမ်း ဖြစ်လာသည်။

## မိုးခေါင်ကျော်စွာအမည်ရခြင်း

ထိုအချိန်တွင် ပုဂံပြည်၌ လွန်စွာ မိုးခေါင်သောကြောင့် နတ်များကို ပူဇော်ပသ၍ မိုးကိုတောင့်တကြသည်။ ကျော်စွာ နတ်ကား မိုးမရွာရန်ငါတားသည်။ ရွာစေလိုက ငါ့ကို ပုပ္ပား တောင်စောင်းတွင် နတ်ကွန်းတည်ဆောက်၍ ကိုးကွယ်ပူဇော် ပသကြရမည် ဟူ၍လည်း တိုက်တွန်းသည်တွင် ပုပ္ပားတောင် ကိုကား မဟာဂီရိ မောင်တော် နှမတော်တို့အား အပိုင်စား ပေးပြီးဖြစ်ကြောင်း ပြောဆိုကြရာ၊ တစ်တောင်လုံးကို မဆိုလို ပုပ္ပားတောင် အနောက်မြောက်စောင်းရှိ (သပြေပင်) နှင့် ရေယဉ်စမ်းကိုသာ တောင်းဆိုသည်ဟု ပြောသည်တွင် ဘုရင်က လိုက်လျောပေးအပ်၍ နတ်ကွန်းဆောက်လုပ် ပို့ရောက်စေသည်။

www.dhammaransi.com



ညွှန်ကြားတိုင်း လွှန်ဆွဲကြရာတွင် ကျော်စွာနတ်က အားရဝမ်းသာ ပျော်ရွှင်စွာ ရှိနေသည်ဟု ဆိုသည်။ ထိုအချိန်မှစ၍ မိုးခေါင်ကျော်စွာဟု အမည်ရ ထင်ရှားလာသည်။

မယ်သော်တာကား လင်ယောကျ်ားအတွက် စိတ်လက်မအေးသောကဘေးဖြင့် နတ်ကွန်းရှိရာသို့ လိုက်လာ၍ တမ်းတငိုကြွေးလျက် လှည့်လည် လျှောက်သွားရာ ရေတင် တောင်ကလပ်အနောက်ဘက် ကားလမ်းခွဲသို့ရောက်လျှင် ဉာဏ်တော်အမြင့်ခုနစ်တောင်ရှိသော လွမ်းစေတီတစ်ဆူကို တည်ပြီးလျှင် ရင်ကွဲနာနှင့် သေဆုံးရလေသည်။ ထိုအခါ နတ်စိမ်းဖြစ်၍ သပြေပင်နှင့် ရေယဉ်စမ်းနတ်ကွန်းတွင် မောင်ကျော်စွာနှင့်အတူ တည်ရှိကြသည်။

## မိုးနတ်တောင်းမှ မိုးနတ်တောင်ဖြစ်လာခြင်း

ထိုလွမ်းစေတီသည် ရေတင်တောင်ကလပ် ကားလမ်းခွဲ ညောင်ပင်မြောက်ဘက်ရှိ လယ်ကွင်းထဲတွင် တည်ရှိသည်။ ယခုထက်တိုင် အုတ်ကျိုး အုတ်ကြွေများကို တွေ့မြင်နိုင်သေးသည်။ မိုးကို တောင်းခံရသောနတ် ဖြစ်သောကြောင့် (မိုးနတ်တောင်း) ဟု အမည်တွင်သည်။ ကာလရှည်လျားလာသဖြင့် (မိုးနတ်တောင်)ဖြစ်လာသည်။ မောင်ကျော်စွာနှင့် မယ်သော်တာ ဇနီးမောင်နှံ နှစ်ဦးလုံးကိုပင် မိုးနတ်တောင် မောင်နှမဟု ခေါ်ဆိုကြသည်။

www.dhammaransi.com



## မောင်ကျော်စွာ နှင့်မယ်သော်တာတို့ တစ်ဝါဒ

မောင်ကျော်စွာနှင့် မယ်သော်တာတို့သည် တောင်ကလပ်၏ အနောက်ဘက်ကားလမ်းခွဲအနီး တစ်ခုသောနေရာတွင် လယ်လုပ်၍ အသက်မွေးကြသော ဇနီးမောင်နှံတို့ ဖြစ်သည်ဟု ဆိုကြသည်။ တစ်နေ့သောအခါ မယ်သော်တာအားထွက်ရပ်ပေါက် သံဝိဇ္ဇာ ဆရာဖြစ်ဖူးသူက ခေါ်ဆောင်သွားရာ ပြန်မလာတော့ချေ။ ထိုအခါ မောင်ကျော်စွာသည် ဇနီးသည် မယ်သော်တာအား လွမ်းဆွတ်တမ်းတရာ ဌာနဖြစ်သောကြောင့် သီလတောင်၏ အရှေ့ဘက် ကပ်လျက်ရှိသောတောင်ကို လွမ်းတောင် သမုတ်ရသည်။ မယ်သော်တာလာမည့်လမ်းကို မျှော်မှန်းတမ်းတရာဌာနဖြစ်သော လွမ်းတောင်၏ အရှေ့ဘက်၌ကပ်လျက် ရှိသော တောင်ကို မျှော်တော်တောင်ဟု သမုတ်သည်။

မကြာမီကာလအတွင်း မောင်ကျော်စွာသည် လွမ်းနာကျ၍ သေရသောကြောင့် နတ်စိမ်းဖြစ်ရသည်။ ရေတောင်တောင်ကလပ်ကားလမ်းခွဲအဝင် တောင်ဘက် ညောင်ပင်ရင်းတွင် နတ်ရပ်ထုလုပ်ကာ နတ်ကွန်း တည်ဆောက်၍ ပူဇော်ပသကြသည်။ ထိုမိုးခေါင်ကျော်စွာ နတ်သည်လည်း မယ်သော်တာ၏ လင်ယောကျ်ား မောင်ကျော်စွာပင်ဖြစ်သည်ဟု ပြောဆိုကြပြန်သည်။ ထိုညောင်ပင်၏ အနီးကားလမ်းမြောက်ဘက် လယ်ကွက်ထဲရှိ အုတ်ကျိုးအုတ်ကြေများသည် မယ်သော်တာ တည်ခဲ့သော လွမ်းစေတီမဟုတ်။ ရှေးကတည်ခဲ့ဖူးသော ယက္ခပုရပြည်၏ မြို့ထောင့်စေတီမှအုတ်ကျိုးအုတ်ကြေများသာ ဖြစ်သည်ဟု ဆိုကြသည်။

www.dhammaransi.com



**မှတ်ချက်။** ။ဤသို့ဆိုသော် သပြေပင်နှင့် ရေယဉ်စမ်းက မိုးနတ်တောင်မောင်နှမသည် သီးခြား ဖြစ်နေလေတော့သည်။
သည်လိုသော ဝါဒကွဲ အမှတ်အသားမျိုးသည် သင်္ဂါယနာဝင်ကျမ်းများမဟုတ်သဖြင့် ရှိတတ်လေသည်။ ယုတ္တိရှိမည်ထင်ရာကိုသာ မှတ်သားထိုက်တော့သည်။

**စဏ္ဍာမုခီဘီလူးမနှင့် ပုပ္ပားမြို့**

တကောင်းမင်းတရားတွင် မဟာသမ္ဘဝ၊ စူဠာသမ္ဘဝအမည်ရသော မျက်မမြင် သားတော်နှစ်ပါးကို ဖွားမြင်သောကြောင့် ဖောင်ပေါ်တွင်တင်၍ ဧရာဝတီမြစ်ကြောတွင် မျှောလိုက်ရာ စူဠာသမ္ဘဝသည် လမ်းတွင်ဘီလူးမနှင့် သင့်မြတ်သည်။ ဘီလူးမ၏ တန်ခိုးကြောင့် မင်းသားနှစ်ပါး အလင်းရကာ ဝက်ကြီးကို လိုက်ရာမှ ယခင်သရေခေတ္တရာ ယခုပြည်မြို့သို့ ရောက်နှင့်သော ဦးရိုးတော် (ခေပဒူတ) ရသေ့ပြု၍ နေသောနေရာသို့ ဆိုက်ရောက်ကြသည်။ မင်းသားတို့ကို မေးမြန်းရာ တူဖြစ်ကြောင်းကို သိသဖြင့် ပြုမိဖုရားနှင့် တိုင်ပင်၍ သမင်မမှ ဖွားမြင်သော မိမိ၏ သမီးတော် ဘေဒါရီနှင့် မဟာသမ္ဘဝအား ထိမ်းမြား၍ မင်းမြှောက်သည်။ မဟာသမ္ဘဝသည် ပြုမိဖုရားပါ မိဖုရားနှစ်ယောက်ရှိသည်။ မဟာသမ္ဘဝလွန်သော် ညီတော် စူဠာသမ္ဘဝသည်

www.dhammaransi.com



ဗေဒါရီနှင့် ပြူမိဖုရားနှစ်ပါးကိုပင် မိဖုရားမြှောက်၍ မင်းပြုသည်။ ထိုအခါ ဗေဒါရီ၌ မဟာသမ္မဝနှင့် သင့်မြတ်သောသန္ဓေသုံးလရှိပြီး ထိုမင်းတို့ စိုးစံသောမြို့ကို ရသေ့မြို့ဟု ခေါ်တွင်လေသည်။

## စဏ္ဍာမုခီ၏ ကြေကွဲဝမ်းနည်းချက်

ထိုအခါ မျက်စိမြင်အောင် ကုစား၍ စူဠသမ္မဝ၏ ကြင်ယာတော်ဖြစ်ခဲ့သော စဏ္ဍာမုခီဘီလူးမက စူဠသမ္မဝသည် မင်းအဖြစ်သို့ ရောက်သောအခါ ငါ့အား သနားကြင်နာခြင်းမရှိ။ အမှတ်မထင်ပြုဘိသည်ဟု ဝမ်းနည်းကြေကွဲကာ စူဠသမ္မဝနှင့် ကျင်လည်ရာ ဖြစ်သော (ပိသနိုး) သမီးငယ်ကိုယူ၍ လင်ကိုစွန့်ခဲ့ပြီး လျှင် ပုပ္ပားသို့လာ၍ မြို့ရွာ တည်ထောင်နေလေသည်။

## ယက္ခပုရပြည် မြို့ဟောင်း

တောင်ကလပ်၏ အနောက်ဘက် ကျောက်ပန်းတောင်းမှ မြင်းခြံသွားသော ကားလမ်းပေါ်တွင် ယက္ခပုရပြည်မည်သော မြို့ဟောင်း တည်ဖူး ကြောင်းကို လွန်စွာရှေးကျသော မှတ်တမ်းများရှိခဲ့ ဖူးသည်။

## မြို့ထောင့်စေတီ

တောင်ကလပ်သို့ အနောက်ဘက်မှ တက်သော ကားလမ်းခွဲ၏ မြောက်ဘက်ကပ်လျက် လယ်ကွက် သို့မဟုတ် ယာကွက်ထဲတွင် ယခုတိုင်အောင် ရှိနေသေးသော အုတ်ကျိုး အုတ်ကြေ

www.dhammaransi.com



များသည် ယက္ခပုရပြည်၏ တနင်္ဂနွေထောင့်ရှိ (ရွှေဥမင်) ဘွဲ့အမည်တော်ရသော မြို့ထောင့်စေတီတော် တည်ရာဟု ဆိုသည်။ ဤအတိုင်းဆိုသော် မယ်သော်တာတည်သော လွှမ်းစေတီမဟုတ်ဟု မှတ်ယူရပေမည်။

## ရှေးအခါ ရသေ့ကုန်း ယခုအခေါ် ရသစ်ကုန်း

ယက္ခပုရပြည် မြို့ဟောင်း၏ ရာဟုထောင့်တွင် ရသစ်ကုန်းဟု ခေါ်ဆိုသော နေရာရှိသည်ဟုဆိုသည်။ မင်းအဖြစ်သို့ မရောက်သေးသော မင်းသားများ ရသေ့ဝတ်၍ သီတင်းသုံးနေထိုင်ရာဒေသဖြစ်သောကြောင့် ရှေးအခေါ် ရသေ့ကုန်း ယခုအခေါ် ရသစ်ကုန်းဖြစ်လာသည်ဟု ဆိုသည်။

## ကြက်တိုက် ညောင်ပင်

တောင်ကလပ်သို့အနောက်ဘက်မှ တက်သော ကားလမ်း၏ အဝင်ဝ တောင်ဘက်အနီးတွင် တည်ပင်နှင့် ညောင်ပင် တွဲယှဉ်ပေါက်ရာ၌ကား ယက္ခပုရပြည်ဘွား မင်းညီမင်းသားများ ကြက်ချင်းတိုက်၍ ကစားရာဌာနဖြစ်သောကြောင့် ကြက်တိုက် ညောင်ပင်ဟု ခေါ်သည်။

www.dhammaransi.com



# တောင်ကြီးရှင် အိမ်တွင်း မင်းမဟာဂီရိ မောင်တော် နှမတော်တို့အကြောင်း

တကောင်းပြည့်ရှင် ဘုရင်မင်းတရားကြီး လက်ထက်တော်တွင် ထိုမင်းတရားကို...

၁။ အချို့က အာစိတ္တမင်း။

၂။ အချို့က စိန့်မင်းဟု ရေးသားထားသည်ကို တွေ့ရသည်။ စိန့်ဆိုသောစကားသည် မင်း၏အမည်ကို ဆိုသောစကားမဟုတ်။ တိုင်းပြည်၏ အမည်ကိုဆိုသော စကားသာလျှင် ဖြစ်သည်။

တကောင်းပြည်ကို သင်းတွဲစိန့်ပြည်၊
မိုးမိတ်-ဗန်းမော်ကိုလည်း သင်းတွဲစိန့်ပြည်၊
တရုတ်ပြည်ကိုလည်း သင်းတွဲစိန့်ပြည်၊
မိုးဝန်း မိုးနားတို့လည်း သင်းတွဲစိန့်ပြည်၊

ဟူ၍ ရေးသားကြသည်။ မဟာဂီရိ မောင်တော် နှမတော်တို့ အခင်းဖြစ်ကြသော စိန့်ပြည်မှာ တကောင်းကိုခေါ်သော သင်းတွဲစိန့်ပြည်ဖြစ်သည်။

ပျော်ဘွယ်မြို့ဇာတိ ပန်းပဲဝန် (ဦးတင့်တော်) ၌ သားမောင်တင့်တယ်၊ သမီးမြွတ်လှ၊ မွေးဖြူ (သမိုင်းတစ်စောင်တွင် မွေးလှ) ဟူ၍ သားသမီး သုံးယောက် ရှိသည်။ မောင်တင့်တယ်သည် အရွယ်သို့ ရောက်လတ်သော် ပန်းပဲအတတ်ကို အပြီးတိုင်

www.dhammaransi.com



တတ်မြောက်၏။ ပန်းပဲလုပ်ရာ၌ အသုံးပြုသော တူနှစ်လုံးတွင် လက်ဝဲဘက်ကိုင် တူသည် (၂၅) ပိဿာ၊ လက်ယာဘက်ကိုင် တူသည် (၃၀) ပိဿာရှိသည်။

အချို့က ဘယ်တူကသာ၍ ကြီးသည်၊ ထို့ကြောင့် မောင်တင့်တယ်သည် ဘယ်သန်သည်ဟု ဆိုကြ၏။ မောင်တင့်တယ်သည် ခွန်အားလွန်စွာကြီး၏။ ဆင်ပြောင်၏ အားကိုပင် ဆောင်နိုင်၏။ (အချို့က ဆင်၏ အစွယ်ကိုပင် ချိုးပစ်နိုင်သောဟူ၏)

စိန်တိုင်းပြည့်ရှင် ဘုရင်ကြီးသည် တူသံပေသံကို ကြားလျှင် ထိတ်လန့် ကြောက်ရွံ့သောကြောင့် မှူးမတ်တို့အား မေးမြန်းတော်မူရာ ပန်းပဲသမား မောင်တင့်တယ်ဆိုသူ၏ တူသံဖြစ်ကြောင်း ခွန်အားဗလကြီးမားကြောင်းကို သံတော်ဦးတင်ကြ၏။မင်းကြီးလည်း ဤအချင်းသည် ငါ၏ ထီးနန်းစည်းစိမ်အတွက် စိုးရိမ်ရလောက်သောသူဖြစ်ပေသည်။ ယခုပင် ဖမ်းဆီး၍ သတ်စေဟူသော အမိန့်တော်ကို ထုတ်ပြန်တော်မူ၏။ မောင့်တင့်တယ်တို့ပြန်၍ရန်မမူဘဲ မလည် (မန်လည်) တောင်တွင် တိမ်းရှောင်ပုန်းအောင်း၍ နေလေသည်။ သို့နေ့စဉ်တွင် လက္ခဏာ ကြီးငယ်ရှုချင်စဖွယ်ရာသော အဆင်းအင်္ဂါနှင့်ပြည့်စုံသူ နဂါးမ(ရွှေနပေ)ခေါ် မေမေဘွားနှင့်သင့်မြတ်၍ သန္ဓေရှိသည်။မောင်ဖြူ၊ မောင်ညို သားနှစ်ယောက်ကို ဖွားသည်။ (ယခုအခါ စဥ့်ကူမြို့အနီးရှိ တောင်မင်းကြီး၊ မြောက်မင်းကြီး နတ်ညီနောင်တို့ဖြစ်ကြပေသည်။)

www.dhammaransi.com



မင်းကြီးသည် မောင်တင့်တယ်ကို အလွယ်တကူ ဖမ်းယူရရှိရန် ဥပါယ်တမျဉ်ဖြင့်ကြံ၍ မောင်တင့်တယ်၏ နှမ မမြတ်လှကို ကောက်ယူလျက် မိဖုရားအဖြစ် ချီးမြှင့်မြှောက်စားတော်မူသည်။

မင်းကြီးသည် ရက်လချိန်ခါ မေ့လျော့လောက်အောင် ကြာလေလျှင် အသင်မိဖုရား သင့်မောင်တော်အား ရာထူးရာခံ ထိုက်တန်သလောက် ချီးမြှောက်တော်မူလိုသည်။ ရှိရာအရပ်မှ မြို့တော်ရောက် ခေါ်ရမည်ဟု မိန့်တော်မူ၏။

မိဖုရားသည် မင်း၏စကားကို ဖြောင့်သားဖြူစင် ဟုတ်မှန်သည် ထင်သောကြောင့် မောင်တော်ရှိရာသို့ လိုက်လံရှာဖွေစေ၍ မောင်တော်အား မင်းကြီးစိတ်နှလုံးပြေကြောင်း၊ နှမတော်အားလည်း မိဖုရားအဖြစ်ဖြင့် ချီးမြှင့်မြှောက်စားတော်မူ ကြောင်း၊ မင်းကြီးသည် မောင်တော်ကို သူကောင်းပြုလိုကြောင်းမှစ၍ တကောင်းပြည် နန်းခွင်သို့ ဝင်ရောက်ရန်ကိုပါ မှာကြားစေလွှတ်၏။

မောင်တင့်တယ်သည် နှမတော်၏ စကားကို ယုံကြည်၍ ပြန်လည်လိုက်ပါလာရာ တကောင်းပြည်သို့ရောက်လျှင် မြို့ပြင်ကပင် ဖမ်းဆီးလျက် ဓားလှံလက်နက်တို့ဖြင့် ထိုးခုတ်ပစ်ခတ်သတ်ဖြတ်ကြရာ မသေသည်သာမက မစူးမရှ မပေါက်မပြတ်သတ်၍ မရကြောင်းကိုပါ မင်းကြီးအား လျှောက်ထားကြလေ၏။

www.dhammaransi.com



## ဖိုကျင် (ဖိုချင်း) ထိုး၍သတ်စေခြင်း

ထိုအခါ မင်းကြီးသည် မောင်တင့်တယ်အား မရုန်းမထွက် မပြေးနိုင်အောင် တုပ်နှောင်၍ စကားဝါပင်ရင်း၌ ထင်းမီးပုံကာ အရပ်ရပ်မှ ဖိုသမားများကိုခေါ်၍ ဖိုပေါင်းများစွာ ဝန်းရံ ဝိုင်းအုံလျက် ဖိုကျင်ထိုး ဖိုချင်းဆိုင်ထိုး၍ သတ်စေဟု အမိန့်တော် မြွက် ချမှတ်တော်မူ၏။ လက်မရွံ့တို့လည်း အမိန့်တော်အတိုင်း မဆိုင်းမတွ ဆောင်ရွက်ကြရ၏။

နှမတော်မြွက်လှသည် ငါ့မောင်မှာ ငါ့ကြောင့်သာ သေရသည်ဟု မောင်တော်အားဖူးမျှော်ရန် မင်းကြီးထံ ခွင့်တောင်း လျှောက်ထား၍ သွားရောက်တွေ့မြင်လျှင် ပင်ပန်းဝမ်းနည်း ကြေကွဲလှသဖြင့် မီးပုံထဲသို့ ပြေးသွားခုန်ဆင်းရာ အခြွေအရံ တို့က လိုက်လံဆွဲငင်ပါသော်လည်း ဆံထုံးကိုသာ ဆွဲမိသော ကြောင့် မျက်နှာတော်ကိုသာရလိုက်လေသည်။ချည်နှောင်ကွပ်မျက် သော စကားဝါပန်းပင်တွင် နတ်မောင်နှမ ဖြစ်လေသတည်း။

ထိုစကားပင်အောက်သို့ ရောက်သမျှသော ဆင်မြင်းကျွဲနွား လူသူတို့အား ယောက်ဖတော်နှင့် မိဖုရား ဖမ်းစားကြသဖြင့် သေကြေပျက်စီးရကြောင်းကို မင်းကြီးအား လျှောက်ထား သော အခါ ထိုစကားပင်ကို အမြစ်မှ တူးဖြိုလျက် ဧရာဝတီမြစ်သို့ မျှောစေသည်။

www.dhammaransi.com



မောင်တော် နှမတော်တို့သည် စကားပင်မျှော်ရာသို့ လိုက်ပါလာကြရာ မြန်မာသက္ကရာဇ် (၂၆၆)အင်္ဂလိပ်သက္ကရာဇ် (၃၅၄) ခုနှစ်တွင် လောကနန္ဒာအရပ်ကို သိရိပစ္စယာသမုတ်၍ မြို့သစ်တည်လျက် နန်းတက်တော်မူသော သေဉ်လည်ကြောင်ကြီးမင်း လက်ထက်တွင် ပုဂံညောင်ဦးရေဆိပ်၌ဆိုက်ကပ်တည်နေလေ၏။

၎င်းစကားပန်းတုံးကို ကျော်နင်း ချဉ်းကပ်မိသူ လူသူအပေါင်းတို့သည် ဦးခေါင်းမူးဝေ သေကြေယားယံကြလေ၏။ နတ်မောင်နှမတို့သည် စကားပန်းတုံးကို မှီကပ်ကာ ထိုပန်းတုံးများမျှောရာသို့ လိုက်ပါလာကြကြောင်း ပုပ္ပားတောင်၌ စကားပန်းပင်များ စည်ကား ပေါက်ရောက်ရာဖြစ်၍ နှစ်သက်ဘွယ်ကောင်းသဖြင့် ပုပ္ပားတောင်၌ နေလိုကြောင်း မြို့စောင့်နတ်ကိုပြောသည်။ မြို့စောင့်နတ်မှတစ်ဆင့် သေဉ်လည်ကြောင်ကြီးမင်းအား အိပ်မက်ပေးရသည်။ ထိုအိပ်မက်အတိုင်း မောင်တော်နှမတော်တို့ကိုနတ်ရပ်ထုလုပ်၍ သက္ကရာဇ် (၂၇၄)ခုနှစ် နတ်တော်လတွင် ပုပ္ပားတောင်သို့ ပို့ပြီးလျှင် အပိုင်စားပေးလျက် ပြာသာဒ်နှစ်ဆောင်နတ်ကွန်း တည်ဆောက်၍ ကိုးကွယ်ကြလေသည်။

အချို့ အမှတ်အသားများ တွင်ကား။ ။ စကားပန်းတုံးကို ကျော်မိ လွှားမိ ချဉ်းကပ်မိကြ၍ ယားယံမူးဝေ သေကြကြောင်းကို မင်းကြီး

www.dhammaransi.com



ကြားတော်မူသဖြင့် ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့အား မေးတော်မူလျှင် ကြောင်းရာကုန်စင် လျှောက်ထားသဖြင့် ပုဏ္ဏားတို့၏ စကား အတိုင်း နတ်ရုပ်ထုလုပ်ကာ ပုပ္ပားတောင်သို့ လာပို့ကြသည်ဟု ဆိုသည်။ ယင်းသို့ပို့ဆောင်ပြီးလျှင် များစွာသော ပူဇော်သက္ကာရ တို့ကို ပသပူဇော်ကြသည်။ နတ်မောင်နှမတို့သည် ကိုယ်တိုင်ပြ လျက် ဝမ်းမြောက်ဝမ်းသာ ပြောဟောသည်။ တိုင်းပြည် ခရိုင် နိုင်ငံပတ်ကုံး အားလုံးကုန်စင် စည်ပင်သာယာသည်။ ရန်စစ် မှုန်ဆန် ပုန်ကန်ခြားနား ထောင်လွှားခြင်းမရှိ ပကတိထက်ပင် ကြည်လင်တင့်တယ်ရကား (ရွှေတင့်တယ်) ဟူသော ဂုဏ်သကတ် ဖြင့် ယုန်ရတတ်နေတန်ဆောင်ကဲ့သို့ ရွှေတောင်မြတ်ပုပ္ပား ၌ ထင်ရှားကျော်စောလှသော (မင်းမဟာဂီရိ) ခေါ် တောင်ကြီးရှင် ခေါ် မောင်တော်နှမတော်နှစ်ပါးဟု အများသမုတ်ကြလေသတည်း၊

နတ်ကွန်းနှစ်ဆောင်မှာ အနော်ရထာ မင်းတည်သော ပုပ္ပားမြို့ ဟောင်း၏ အရှေ့တောင်ယွန်းယောင် တောင်ခါးပန်းတွင် တည်ရှိ သည်။ အောက်နတ်ကွန်းမှာ နှမတော်၏စံရာဗိမာန် ဖြစ်၍ အထက် နတ်ကွန်းမှာ မောင်တော်၏ စံရာ ဗိမာန် ဖြစ်သည်။ မောင်တော်နှမတော်တို့ ရောက်သည့်နေ့မှစ၍ ပုပ္ပားတောင်ရှိ စကားပန်းပင်များကို အသုံးမပြုဝံ့ကြပေ။

ခုတ်ယူသုံးစွဲခဲ့လျှင် သုံးစွဲသူအား ရုတ်တရက်သော်လည်း ကောင်း၊ တဖြည်းဖြည်းသော်လည်းကောင်း ပျက်စီးဆုံးရှုံးစေ တတ်သည်ဟု အယူရှိကြသည်။

www.dhammaransi.com



## နတ်ပွဲကျင်းပရာ နတ်တော်လ

နတ်တော်လပြည့်နေ့တိုင်း နတ်ပွဲကျင်းပကြသည်။ ထိုနေ့တွင် ရှောင်ရန် ဆောင်ရန်စသော ဤနှစ်ခု ဖြစ်လတ္တံ့သော အကျိုးအပြစ်တို့ကို အစစ်အမှန် ဝင်ရောက် ပူးကပ်၍ ပြောဟောသည်။ မိမိတို့အား ပူဇော်ပသကြ၍ အကျိုးကိုဖြစ်စေပုံ၊ ရိုသေခြင်းကင်းသူ များအား အပြစ်ကို ဖြစ်စေပုံတို့ကိုလည်း စုံလင်စွာ ပြောဟောသိရှိစေသည်။ ရိုသေညွတ်ခ ပူဇော်ပသကြသောသူတို့အား အကျိုးကို ဖြစ်စေရာ၌ လွန်စွာ ထင်ရှားသဖြင့် ပွဲတော်ထမင်းလျာများ၊ အမြီးစုံခေါင်းစုံပါသော ငါးကြော်များ ငါးခြောက်များ၊ လက်ဖက်ဦး ကွမ်းဦးများကို ဆက်သကြရသည်။

ဤသို့ နတ်ပွဲကျင်းပရခြင်းသည် ပုဂံပြည့်ရှင် သေဥလည်ကြောင်ကြီးမင်း လက်ထက်မှစ၍ တိုင်းရှင်ပြည့်ရှင်ဘုရင်များနှင့် မှူးကြီးမတ်ကြီးများ မြို့ပြပြည်သူ လူအပေါင်းတို့သည် နှစ်စဉ် နတ်တော်လတိုင်ရောက်လျှင် မဟာဂီရိ နတ်မောင်နှမကို လာရောက် ပူဇော်ပသကြသည်။

ဤသို့ ပူဇော်ပသခြင်းကြောင့်လည်း စောင့်ရှောက်ထိုက်၊ စောင့်ရှောက်နိုင်၊ စောင့်ရှောက်သင့် သူတို့အား စောင့်ရှောက်ရမည့်အကြောင်းကိုလည်း–

ဒိဝါစ ရတ္တောစ။ ဟရန္တိ ယေ ဗလိံ၊ တသ္မာဟိ နေ ရက္ခထ အပ္ပမတ္တာ။

www.dhammaransi.com



ဒိဝါစ – နေ့၌လည်းကောင်း၊ ရတ္တောစ–ညဉ့်၌လည်းကောင်း ယေ– အကြင်သူတို့သည်၊ ဗလိ–ပူဇော်သက္ကာရကို၊ ဟရန္တိ– ဆောင်ကုန်၏။ တသ္မာဟိ တသ္မာဧဝ–ထို့ကြောင့်သာလျှင်၊ နေ– ထိုသူတို့ကို အပ္ပမတ္တာ–မမေ့မလျော့ ကုန်သည်ဖြစ်၍ ရက္ခထ–စောင့်ရှောက်ကြကုန်လော့ဟူသော အရှင်အာနန္ဒာမထေရ်၏ ဝေဒာလီပြည်၌ ကပ်ရောက်သော အန္တရာယ်ကို ကာကွယ် မည့်ဆဲဆဲ တွင် မိန့်မြွက်တော်မူသော ရတနသုတ် နိဒါန်းကို ထောက်ထားသဖြင့် သိသာနိုင်ပေသည်။

၁။ ထီးလှိုင်ရှင်ကြီး ၂။ ကျန်စစ်မင်း

၃။ ရှင်အရဟံ ၄။ မဟာဂီရိနတ်

၅။ သက်မင်းကတုံ

တို့သည် ဆုတောင်းဖက်၊ ပါရမီဖြည့်ဖက် ခင်ပွန်းကြီးများ ဖြစ်ကြောင်းကို ရာဇဝင်တွင် ဆိုသည်။ သို့ဖြစ်သည့် အားလျော်စွာ ကျန်စစ်မင်းသည် ဥဿာပဲခူးမင်း၏ သမီးတော် အနော်ရထာ မင်း၏ ဘဏ္ဍာတော် မဏိစန္ဒာအား ကျူးလွန်မိသဖြင့် မင်းဒဏ် သင့်အံ့ဆဲဆဲ တွင်–

၁။ ထိုးလိုက်လျှင် လွဲခဲ့သော လှံဘေးမှ လွတ်စေခြင်း။

၂။ တစ်ဘက်ကမ်းသို့ကူးရန် လှေသမားဟန်ဖြင့်ကယ် တင်ခြင်း။

၃။ မြစ်ရေယဉ်ကို သောင်ပြင်ဟန် ဖန်ဆင်းခြင်း။

www.dhammaransi.com



၄။ သက်မန်းကတုံအား သေဘေးမှ လွတ်စေခြင်း စသော ဆိုင်ရာဆိုင်ရာတို့အား စောင့်ရှောက်မှုကို ဂရုတစိုက် အားခွန်စိုက်ကာ လွန်စွာအကျိုးဆောင် ကယ်တင်ခဲ့သောသူကား ဤ ပုပ္ပားတောင်ကြီးရင် မင်းမဟာဂိရိ ကျေးဇူးရှင်ပင် ဖြစ်သတည်း။

## မဟာဂိရိ အမည်တော်ရခြင်း

ပုပ္ပားတောင်ကြီးသည် မြတ်သော၊ ကြီးသောတောင်ကြီး ဖြစ်၍ (မဟာဂိရိ) တောင်ဟု ရှေးအခါက ခေါ်ဝေါ်ခဲ့ကြသည်။ သေဉ်လည်ကြောင်ကြီးမင်းက ပန်းပဲမောင်တင့်တယ် နတ်မောင်နှမကို ပုပ္ပားတောင်၌ နတ်ကွန်းနတ်နန်းများ ဆောက်လုပ်၍ထားသောကြောင့် ထိုမဟာဂိရိခေါ် ပုပ္ပားတောင်ကြီးကို အစွဲပြုကာ မဟာဂိရိနတ်မောင်နှမဟု အမည်တော်ရကြခြင်း ဖြစ်သည်။

## မင်းမဟာဂိရိ အမည်တော်ရခြင်း

အဆိုပါ သေဉ်လည်ကြောင်မင်း လက်ထက်မှစ၍ တစ်နှစ်လျှင် တစ်ကြိမ်ကျ နတ်တော်လသို့ရောက်လျှင် မင်း၊ မှူးမတ်၊ ပြည်သူအများ ပုပ္ပားတောင်သို့ သွားရောက်၍ မဟာဂိရိနတ်မောင်နှမအား ပူဇော်ကြသည်ကို အစွဲပြု၍လည်း မင်းမဟာဂိရိဟု အမည်တော်ရကြပြန်သည်။

www.dhammaransi.com



## အိမ်တွင်းမင်းမဟာဂီရိ အမည်တော်ရခြင်း

မြန်မာနိုင်ငံတွင် ပုဂံခေတ် သေဉ်လည်ကြောင်မင်း လက်ထက်မှစ၍ အနော်ရထာမင်း နန်းတက်စအချိန်တွင် နတ်ကိုးကွယ်မှုသည် အကြီးအကျယ် ထွန်းကားခဲ့သည်ဟု ဆိုသည်။ အနော်ရထာမင်း နန်းတက်ပြီး ပုဂံပြည်သို့ ကြွရောက်လာသော ရှင်အရဟံမထေရ်၏ ညွှန်ပြဟောကြားဆုံးမမှုကြောင့် အရည်းကြီးတို့၏ တန္တရယာန မန္တရယာန သာသနာကို မင်း၏ အာဏာစက်ဖြင့် သုတ်သင် ဖျက်စီးကာ ပြည်သူလူထုကြီးအား ထေရဝါဒ သာသနာကို ခံယူကိုးကွယ် စေခဲ့သည်။

ထိုအချိန်က ပုဂံပြည်သူပြည်သားတို့သည် မိမိတို့၏ အိမ်ရှေ့၌ နတ်ကွန်းနတ်နန်းများ ဆောက်လုပ်၍ နတ်ကိုးကွယ်မှုမှာ လိုအပ်သည်ထက်ပို၍ ရှေ့တန်းတင်လွန်း ရောက်လွန်းလျက်ရှိသည်။ ထို့ကြောင့် အနော်ရထာမင်းကြီးသည် ပုဂံပြည်သူတို့၏ ရှေ့တန်းတင် ကိုးကွယ်မှု လွန်အားကြီးသော နတ်ကွန်းနတ်နန်းများကို မင်း၏ အမိန့်ဖြင့် ဖျက်သိမ်းပစ်စေလေ၏။ ထိုသို့ အိမ်ရှေ့၌ နတ်ကွန်းနတ်နန်းများ မထားရတော့သောကြောင့် ပုဂံပြည်သူလူထုကြီးသည် အိမ်တွင်း၌ အုန်းဆွဲကာ မဟာဂီရိ နတ်ကိုကိုးကွယ်ခဲ့ကြသည်။ ယင်းသို့ ကိုးကွယ်သည်ကို အစွဲပြု၍ အိမ်တွင်းမင်းမဟာဂီရိဟု ခေါ်တွင်၍ အမည်တစ်မျိုးရပြန်သည်။

www.dhammaransi.com



သို့ကြောင့် အိမ်တွင်း၌ နတ်အုန်သီးဆွဲခဲ့သော အစဉ်အလာသည် ပုဂံခေတ် အနော်ရထာဘုရင်လက်ထက်က စတင်ခဲ့ခြင်း ဖြစ်သည်ဟု ဤအလိုမှတ်ယူရပေမည်။

## နတ်အုန်းသီး

အိမ်တွင်း၌ နတ်အုန်းသီးဆွဲသည့် အဓိပ္ပာယ်မှာ မီးလောင်ခံရသူတို့အား အုန်းရည်ဖြင့် ကုသခြင်းသည် အကောင်းဆုံးဖြစ်၍ မင်းမဟာဂီရိကို ရည်စူးပြီး နတ်အုန်းသီးဆွဲ၍ ပူဇော်ခြင်းဖြစ်သည်။ သို့သော် ထိုနတ်အုန်းသီးအား–

၁။ အုန်းရည်မခမ်းခြောက်စေဘဲ အသစ်လဲ၍ ဆွဲရခြင်း။

၂။ အမွှေးနံ့သာပက်ဖျန်း၍ ပေးရခြင်း။

၃။ ယပ်ခပ်ပေးရခြင်း။

၄။ အုန်းတော်၏ ယာဘက်၌ ယပ်၊ ဝဲဘက်၌ဓား ဆက်သထားရခြင်း။

၅။ အုန်းတော်၏အနီးတွင် လင်စုံမယားဖက် မအိပ်ရခြင်း။

၆။ ခေါင်းရမ်းပန်း၊ စကားပန်း၊ ဖယောင်းတိုင်၊ အမွှေးတိုင်များကို ညှိထွန်းပူဇော် ဆက်သမှု မပြုရခြင်း

ဟူသော သတ်မှတ်ချက်များ ရှိကြောင်း အမှတ်အသားများရှိသည်။

www.dhammaransi.com



အချို့ အမှတ်အသားဌ မင်းမဟာဂိရိနတ်သည် ပန်းပဲ မောင်တင့်တယ် မဟုတ်ဘဲ ၎င်း၏နှမ မမြတ်လှသာ မင်းမဟာဂီရိဖြစ်သည်ဟု ယူဆကြသည်။ ထိုသို့ ယူဆရခြင်းမှာလည်း တကောင်းပြည့်ရှင် ဘုရင်အာစဏ္ဍာမင်းတရားက မောင်တင့်တယ်ကို စကားပင်၌ ချည်နှောင်ပြီး ဖိုကျင်ထိုးသတ်စဉ်က မမြတ်လှသည် ငါ့ကြောင့်သာ ငါ့အစ်ကို သေရခြင်းဟု ယူကျုံးမရဖြစ်ကာ မီးပုံတွင်းသို့ ခုန်ဆင်းသေဆုံးခဲ့သည်။ ထိုအခါတွင် အစောင့်အကြပ်များက လိုက်၍ ဆွဲငင်လိုက်ရာ ကိုယ်ကိုသာ မီးလောင်ကျွမ်းသွား၍ ခေါင်းကိုမီးမလောင်ဘဲ ကျန်ရစ်ခဲ့သည်။ ထိုအခါကြီးမြတ်သော ဦးခေါင်းဖြစ်၍သာ မီးမလောင်နိုင်ခြင်းဖြစ်သည်ဟု ယူဆကာမမြတ်လှ၏ဦးခေါင်းကို ဖြတ်ယူ၍ ရွှေချပြီးလျှင် မဟာဂီရိဟူသော အမည်ဖြင့် နန်းတွင်းသူနန်းတွင်းသား မောင်းမိဿံများက ကိုးကွယ်ခဲ့ကြသည်။ ထိုသို့ မမြတ်လှ၏ ဦးခေါင်းကို နန်းတွင်း၌ ထား၍ ကိုးကွယ်ကြသော်လည်း မမြတ်လှမှာမူကား နတ်ဘဝနှင့် သူ၏အစ်ကို မောင်တင့်တယ်၏နေရာ စကားပင်၌သာ နေထိုင်ခဲ့သည်ဟုဆိုသည်။

## မောင်တင့်တယ် နတ်ရုပ်ပုံသဏ္ဌာန်

ရှေးက မူလရှိရင်းစွဲပုံသည် ဘီလူးခုံခံ၊ ၎င်းအထက်တွင် ဆင်ဖြူခေါင်းသုံးလုံး။ ၎င်းအထက်တွင် ကြာသုံးပွင့်၊ ၎င်းအထက်တွင် အရပ်ခုနစ်တောင်ရှိ နတ်ရုပ်ခြေစုံရပ်ဟန်၊ ပုဆိုး

www.dhammaransi.com



တောင်ရှည် အနံ့တစ်မိုက်ခန့် အနားပတ်သတ်ထားသော (ဘဲရန်) ခေါ် ဝန်လုံအကျီ ရှည်၊ ခေါင်းပေါင်းဖြူ နှစ်စထောင် စကားဝါ သစ်ကို ထုလုပ်ထားသည်။ နတ်ကွန်းနောက်သို့ မျက်နှာပြု ဆောက်ထားသည်။ နတ်ရုပ်လည်း အနောက်သို့ မျက်နှာပြုလျက် ဖြစ်သည်။

## မမြတ်လှ နတ်ရုပ်ပုံသဏ္ဍာန်

မမြတ်လှ နတ်ပုံကို ရုပ်လုံးပေါ်အောင် ထုလုပ်ထားခြင်း မရှိ။ စကားဝါသစ်သားတုံးကိုသာ စိုက်ထောင်ထားသည်။ ယင်း သစ်တုံးတွင် မျက်နှာပုံကို ရွှေဖြင့် ပြုလုပ်ထားသည်။၊ အနောက်သို့ မျက်နှာမူနေဟန် ဖြစ်သည်။ နတ်ကွန်းမှာ အနောက်ဘက်သို့ မျက်နှာပြု၍ လည်ပေါ်နှင့် ဆောက်ထားသည်။

www.dhammaransi.com



## မင်းမဟာဂီရိ မောင်တော်–နှမတော်တို့၏ အဆင်းတန်ဆာ ကျောက်မျက်ရတနာနှင့် ရွှေအလေးချိန်

| ဦးရေ | အမည် | ရွှေသားအလေးချိန် | | |
|---|---|---|---|---|
| | | ကျပ် | မူး | ပဲ |
| ၁ | မောင်တော် ရွှေမျက်နှာ | ၂၉ | ၆ | |
| ၂ | ဖောင်းပန်း (၉)တမာရွက် (၉) | ၉ | ၆ | ၁ |
| ၃ | နားဒေါင်းရင်ဆူး (၂)ထပ် | ၁ | ၁ | ၁ |
| ၄ | နှမတော်ရွှေမျက်နှာ | ၂၄ | ၅ | ၁ |
| ၅ | မြိတ်ရစ်တရစ် | | ၈ | |
| ၆ | ဆံထုံးကျောက်စီရှစ်လုံးတင် | | ၈ | |
| ၇ | ဆံကျင်ကျောက်စီခုနစ်လုံးတင် | | ၁ | |
| ၈ | ရွှေကူစိန်တောင် (၁၅) | ၂ | ၅ | |
| ၉ | ဘဲပန်းသုံးသွယ် | | ၅ | |
| ၁၀ | ဇလဲအထက် နားပေါက်နားဝယ် ကျောက်စီ (၂)ရစ် | | ၁ | |
| | ရွှေသားအလေးချိန်စုစုပေါင်း | ၇၀ | ၇ | ၁ |

www.dhammaransi.com



ဤသို့ ဖော်ပြပြီးသော ရွှေအလေးချိန် စာရင်းသည် (၁၁၅၁) ခုနှစ်လောက်ကစပြီး ပေါ်ပေါက်လာဟန်ရှိသည်။

အကြောင်းကား ပုပ္ပားမြို့သူကြီးမောင်စု မြို့နေနတ်ထိန်းများနှင့် ငမြတ်သာ၊ ငစံရတို့အား ဆင့်ခေါ်၍ (၁၁၇၄) ခုနှစ် နှောင်းတန်ခူးလဆန်း ၁၄ ရက်နေ့တွင် အတွင်းတော်၌ ရှေးကမွမ်းမံ ဆင်ယင်အပ်သော ရွှေအစစ်ရတနာများ ပျောက်ကွယ်ကုန်ဆုံး၍ အစားထိုးထားသော ရွှေတုရွှေရည်ပွတ်များနှင့် ဖြစ်သော နတ်မောင်နှမပုံတော်များကို ရှေ့တွင်ထား၍ စစ်ဆေးမေးမြန်းတော်မူရာ (၁၁၅၁) ခုနှစ် နယုန်လပြည့်ကျော် ၅ ရက်နေ့ ရွှေသားမျက်နှာနှင့် မောင်နှမပုံတော်များ ပုပ္ပားသို့ ရောက်ကြောင်းကိုသာ အစစ်ခံနိုင်သည် ဆိုသောကြောင့်တည်း။

အစစ်ခံရခြင်း၏ အကြောင်းရင်းမှာ ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း ရွှေသားအတိ ကျောက်စီလုပ်၍ နတ်မောင်နှမရုပ်ပုံကို တင်ထားတော်မူရင်းဖြစ်သည်။

ယခု ယူဆောင်လာသော ပုံတော်များမှာ ရွှေရည်ပွတ်များသာဖြစ်နေသည်ဟု ကြားသိတော်မူသဖြင့် စစ်ဆေးတော်မူခြင်းဖြစ်သည်ဟုဆိုသည်။

## အသစ်ပြုလုပ်ရန် ထပ်မံပေးအပ်ခြင်း

ထိုသို့စစ်ဆေးမေးမြန်းခြင်းကို ရပ်ဆိုင်းပြီးလျှင် ယခင်အပြစ်များကို ပလပ်စေလျက် မောင်တော့်အတွက် ရွှေအလေးချိန်

www.dhammaransi.com



သုံးဆယ်ကျပ်သား။ နှမတော်အတွက် ရွှေအလေးချိန် နှစ်ဆယ်ငါးကျပ်သားနှင့်တကွ ပုံတော်နှစ်ပုံကိုအပ်နှံ၍ ပုဂံမြို့ဝန်က ထပ်မံပြင်ဆင်မွမ်းမံစေ၊ အစောင့်အနေ ချထားစေဟူသော အမိန့်တော်မြတ်ကို အတွင်းတော်က သံတော်ဆင့်ရာ နန္ဒကျော်ထင် ရေးမှတ်၍ (၁၁၇၅)ခုနှစ်ဦး၊ တန်ခူးလပြည့်ကျော် ၃ ရက်နေ့ချမှတ်တော်မူသည်ဟု အမှတ်အသားတွေ့ရသည်။

မဟာဂီရိ မောင်တော် နှမတော်တို့၏ အဆင်းတန်ဆာနှင့်ပတ်သက်၍ ဖြစ်ပျက်ခဲ့သော အထက်ပါအခြင်းအရာတို့သည် (၁၁၄၃) ခုနှစ် တပို့တွဲ လပြည့်ကျော် ၁၄ ရက် တနင်္လာနေ့တွင် အထွတ်အထိပ်သို့ရောက်၍ (၁၁၈၁)ခုနှစ် နယုန်လဆန်း ၃ ရက်နေ့ ညဥ့်ပိုင်းတွင် နတ်ရွာစံတော်မူသော အလောင်းမင်းတရားကြီး၏ စတုတ္ထသားတော် ဖြစ်သော ဘိုးတော် ပဒုံမင်းတရားကြီး လက်ထက်တော်တွင်ဖြစ်သည်။

သက္ကရာဇ် (၁၁၁၄) ခုနှစ်တွင် ရတနာသိင်္ခကုန်းဘောင်ဆက်ကို စတင်တည်ထောင်တော်မူသော အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ လက်ထက်တော်တွင် မင်းကြီးအား ကြည့်ရှုစောင့်ရှောက်သောကြောင့် ရွှေချိန် ငါးပိဿာကို နှမတော်၏ ဦးခေါင်းငုံလုပ်၍ ကိုးကွယ်ခဲ့လေသည်။

နတ်ထိန်း ခုနှစ်အိမ်ထောင်ကိုလည်း အမြဲ စောင့်ရှောက်ထိန်းသိမ်းရန် ခန့်အပ်တော်မူသည်ဟု ဆိုသည်။

www.dhammaransi.com



## ရှိနေရမည့် ရွှေသားအလေးချိန်

| ဦးရေ | အမည် | ရွှေသားအချိန် | | | |
|---|---|---|---|---|---|
| | | ပိဿာ | ကျပ် | မူး | ပဲ |
| ၁ | အလောင်းမင်းတရား ဦးအောင်ဇေယျလက်ထက် | ၅ | | | |
| ၂ | ဘိုးတော်ပဒုံမင်းတရား လက်ထက်(ပထမ)အကြိမ် | | ၇၀ | ၇ | ၁ |
| ၃ | ဘိုးတော်ပဒုံမင်းတရား လက်ထက်(ဒုတိယအကြိမ်) | | ၅၅ | | |
| ယခုအချိန်ထိ ရှိနေရမည့်ရွှေသား အလေးချိန် | | ၆ | ၂၅ | ၇ | ၁ |

အထက်ပါရွှေချိန်သည် မင်းအားဖြင့် ခြောက်ဆက်၊ နှစ်အရေအတွက်အားဖြင့် ခြောက်ဆယ့်ခုနစ်နှစ်၊ သက္ကရာဇ်အားဖြင့် (၁၁၁၄) ခုနှစ်မှ (၁၁၈၁) ခုနှစ်အတွင်းတွင် ဆက်သခဲ့သောရွှေတို့၏ အရေအတွက်မျှသာဖြစ်သည်။

သမုဒ္ဒရာမင်းဖြို့ခွင်းသက္ကရာဇ် (၂၆၆) ခုနှစ်တွင် ယုန်လွတ်ကျွန်းမှ လောကနန္ဒာ ကျောက်စကားအရပ်သို့ ပြောင်းပြီးလျှင် သီရိပစ္စယာမည်သော မြို့တည်နန်းတည် သေဥ်လည်ကြောင်ကြီးမင်းလက်ထက်မှစ၍ (၁၁၁၃) ခုနှစ် တန်ခူးလဆန်း ၆ ရက် ဟံသာဝတီမင်းတရားလက်ထက် ကုန်ဆုံးသည့်တိုင်အောင် နှစ် အရေအတွက် (၈၀၀) ကျော် အတွင်း၌ကား မဟာဂီရိ

www.dhammaransi.com



မောင်တော်နှမတော်တို့အား ဆက်သကြသော ရွှေအလေးချိန်တို့မှာ လွန်စွာများပြားလိမ့်မည်ဟု မှန်းဆဖွယ်ရာဖြစ်သည်။

မြန်မာဘုရင်အဆက်ဆက်တို့ ပူဇော်ပသခဲ့ကြသော အဆင်းတန်ဆာ ကျောက်မျက်ရတနာတို့နှင့် ဖော်ပြအပ်ခဲ့ပြီးသော ရွှေသားအလေးချိန်တို့မှာ အထက်မြန်မာပြည်ကို နယ်ချဲ့အင်္ဂလိပ်တို့ သိမ်းယူလိုက်သော (၁၂၄၇) ခုနှစ်မှ အစပြု၍ ယနေ့ထက်တိုင် ပျောက်ပျက်လျက် ရှိနေလေသေးသည်။

ဤသည့်အကြောင်းကို သက်ဆိုင်ရာ နယ်ချဲ့အင်္ဂလိပ်အစိုးရ အာဏာပိုင်တို့အား တိုင်တန်းကြသည့်ကာလ ပုပ္ပားတောင်တော်ရှိ ကျွန်းတောမှ တစ်နှစ်လျှင် ကျွန်းသစ် (၁၀)တန် ထုတ်နုတ်၍ မောင်တော် နှမတော်တို့၏ နတ်ကွန်းနတ်နန်းများအတွက် အသုံးပြုရန် အမိန့်တစ်ရပ် ချမှတ်ပေးခဲ့သည်။ ထိုအခွင့်အရေးကို ဖက်ဆစ်ဂျပန်တို့ မြန်မာပြည်တွင်းသို့ ဝင်ရောက်သည့် (၁၃၀၄) ခုနှစ် (၁၉၄၂) ခုနှစ်တိုင် ရရှိခဲ့သည်ဟုဆိုသည်။

## ပြည်ထောင်စု မြန်မာနိုင်ငံ(ဖ-ဆ-ပ-လ)အစိုးရလက်ထက်

ပြည်ထောင်စုမြန်မာနိုင်ငံ (ဖ-ဆ-ပ-လ) အစိုးရလက်ထက် (၁၃၁၆) ခုတပို့တွဲလပြည့် တနင်္လာနေ့ အင်္ဂလိပ် (၇-၂-၅၅) နေ့ရက်တွင် ရပ်လျက်ရှိသော မောင်တော် နတ်ရုပ်ပုံနှင့် ပုဆစ်တုပ် ထိုင်လျက်ရှိသော နှမတော်နတ်ရုပ် ယခုခေတ်ပုံတို့ကို

www.dhammaransi.com



မောင်တော် နှမတော်တို့၏ နတ်နန်းများ အတွင်း၌ ဦးနု (ဝန်ကြီးချုပ်ဟောင်း) (ထိုအချိန်က ဝန်ကြီးချုပ်)လာရောက်၍ ဖွင့်လှစ်အပ်နှင်းသွားသည်။

## မပြတ်လှ၏ ငယ်ရည်းစား

ပုပ္ပားတောင်ကို မြတ်သောတောင် နတ်တောင်ဟူ၍ ရှေးအစဉ်အလာကတည်းက အသိအမှတ်ပြုခဲ့ကြသည်။ မြန်မာစာပေ သမိုင်း၌ ဤပုပ္ပားနတ်တောင်ကို ဖွဲ့ဆိုထားသော အလွန်ရှေးကျသည့် နတ်သံလျက်လေးပိုဒ် ရှိသည်။ ယင်းနတ်သံလျက်လေးပိုဒ်ကို မပြတ်လှ၏ ငယ်ရည်းစားဖြစ်သူက လွမ်းဆွတ်ကြည်နူးလျက် ရှိသောကြောင့် ဖွဲ့ဆိုခဲ့ခြင်းဖြစ်သည်ဟု အမှတ်အသားရှိသည်။

မပြတ်လှမှာ တကောင်းပြည့်ရှင် ဘုရင် အာစိဏ္ဏမင်းတရားကြီး မိဖုရာ ႏမမြှောက်ခင်က မပြတ်လှ၏ ဖခင် ပန်းပဲသူကြီး ဦးတင့်တော်၏ အစ်မကမွေးသော သားနှင့် မောင်နှမတစ်ဝမ်းကွဲချင်း (၁၃)နှစ် အရွယ်မှ စတင်ကာ ချစ်ခင်စုံမက် နှစ်သက်၍ ရည်းစား ဖြစ်ခဲ့ကြသည်။ တကောင်းမင်းကြီးက မပြတ်လှကို မိဖုရားမြှောက်လိုက်သောအခါ မပြတ်လှ၏ ငယ်ချစ်ရည်းစား မောင်တစ်ဝမ်းကွဲတော်သူမှာ ထွက်ပြေးတိမ်းရှောင်နေခဲ့ရသည်။

ထို့နောက် မပြတ်လှသေ၍ နတ်ဖြစ်ပြီး ပုပ္ပားတောင်၌ နတ်ကွန်း နတ်နန်းနှင့် နတ်ရုပ်ထုလုပ် ကိုးကွယ်ထားသောအခါ

www.dhammaransi.com



ပုပ္ပားတောင်မှာ စကားပင်တို့ဖြင့် လှပတင့်တယ်စွာ ပေါက်ရောက်ဖူးပွင့်လျက် လွမ်းဆွတ်ကြည်နူးစရာ ကောင်းလှသည်။ ထို့ကြောင့် မမြတ်လှ၏ ငယ်ရည်းစားက လွမ်းဆွတ်ကြည်နူးလျက် ဖွဲ့ဆိုခဲ့ခြင်းဖြစ်သည်။

## ပုပ္ပားတောင်ဘွဲ့ နတ်သံလင်္ကာ (၄) ပိုဒ်

၁။ သိုးကလေး။ ။ပုပ္ပားနတ်တောင်၊ အခေါင်မြင့်ဖျား၊ စုံတောပြား၌၊ နံ့ရှားကြိုင်လွင့်၊ ခါတန်ပွင့်သည်၊ ရွှေနှင့်ယိုးမှား ပန်းစကား။

၂။ သိုးကလေး။ ။စကားပွင့်နှင့်၊ နှိုင်းတင့်နိုးသည်၊ ရဲမျိုးသမီး၊ မောင်ကြီးနှမ၊ ညက်လှပြာစင် မဲ့သည်းပင်သည် (လင်ယောကျ်ား)ခရီးသား။

၃။ သိုးကလေး။ ။မြတ်လွယ်စုလည်း (ဦးစွန်းကို ကြက်တောင်စီး၍တစ်ပတ်လျှိုထုံးသော ဆံထုံး) အငယ်တည်းက၊ ကျွမ်းဝင်ကြသည်။ မွေးဘတူရင်း၊ မျိုးသည်မင်းနှင့် (လင်ယောကျ်ား)ချစ်ချင်းစုရုံး၊ သက်ထက်ဆုံးသည်၊ နှလုံးမခြား စောင့်တရား။

www.dhammaransi.com



၄။ ဆွေမိမင်း။ ။မျက်သုတ်နီစပ်၊ရသည်ဖျင်းနှင့် ကျိုင်းစင် မြဝါ (ပိတ်အင်္ကျီနှင့် မြရောင်ရှိသော ဆောင်းထီး) မတ်ကြီးလျာကို၊ မယ်သာ ကြိုက်မိ တုမရှိ။

ဤ၌ သိုးကလေးဆိုသည်မှာ နတ်မိဖုရားကို ခေါ်ဆိုခြင်း ဖြစ်သည်။

၁။ သိုးကြီး- နတ်မိဖုရားကြီးကို ခေါ်သည်။

၂။ သိုးကလေး- နတ်မိဖုရားငယ်ကို ခေါ်သည်။

သိုး-ခေါ် နတ်မိဖုရားတို့ ဝတ်ဆင်သော အဝတ်တန်ဆာ ပျော့ခမောက်ကို အထွင့် (အချွန်တပ်)၍ အနားလေးဘက် အထက်သို့လှန်ပြီးလျှင် ခမောက်ကို လေးထောင့်ပြုလုပ် ထားလျက် ပန်းတို့ဖြင့် ဝေဝေဆာဆာရှိအောင် ပြုလုပ်ထားလေသည်။ ၎င်းတွင် နားရွက်အုပ် (နားကင်း) တန်ဆာ အဆက်အသွယ် ပါရှိသည်။ ၎င်းခမောက်ကို သိုးဟု ခေါ်သည်။

သိုးကိုဆောင်းထားသောအခါ ပဝါကို အထက်က အုပ်ပြီး မေးသိုင်းစီးလျက် ဆောင်းရသည်။

ပုပ္ပားတောင်တော်သမိုင်းကို ဤမျှသော စကားရပ်တို့ဖြင့် အက္ခရာတင်၍ နှုတ်ခမ်းသတ်ပါသည်။

www.dhammaransi.com



# ပုပ္ပါးမြို့

## သမားတော်ကြီး ဦးသာတင်၏ မှတ်တမ်းမှတ်စုများ

'ပုပ္ပါး ပုပ္ပါး တောင်တော်ရွှေပုပ္ပါး--ရွှေပုပ္ပါးရယ်သာ လာချင်ပါရဲ့လေ' ရေးကအဆို နိုင်ငံတကာ မြို့ငဂန္ဓာ လာပါကြိုတဲ့ ဗဟိုပုပ္ပါး ရေတံခွန်စခန်း ပေါဝန်နန်းသို့ လွှန်ဆန်းပြား သွားပြန်တဲ့ခါက် တိုင်းသား ပြည်သူ ရှင်နှင့်လူ အဆူဆူ ရောက်ကြသည့် မောက္ခထွက်လမ်း မငြိုမငြင် လိုချင်လျှင် ဗိုဝင်ကာ စမ်းကြတော့ ပန်းမြဂနိုင်ဝတ်ရည်စားသုံး ပျားပိတုန်း တအုန်းအုန်း လှိုင်တဲ့ပြင် မဏ္ဍိုင်ဗိုစိုစို့ ဗွေးယှက်ကုံလုံ ဆေးဘက်စုံ ရဂုံတိုင်း ကြိုရသည့် မြို့ပြပြည်ရွာ ဆရာပဏ္ဍိတ် အကျိုးမဆုံး တန်ခိုးဘုန်းကြောင့် ဂမုန်းတွေ ကြိတ်ကြသော ဝိဇ္ဇာကျင့်ဘာန် ဇော်ပျံဂျီပျံ မဟာသံ ဤဌာန်က လှမ်းတယ်လို့ စာတမ်းလက်ကိုင် သေနှံတစ်ဝိုက် အကုန်ကြိုက် လုံလိုက်ပါချင်မည်ဟု လျှိုမြောင်ချောက်စောင်း ဝိဇ်လမ်း ဇော်လမ်း မျှော်ခေါ်တမ်း ရော်ရမ်းလို့ ချောင်ကြရ၊ ဉ၊ သြောင်း-- အရပ် အင်းမျိုးအိုင်မျိုး လက်ဖွဲ့ထိုး တန်ခိုးတွေ ချွန်ရအောင် မွှန်လှ ဘောဇဉ် ပွဲပြင်ပသ မောင်တော်နှမတော် ရှင်ပျော်ပျော် ပူဇော်ကြ၍ ဒိဋ္ဌမျက်မြင် ဘေးကင်းဒဏ်ကွာ မြန်မကြာ ရန်တကာ စင်ကြသည့် ထင်ကရတောင် အခေါင်ဓိပတိ တန်ခိုးအဟုန် အမျိုးစုံ အကုန်ပြီးတယ်လို့ သိရှိသသူ ဤစုံမြိုင်ရွှေကြုတ်က ဖွင့်ထုတ်ကာ ယူလှပေါ့ ဗျူလုံး မျက်မှန်ပဒေသာပုံ သေလာဂုဏ်ဝသုံပျံ့သို့ စုန်ဆန်တက်သက် ဝင်ထွက်တဲ့ခါက် တစ်ရာ့ရှစ် နဝင်းကုန်အောင် သတင်းစုံ ထောက်ကရော ပေါက်ရောက်သူ ထိုထိုမိုးရလိမ့် ငမောက်

www.dhammaransi.com



ကျောက် နဂိုရ်ပြည်က အထောက်ထောက် ချိုချိုမည်တဲ့ ဗဟိုရ်ရဲ့စည် အခေါင်သနင်း စမုတ်က တောင်သတင်း ထုတ်ပါတော့သတည်း။

ပုပ္ပါးမြို့ ဂေါပကအဖွဲ့ နာယကဆရာတော်ကြီးများ ဖြစ်ကြသော ဂိုဏ်းထောက် ဆရာတော် ဦးသောဘာ၊ မြောက်ကျောင်း ဆရာတော် ဦးယုဂန်၊ အုတ်ကျောင်း ဆရာတော် ဦးတိဿတို့က ပုပ္ပါးတောင်ကလပ်တွင် ဗုဒ္ဓကိစ္စများကို ပြုပြင်ဆောင်ရွက်ရန်အတွက် ပုပ္ပါးမြို့ သမားတော်ကြီး ဦးရွှေစိုး၏သား သမားတော်ကြီး ဦးသာတင် (အသက် ၃၁ နှစ်)အား ဂေါပကလူကြီးအဖြစ် ဆောင်ရွက်ရန် စေခိုင်းသဖြင့် သက္ကရာဇ် ၁၂၈၁ ခုနှစ် တပေါင်းလဆန်း ၁၅ ရက်နေ့မှစ၍ သမားတော်ကြီး ဦးသာတင်သည် တောင်ကလပ်တွင် နေထိုင်၍ ဗုဒ္ဓကိစ္စများကို ဆောင်ရွက်ခဲ့ပါသည်။

၁။ ၁၂၈၂ ခုနှစ်တွင် တောင်ကလပ်ထိပ်ပေါ်သို့ တက်နိုင်ရန် လမ်းကို စတင်ရှင်းလင်းခဲ့ပါသည်။

၂။ ၁၂၈၃ ခုနှစ်တွင် ကျိုက်ထီးရိုးဆရာလေး ဦးပန်းအေးသည် ဦးသာတင်၏ ခွင့်ပြုချက်အရ တောင်ကလပ်ထိပ်တွင် စေတီတည်ရန် ပန္နက်သဲစွဲ မှတ်ခဲ့ပါသည်။

၃။ ၁၂၈၅ ခုနှစ် နတ်တော်လဆန်း ၁၀ ရက်နေ့၊ မော်လမြိုင်မြို့ လူသူတော် ဦးကြွယ်သည် ဦးပြန့်၏ ယာလုပ်တဲတွင် နေထိုင်ပြီး ဦးသာတင်၏ ခွင့်ပြုချက်အရ တောင်ကလပ်ထိပ်ပေါ်ရှိ ကျိုက်ထီးရိုးနှင့်တူသော ကျောက်ခဲကြီး နှစ်လုံးကို ရှင်းလင်းပြီး ထုံးသုတ်ထားခဲ့သည်။

၄။ ၁၂၈၆ ခုနှစ် နတ်တော်လဆန်း ၈ ရက်၊ မောနေယျ ကိုယ်တော်

www.dhammaransi.com



သည် လူသူတော်ဦးကြွယ်၊ ဦးပြန့် အပေါင်းပါ ၉ ဦးနှင့် ဦးသာတင် တို့ပါ တိုင်ပင်ဆွေးနွေး၍ တောင်ကလပ် ထိပ်ပေါ်ရှိ ကျိုက်ထီးရိုး ကျောက်တုံးကြီး အနီးတွင် အမြင့် ၁၂ တောင်ရှိ တံခွန်တိုင်ကို စိုက်ထူခဲ့သည်။

၅။ ၁၂၁၈၇ ခုနှစ် တန်ခူးလဆန်း ၁၂ ရက်နေ့ညနေ ၃ နာရီအချိန် တွင် နမတော် နတ်နန်း မြောက်ဘက် ဈေးခေါင်းကြီး ဦးထွန်းမြတ်၏ ခြံထဲတွင် ကျိုက်ထီးရိုးဆရာလေး ဦးပန်းအေးသည် စေတီတစ်ဆူ တည်ထားကိုးကွယ်ခဲ့သည်။

၆။ ၁၂၈၇ ခုနှစ် တော်သလင်းလဆုတ် ၁၂ ရက် နံနက် ၉ နာရီ အချိန်တွင် ဦးသာတင်၏ အခါပေးချက်အရ ကျိုက်ထီးရိုးဆရာလေး လူသူတော်ဦးပန်းအေးသည် တောင်ကလပ်ထိပ်တွင် ဘုရားအုတ်မြေ ချသည်။ သီတင်းကျွတ်လဆန်း ၉ ရက်နေ့တွင် ဉာဏ်တော် ၉ မိုက် ရှိသော စေတီတော်ကိုလည်း တည်ထားကိုးကွယ်သည်။ တန်ဆောင် မုန်း လဆန်း ၁ ရက်နေ့တွင် အနေကဇာတင်ပွဲ ကျင်းပသည်။ တောင်ကလပ်ထိပ်ရှိ ယင်းစေတီ၏ ခြေတော်ရင်းတွင် တပို့တွဲလဆန်း ၄ ရက်နေ့ နံနက် ဆည်ပေါက် ညောင်ကန် နှစ်ရွာမှ သံဃာတော် ၂၄ ပါး ပင့်ဖိတ်လျက် ဆွမ်းခဲဖွယ် ဘောဇဉ် ဆက်ကပ်လှူဒါန်းသည်။ အတီးအမှုတ် တူရိယာများနှင့် ပရိသတ် စည်ကားစွာ တောင်ထိပ် ပေါ်သို့ ရှေးဦးစွာ ပွဲတော်ကျင်းပနိုင်ခဲ့ပါသည်။

၇။ ၁၂၈၈ ခု ဝါဆိုလဆန်း ၁၀ ရက်နေ့၊ တောင်ကလပ်၏ ခုလပ် အလယ်တွင် မယ်ဝဏ္ဏနတ်ရုပ် ထုလုပ်၍ နတ်နန်းနှင့်တကွ ဆရာတော် ဦးကောသလ္လမှ တည်ဆောက်ပေးပြီး ရှေးဦးစွာ တည်ထား ကိုးကွယ်

www.dhammaransi.com



ခဲ့ကြသည်။

၈။ ၁၂၈၈ ခု ဒုတိယဝါဆိုလဆုတ် ၄ ရက်၊ နရတီတောင်စွယ် လှူသူတော် ဦးကြွယ် ထုံးသုတ်ထားသော ကျောက်တုံးကြီးပေါ်၌ "ကာလိနာဂ" ရသေ့ဘွဲ့ ခံယူပြီးနောက် ရဟန်းပြုသော ပခုက္ကူ ဦးသုဇာတ ကိုယ်တော်သည် စေတီတစ်ဆူ တည်ထားခဲ့သည်။

၉။ ၁၂၈၈ ခု ဝါခေါင်လဆန်း ၂ ရက်နေ့၊ မယ်ဝဏ္ဏကျောက်ဂူ ပေါ်တွင် ရန်ကုန်မြို့မှ ဒေါ်သိန်းမေ၏ ကိုယ်စား ဈေးခေါင်းကြီး ဦးထွန်းမြနှင့် ဂေါပကလူကြီး ဦးသာတင်တို့သည် ကရဝိက်ဖေါင်ခံ၍ ဖိနပ်တော် ၂တောင် ၇ လက်မ၊ အမြင့် ၈ တောင်ရှိ စေတီတစ်ဆူကို ယင်းလဆုတ် ၁ ရက်နေ့တွင် အပြီး တည်ထားခဲ့သည်။

၁၀။ ၁၂၈၈ ခု သီတင်းကျွတ်လဆုတ် ၂ ရက်၊ ကျိုက်ထီးရိုးနှင့် တူသော ကျောက်တုံးကြီးပေါ်၌ ပခုက္ကူဦးသုဇာတကိုယ်တော် တည် ထားခဲ့သော စေတီတွင် ဦးကောသလ္လမှ နောက်ထပ် ထီးတော်တင် လှူတော်မူသည်။

၁၁။ ၁၂၈၈ ခုနှစ် သီတင်းကျွတ်လဆုတ် ၁၃ ရက်၊ တောင် ကလပ်ထိပ်တွင် မြင်းခြံမြို့မှ ပွဲစားကြီး ဦးကြွက်သည် ပုပ္ပါးမြို့မှ ဈေးခေါင်းကြီး ဦးထွန်းမြနှင့် ဦးသာတင်တို့အား လွှဲအပ်၍ ဇရပ် တစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့သည်။ ယခုအခါ အဆိုပါ ဇရပ် တောင်ထိပ်၌ မရှိတော့ပါ။

၁၂။ ၁၂၈၈ ခု တန်ဆောင်မုန်းလဆန်း ၇ ရက်၊ လှူသူတော် ဦးပန်းအေးမှ တန်ဖိုးငွေ ၁၅၀ ကျပ်တန် ခေါင်းလောင်းတစ်လုံး ယင်း၏ကောင်းမှုဖြစ်သော ကိုးမိုက်စေတီ၏ ရှေ့တွင် လှူဒါန်းခဲ့သည်။

www.dhammaransi.com



၁၃။ ၁၂၈၈ ခု တပို့တွဲလဆုတ် ၁၂ ရက်တွင် တွံတေးမြို့မှ ရသေ့ဦးတိဿသည် တောင်ကလပ်ထိပ်တွင် ၃ တောင် ၃ မိုက် စေတီနှစ်ဆူနှင့် ၉ တောင်ပြည့် စေတီတစ်ဆူ တည်ထားကိုးကွယ်ခဲ့သည်။

၁၄။ ၁၂၈၉ ခု နယုန်လဆန်း ၁၃ ရက်နေ့၊ တောင်ခြေရင်း ယခု ရွှေဂူချောင်နေ ဦးကောသလ္လနှင့် လူသူတော် ဦးကြွယ်ဘ၀မှ ရဟန်း ဖြစ်လာသော ဦးကလျာဏတို့သည် တောင်ကလပ်တွင် မြေနေရာလု အငြင်းပွားကြ၍ အစိုးရက ဂရန်ယူကြရန် ဖြန်ဆို လျှောက်ထားသည်။

၁၅။ ၁၂၈၉ ခု တော်သလင်းလဆုတ် ၅ ရက်နေ့၊ တောင်ကလပ် ထိပ်တွင် ၁ ဂူထီးသုံးဆင့် စေတီတည်ရန် အုတ်ကျောက်သဲ စသည် တို့ကို ရပ်ရွာလူထုက လုပ်အားပေး ကုသိုလ်ယူ၍ တင်ပို့ကြသည်။ ယင်းစေတီသည် ရှေးအခါက ဝိဇ္ဇာ ဇော်ဂျီ တပသီများ ဆေးကြိတ် ခဲ့သော ပထမ ဆေးကျောက်ပြင်ကို ထာပနာ၍ တည်ထားကိုးကွယ် ခဲ့သည်။

၁၆။ ၁၂၈၉ ခု နတ်တော်လဆန်း ၇ ရက်၊ ဆရာတော် ဦးကော သလ္လသည် တောင်ကလပ် ထိပ်ပေါ်သို့ အလွယ်တကူ တက်နိုင် ဆင်းနိုင်ရန် မူလ တပ်ဆင်ထားသော သစ်သား လှေကားများကို ပယ်ဖျက်၍ အတက်အဆင်း သုံးနေရာတို့၌ သံလှေခါး သုံးစင်းကို ရဟန်းတော် ၃၆ ပါး၊ လူပရိသတ်များစွာနှင့် တပ်ဆင်ထားခဲ့သည်။ တောင်ကလပ်သို့ အနောက်ဘက်မှ တက်လာသော ကားလမ်းသည် ထိုအချိန်၌ ဖေါက်ပြီးဖြစ်သည်။

၁၇။ ၁၂၈၉ ခု တပေါင်းလဆန်း ၁၅ ရက်၊ ပုပ္ပါးမြို့အရှေ့ဘက်

www.dhammaransi.com



နှမတော်နတ်နန်း၏ တောင်ဘက် အောက် ဥမင်ဂူခေါ် (ဘိုးဘေးဂူ) ကို ပုပ္ပါးမြို့ သမားတော်ကြီး ဦးရွှေစိုသည် ကိုသာအောင်၊ ကိုယုံ၊ ကို စံရိတို့အား တစ်နေ့လျှင် နေ့စား ၂ ကျပ်စီပေး၍ ၅ ရက်တိုင်တိုင် ဂူကြီးကို သုတ်သင်ရှင်းစေခဲ့သည်။

၁၈။ ၁၂၈၉ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်၊ ဆရာတော် ဦးကောသလ္လသည် တောင်ကလပ်ထိပ်ပေါ်တွင် ရှစ်မျက်နှာ စေတီကို တည်ထားကိုးကွယ်ခဲ့သည်။ ယင်းနှစ် ပြာသိုလဆန်း (၅) ရက်မှ ဇာတ်ပွဲများခံ၍ လဆန်း (၁၀) ရက်နေ့ (၁၀) နာရီအချိန်တွင် ထီးတော်ကို စက်မြင်းနှင့် တင်လှူပူဇော်သည်။

၁၉။ ၁၂၉၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၄ ရက်နေ့မှစ၍ တောင်ကလပ်ထိပ်ပေါ်သို့ လျှပ်စစ်အင်ဂျင်မီး ပူဇော်ပသနိုင်ခဲ့သည်။ ယင်းနှစ် ဘပေါင်းလဆုတ် ၈ ရက်၊ ရန်ကုန်မြို့မှ ဆရာအေး အမှူးပြုသော နတ်ကတော် ၅ ယောက်တို့သည် အိမ်တွင်း နှမတော် နတ်နန်း၌ ပွဲ ၃၇ ပွဲပြင်၍ ဆိုင်းအငြိမ့်တို့ဖြင့် နတ်တင်ပွဲကို အစဦးစွာ ကျင်းပနိုင်ခဲ့သည်။

၂၀။ ၁၂၈၉ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်၊ ရေတာရှည်မြို့ ခယ်ဒက် တောရ ဆရာတော်ကြီး၏ ကိုယ်စား ရသေ့ကြီးတစ်ပါးနှင့် ဦးဉာဏ်၊ ဦးလှဖေတို့သည် သမားတော်ကြီး ဦးရွှေစိုနှင့် သား ဦးသာတင်တို့၏ အခါပေး၍ နေရာညွှန်ပြချက်အရ နှမတော်နတ်နန်း၏ အရှေ့ဘက်တွင် ဇောမိပင်နှင့် လင်းလွန်းပင်တို့ကို စိုက်ပျိုးခဲ့သည်။

၂၁။ ၁၂၈၉ ခု၊ နယုန်လဆုတ် ၃ ရက်နေ့၊ အစိုးရံက ဘုရားတည်ရန် မြေဂရန်ခံရမည်ဟု အမိန့်ပေးချက်အရ ယင်း လဆုတ် ၁၀ ရက်

နေ့တွင် ဦးကောသလ္လ၊ ဦးကလျာဏ၊ ပုပ္ပါးဂေါပကအဖွဲ့ အသီးသီးတို့သည် ဂရန်လျှောက်လွှာများ တင်ကြသည်။

၂၂။ ၁၂၈၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်နေ့၊ တောင်ကလပ်ထိပ်ပေါ်၌ ရွှေဖျင်းညီနောင် နတ်ရုပ်ထုလုပ်၍ တင်ထားရာ ပုပ္ပါးဂေါပကအဖွဲ့က ကားမြစ်ခဲ့သည်။

၂၃။ ၁၂၉၀ ပြည့်နှစ်၊ နယုန်လဆန်း ၅ ရက်နေ့၊ ထီးသုံးဆင့်စေတီကို အုတ်မြစ်ချ၍ ပုပ္ပါးဆရာတော်ကြီး ၃ ပါးနှင့် ဂေါပကလူကြီး ၅ ယောက်တို့ ကြီးကြပ်၍ မလှိုင်မြို့ ပန်းရန်ဆရာနှင့် လူပေါင်း ၁၀ ယောက်တို့ တည်ထားရာ ပြာသိုလဆန်း ၂ ရက်နေ့တွင် အပြီးသတ်သည်။

၂၄။ ၁၂၉၀ ခုနှစ်၊ ထီးသုံးဆင့်စေတီတွင် ဝန်ထောက်မင်း ဦးတိုးချစ်က ပထမဆုံး ထီးတော်တစ်လက် တင်လှူသည်။

၂၅။ ၁၂၉၂ ခုနှစ်၊ ဝါဆိုလဆန်း ၁၅ ရက်၊ ထီးသုံးဆင့်စေတီတွင် ရန်ကုန်မြို့၊ ကိုးထပ်ကြီးဘုရားတကာ သူဌေးဦးကျော်က ဒုတိယထီးတော်ကို လှူဒါန်းရာ ပုပ္ပါးမြို့သူကြီး ဦးဖေတင့်၊ ဦးလှအောင်၊ ဦးဝေလု ကြံဆောင်၍ ထီးတော်ကို တင်လှူခဲ့သည်။

၂၆။ ၁၂၉၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်နေ့၊ တောင်ကလပ်အခြေတွင် ဦးကောသလ္လနှင့် တပည့်တို့က မယ်တော်ကြီးနတ်ရုပ်ထုလုပ်၍ နတ်ကွန်းနတ်နန်းဆောက်လုပ်ပြီး တင်ထားကိုးကွယ်ကြသည်။

၂၇။ ၁၂၉၂ ခုနှစ်တွင် ဘိုးမင်းခေါင် (ခ) ဘိုးဘိုးကြီးသည် ပုပ္ပါးတောင်ကလပ်သို့ ကြွရောက်လာသည်။

www.dhammaransi.com



၂၈။ ၁၂၉၄ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၅ ရက်နေ့တွင် ဒါးပိန်မီးရထားဝန်ထောက် ဦးစံဖေက ထီးသုံးဆင့်စေတီတွင် တတိယထီးတော်ကို တင်လှူပြန်သည်။ [မှတ်ချက်– ထီးသုံးဆင့်စေတီ၏ဘွဲ့အမည်တော်သည် ဤအလို မူလဘွဲ့အမည် ဟုတ်ဟန်မတူ၍ တတိယထီးတော်ကို တင်လှူပြီးသည်မှ ထီးသုံးဆင့်အမည်ဘွဲ့တော်ချီလာဟန်တူသည်။]

၂၉။ ၁၂၉၃ ခုနှစ်၊ ရန်ကုန်မြို့၊ သူဌေးဦးကျော်က ထီးသုံးဆင့်စေတီ၏ မြောက်ဘက်နားတွင် စေတီငယ်တစ်ဆူ တည်ထားရာဂေါပကလူကြီး ဦးသာတင်က ကြပ်မတ်ဆောင်ရွက်ခဲ့သည်။

၃၀။ ၁၂၉၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၅ ရက်၊ သူဌေး ဦးကျော်၏ စေတီမြောက်ဘက်တွင် ယင်းတော်မြို့မှ ဝေလုထွန်းကဆင်တစ်ကောင်နှင့် စေတီတည်ထားသည်ကို ဦးသာတင်မှ အခါပေး၍ ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

၃၁။ ၁၂၉၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်နေ့၊ ထီးသုံးဆင့်စေတီ၏ တောင်ဘက်တွင် မြင်းခြံမြို့၊ အယူခံဝန်ထောက်မင်း ဦးခင်မောင်ကြီး၊ ကောင်စီလူကြီး ဦးဘစိန်၊ ဟေါပကလူကြီး ဦးသာတင်တို့က အာရုံခံ သွပ်မိုးအဆောက်အဦတစ်ခု ဆောက်လုပ်လှူဒါန်းသည်။

၃၂။ ၁၂၉၄ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်နေ့၊ ဆရာတော် ဦးကောလ္လသည် တောင်ကလပ်ခြေရင်း မြောက်ဘက်ဂရုန်မြေနှစ်ခုကြားကျောက်တုံးကြီးပေါ်တွင် လွမ်းမပြေစေတီ တည်ထားကိုးကွယ်ခဲ့သည်။

၃၃။ ၁၂၉၀ ခုနှစ်၊ ကဆုန်လအတွင်း အစိုးရထံ လျှောက်ထားခဲ့

www.dhammaransi.com



သော မြေဂရန်အမိန့်စာကို ပုပ္ပါးဂေါပကအဖွဲ့က လက်ခံရရှိသည်။

၃၄။ ၁၂၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်နေ့၊ မန္တလေးတောင်မှ ရသေ့ကြီးဦးခန္တီသည် ပုပ္ပါးသို့ကြွလာ၍ စပါးပုံတောင်ထိပ် (ယခု မိုက်ခရိုဝေ့ဖ် တပ်ဆင်ထားသောနေရာ)၌ ထူပါရုံစေတီ တည်ထား ကိုးကွယ်ရာတွင် သမားတော်ကြီး ဦးရွှေစိုက အခါပေး၍ ဦးသာတင် စသော ရွာသူရွာသား ၂၁၄ ဦးတို့က လုပ်အားပေး ကူညီဆောင်ရွက် ကြသည်။

၃၅။ ၁၂၈၃ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၃ ရက်နေ့၊ ရေတာရှည် မြို့၊ မယ်ဒက်တောရဆရာတော်ကြီးသည် မင်းမဟာဂီရိ ဦးတင့်တယ် နတ်နန်း၏ အနောက်တောင်ဘက်တွင် ဆရာကြီး ဦးရွှေစို၏ **အခါ** ပေး ညွှန်ကြား နေရာသတ်မှတ်ချက်အရ စေတီငယ်အရံ **ကိုးဆူနှင့်** စေတီကြီးတစ်ဆူ တည်ထားကိုးကွယ်ခဲ့သည်။ ထို့ပြင် **ရေတာရှည်** မြို့သူကြီးသည် နှမတော်နတ်နန်းနှင့် ဇောခိပင်၊ လင်း**လွန်းပင်တို့** **အရှေ့ဘက်တွင်** စေတီငယ်တစ်ဆူ တည်ထားကိုး**ကွယ်ခဲ့သည်။**

၃၆။ ၁၂၈၄ ခုနှစ်၊ နှောင်းတန်ကူးလဆန်း ၆ ရက်၊ **သော**ကြာနေ့ တွင် ရသေ့ကြီး ဦးခန္တီသည် ဦးတင့်တယ်နတ်**နန်း၏ အ**ရှေ့ဘက်၌ ရွှေသာလျောင်းရုပ်ပွားတော်တစ်ဆူ၊ ယင်း**နှစ်တွင်ပင်** ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူပြီးသော ဘုရားလေးဆူတို့ကို **အာရုံပြု**၍ ပုပ္ပါးလှင်ရွာ အရှေ့ဘက်ရှိ ကြက်မောက်တောင်တွင် **စေတီတစ်**ဆူ၊ မင်းမရေကန်း တွင် စေတီတစ်ဆူ၊ တပ်တော်ကုန်းတွင် **စေတီ**တစ်ဆူ၊ သက်ကယ် ကျင်း ကန်အရပ်တွင် စေတီတစ်ဆူ၊ ပေါင်း စေတီလေးဆူ တည် ထား ကိုးကွယ်ခဲ့သည်။

www.dhammaransi.com



၃၇။ ၁၂၉၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၂ ရက်၊ ဦးကေတုသည် ရှေးသမိုင်းအရ တောင်ကလပ်မြောက်ဘက် မဟာသမိန္ဒြရ ရသေ့ကြီး၏ ကျောင်းတော်ရာအနီး ကျောက်တုံးကြီးပေါ်တွင် စေတီငယ်တစ်ဆူ တည်ထားခဲ့သည်။

၃၈။ ၁၂၉၀၊ ၉၁၊ ၉၂၊ ၉၃၊ ၉၄ ခုနှစ်အထိ ဆရာတော်ဦးကေတုသည် ယခု ကဿပလိုဏ်ဂူ တည်ရှိရာ သီလတောင်ကို မှန်စီတောင်ဟု သမုတ်ပြီးလျှင် ယင်းတောင်ပေါ်၌နေ၍ ပြည်လုံးမှန်ကူ မဟာထူပါရုံစေတီတစ်ဆူ၊ ရသေ့တောင်ပေါ်၌ စေတီတစ်ဆူ တည်ခဲ့လေသည်။ ('မှန်စီတောင် ရွှေရေးက ဆီးကြိုပလေး' ဟူသော သိုက်တဘောင် စကားအရ နေခဲ့လေသောဟူ၏။)

၃၉။ ၁၂၉၆ ခုနှစ်၊ တော်သလင်းလဆုတ် ၁၂ ရက်နေ့၊ တောင်ကလပ် မြောက်ဘက်၊ ယခု ကုမာရာ ရာမတိုက် တည်ရာ မြေပေါ်တွင် ပုပ္ပါးလက်သမားဆရာ ဦးသန်းနှင့် အပေါင်းပါ ၆ ဦးတို့အား ကျောင်းတစ်ဆောင် ဆောက်လုပ်စေ၍ "သုံးပါးထိပ်တင်" အမည်ကို ခံယူကာ ဆရာတော် ဦးကေတုသည် သီလတောင်မှ ရွှေ့ပြောင်း၍ ယင်းကျောင်း၌ နေထိုင်လေသည်။

၄၀။ ၁၃၂၂ ခုနှစ်၊ တောင်သလင်းလဆုတ် ၅ ရက်၊ နံနက် ၄ နာရီ ၁၅ မိနစ်အချိန်တွင် ကုမာရာ ရာမတိုက် ဆရာတော် ဦးဇော်နီ (ခ) ဦးကုမာရသည် ဦးသာတင်နှင့် တိုင်ပင်၍ သီလတောင်ပေါ်၌ ဉာဏ်တော် ၁၈ တောင်ရှိ ဗျာဒိတ်ပေး ရပ်ပွားတော် တစ်ဆူကို တည်ထားကိုးကွယ်ခဲ့သည်။

၄၁။ ၁၃၂၂ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ ပုပ္ပါး

www.dhammaransi.com



တောင်မကြီး မှန်ပြတောင်ထိပ်တွင် ဦးပေါက်ဆိန် (ခ) ဦးဝိဇ္ဇာဓရ သည် စေတီတစ်ဆူ တည်ခဲ့လေသည်။

၄၂။ ၁၃၂၁ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ တောင်မကြီး အလယ် မောင်တော်ငုတ်တုတ် တောင်ထိပ်တွင် ဆရာတော် ဦးပရမ ဝဏ္ဏသိဒ္ဓိသည် ဉာဏ်တော် ၉ တောင် ၂ မိုက်ရှိ စေတီတစ်ဆူ တည် ထား ကိုးကွယ်ခဲ့သည်။

၄၃။ ၁၃၂၁ ခု၊ တပို့တွဲလဆန်း ၁၀ ရက်၊ တနင်္ဂနွေနေ့နံနက် ၄ နာရီအချိန် ပုပ္ပါးတောင်မကြီး မှန်ပြတောင်ထိပ်တွင် နိုင်ငံတော် အစိုးရမှ အမြင့် ၇ ပေ၊ ၁၄ ပေစီ ပတ်လည်ကျယ်သော ကျောက် တိုင်ကြီး စိုက်ထူခဲ့သည်။

၄၄။ ၁၂၉၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၇) ရက်နေ့ ပုပ္ပါးမြို့ ၌ မိုးပလိပ်ကပ်ဆိုးကြီးကျရောက်နေသည်ကို လွတ်မြောက်ရန် ရွာသူ ရွာသားများမှတစ်ဆင့် တစ်အိမ်လျှင် သဲ ၉ ပြည်နှင့် ၉ တောင်ပြည့် ကပ်ကျော်စေတီ တည်ရမည်ဟု အုတ်ကျောင်းဆရာတော် ဦးရွှေအိုး (ခ) ဦးတိဿ၏ ဩဝါဒအရ ပုပ္ပါးမြို့ အရှေ့ဘက် ရေပွန်ကြီးအနီး တွင် စေတီတစ်ဆူ တည်ထားကိုးကွယ်သည်။ ယင်းစေတီ တည် ထား ကိုးကွယ်ပြီးသည်နှင့် တစ်ပြိုင်နက် မိုးပလိပ်ကပ်ဆိုးကြီးသည် ငြိမ်းအေးသွားလေသည်။

၄၅။ ၁၃၀၀ ပြည့်နှစ်တွင်၊ ဘိုးမင်းခေါင် (ခ) ဘိုးဘိုးကြီးသည် တောင်ကလပ်သို့ ရောက်၍ နေထိုင်သည်။ ၁၃၁၄ ခုနှစ်၊ တော်သလင်း လဆုတ် ၂ ရက်၊ ညနေ ၄ နာရီ ၁၅ မိနစ်အချိန်တွင် ဘိုးဘိုးကြီးသည် ကွယ်လွန်အနိစ္စရောက်လေသည်။ အချို့က အသေထွက် ပေါက်

www.dhammaransi.com



ပုဂ္ဂိုလ်ဟု ပြောဆိုယူဆကြသည်။

၄၆။ ပုပ္ပါးမြို့သည် အနော်ရထာမင်းသားဘဝက ပုဂံပြည် နောင်တော် စုက္ကတေးမင်းကို စစ်ခင်းရန် စစ်သည်ဗိုလ်ခြေစုဆောင်းလျက် ခံတပ်အဖြစ် တည်ထားစံနေတော်မူခဲ့သော နန်းတော်နေရာဖြစ်သည်။ ယခုအခါ အစိုးရမူလတန်းကျောင်း နေရာဖြစ်၍ အောင်မြေအရှေ့ဘက် နန်းဦးအရပ်တွင် အနော်ရထာမင်းသားသည် ပုဂံပြည်၌ မင်းအဖြစ်သို့ ရောက်သောအခါ ရှင်အရဟံ၏ ညွှန်ကြားချက်အရ နန်းဦးစေတီကို သက္ကရာဇ် ၄၀၀ ပြည့်နှစ်တွင် တည်ထားကိုးကွယ်ခဲ့သည်။ ယင်းစေတီကို "ပြည်အောင်စံစေတီ"ဟု ဘွဲ့မည်သညာ သမုတ်တော်မူခဲ့သည်။ ယင်းစေတီသည် ကာလကြာညောင်း၍ ယိုယွင်းပျက်စီးလာခဲ့ရာ ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံမှု ပြုခဲ့ကြသည်။ နောက်ဆုံး ၁၃၁၉ ခုနှစ်၊ ကဆုန်လဆုတ် ၁ ရက်၊ အင်္ဂါနေ့ နံနက် ၁၁ နာရီအချိန်တွင် သမားတော်ကြီး ဦးသာတင်က စိန္တာမဏိမန္တာန်တော်ကြီး ရွတ်ဖတ်၍ နိုင်ငံတော်သမ္မတကြီး ဦးဝင်းမောင်က အုတ်မြစ်ပန္နက်ချ၍ တိုင်းသူပြည်သားတို့၏ ကူညီထောက်ပံ့မှုဖြင့် မူလစေတီကို ငုံ၍ အသစ်တစ်ဖန် ပြုပြင်မွမ်းလေသည်။ စေတီတော်နှင့် ဝတ္တကမြေကို ထိန်းသိမ်းစောင့်ရှောက်ရန် တောင်ကလပ်တွင် သီတင်းသုံးနေထိုင်လျက်ရှိသော ကုမာရာ ရာမတိုက် ဆရာတော် ဦးကျော်နီ(ခ) ဦးကုမာရအား လွှဲအပ်လှူဒါန်းခဲ့သည်။ ယင်းမှတစ်ဆင့် ဆရာတော် ဦးတိက္ခဉာဏအား လွှဲအပ်ရာ ယင်းဆရာတော်သည် ယခုအချိန်အထိ ထိန်းသိမ်းစောင့်ရှောက် ပြုပြင်လျက်ရှိသည်။

၄၇။ ၁၃၁၉ ခု၊ ကဆုန်လဆုတ် ၁ ရက်၊ နေ့လယ် ၁ နာရီအချိန်

www.dhammaransi.com



တွင် ပြည်အောင်စံ စေတီတော်၏ အနောက်ဘက် ၁၀၈ တောင် ကွာဝေးသောအရပ်၌ ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်ကို နိုင်ငံတော်သမ္မတကြီး ဦးဝင်းမောင်လက်မှ ပုပ္ပါးမြို့သူကြီး ဦးဘိုးရှင်၏ မျက်မှောက်၌ သမားတော်ကြီး ဦးသာတင်က လှမ်းယူပြီး ဤဗောဓိပင် စည်ကားကြီးပွားသလို တိုင်းသူပြည်သား ရဟန်းရှင်လူများတို့လည်း စည်ကားကြီးပွား တိုးတက်ပါစေသားဟု အဓိဋ္ဌာန် သစ္စာပြု၍ စိုက်ပျိုးခဲ့သည်။ ။

ဤတွင် သမားတော်ကြီး ဦးသာတင်၏ မှတ်တမ်းမှတ်စုများ
ပြီးဆုံးခြင်းသို့ ရောက်ပြီ။

www.dhammaransi.com



လိုတိုင်းပြီး- တောင်းတိုင်းရ- တ,တိုင်းပြည့်စေနိုင်သော

## ကဏ္ဍာ ပူရဏ မင်္ဂလာ ပုတီးစိပ်

## ဂါထာတော်ကြီး

(က) ကဏ္ဍန္တော သာသပဂ္ဂတ္တော၊ စင်္ကမန္တေ ကတော စိတော။
စက္ကဝါဠမ္ပိ သကလံ၊ အတ္တဘာဝေန ဆာဒယိ။ ။
(ခ) ဧဝံ ကဏ္ဍေန သမ္ပန္နံ၊ လောကဇေဋ္ဌံ နမာမဟံ။
ဧတေန သစ္စဝဇ္ဇေန၊ ကဏ္ဍာပူရေတု မေ သဒါ။

ဘဂဝါ၊ ဘုန်းတော်ခြောက်ပါး သခင် ရှင်တော်မြတ်ဘုရားသည်။ ကဏ္ဍာန္တော၊ အလိုရှိသည်ရှိသော်။ ဝါ၊ အလိုရှိခဲ့ပါမူ၊ သာသပဂ္ဂတ္တော၊ မုန်ညင်းစေ့အတွင်း၌။ ဝါ၊ မုန်ညင်းစေ့ ထဲ၌ ကတော စိတော၊ ထိုမှဤမှ။ ဝါ၊ ဟိုဟိုဒီဒီ။ ဝါ၊ လူးလာခေါက်ပြန်။ စင်္ကမန္တော၊ စင်္ကြံကြွသွားတော်မူနိုင်၏။ သကလံ၊ အလုံးစုံသော။ စက္ကဝါဠမ္ပိ၊ စကြဝဠာကြီးကိုပင် သော်လည်း။ အတ္တဘာဝေန၊ အတ္တဘောဖြင့်။ ဝါ၊ အတ္တဘောတည်းဟူသော မိမိခန္ဓာကိုယ်ဖြင့်။ ဆာဒယိ၊ ဖုံးလွှမ်း၍ ထားတော်မူနိုင်၏။

ဧဝံ၊ ဤသို့။ ကဏ္ဍေန၊ အလိုနှင့်။ သမ္ပန္နံ၊ ပြည့်စုံသော။ လောကဇေဋ္ဌံ၊ တစ်လောကလုံးမှာ အသာဆုံးအမြင့်ဆုံး အမြတ်ဆုံး ဖြစ်တော်မူသောဘုရားရှင် ကိုယ်တော်မြတ်ကြီးကို။ အဟံ၊ တပည့်တော်သည်။ နမာမိ၊ ရိုသေမြတ်နိုး လက်စုံမိုး၍ လွှန်

www.dhammaransi.com



အားကိုးကာ ရှိခိုးပါ၏ အရှင်ဘုရား။ ဇေတေန သစ္စဝဇ္ဇေန၊ ဤသို့နှုတ်သံ ဖော်ထုတ်ပြန်၍ ဟုတ်မှန်သောစကားကို ဆိုရခြင်းကြောင့်။ သဒ္ဓါ၊ အခါခပ်သိမ်း။ မေ၊ တပည့်တော်၏။ ဣစ္ဆာ၊ အလိုဆန္ဒ ဟူသမျှသည်။ ပူရေတု၊ မုချမသွေ ပြီးပြည့်စုံပါစေသား အရှင်မြတ်ဘုရား။ ။

www.dhammaransi.com

# အရှင် ကဝိန္ဒ (ပုပ္ပား)

၏

## ရေးသား ထုတ်ဝေပြီးခဲ့သော စာအုပ်များ

၁။ အလောင်းတော် ကဿပ သမိုင်းသစ်နှင့်
ဆယ်ကြိမ်မြောက် မှတ်တမ်း

၂။ ပုပ္ပားတောင်တော် သမိုင်း

၃။ ဗုဒ္ဓ အလိုကျ နတ် ကိုးကွယ် ပူဇော် ပသမှုများ၊
ဗုဒ္ဓ ပယ်တော်မူသော နတ် ကိုးကွယ် ပူဇော်ပသမှုများ၊
တောင်ကြီးရှင် မင်းမဟာဂီရိ ဦးတင့်တယ်၏
အိမ်တွင်း ခုနစ်ဖော် မှတ်စု
(နတ် ကိုးကွယ် ပူဇော် ပသသူတိုင်း လက်ကိုင်ထားရမည့် စာအုပ်)